ကြေးမုံ
The Mirror
Established in 1957

၁၃၇၆ ခုနှစ်၊ ဝါခေါင်လကွယ်၊ တနင်္ဂနွေနေ့၊ (24-8-2014) (၇၉၄၂)

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ယူကရိန်းနိုင်ငံ လွတ်လပ်ရေးနေ့သဝဏ်လွှာများပေးပို့

**နေပြည်တော် ဩဂုတ် ၂၄**

၂၀၁၄ ခုနှစ် ဩဂုတ် ၂၄ ရက်တွင်ကျရောက်သော ယူကရိန်းနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ယူကရိန်းနိုင်ငံ သမ္မတ မစ္စတာ ပီထရို ပိုရိုရှန်ကို ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အလားတူ ၂၀၁၄ ခုနှစ် ဩဂုတ် ၂၄ ရက်တွင်ကျရောက်သော ယူကရိန်းနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ယူကရိန်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ အာဆေးနီး ရာစန်ယုခ် ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

# အထက်ပေါင်းလောင်းစီမံကိန်း ရေဝပ်ဧရိယာအတွင်းကျရောက်သည့် ကျေးရွာအိမ်ထောင်စုတိုင်း လျှပ်စစ်မီတာတပ်ဆင်ပေးနိုင်သည်အထိ ဆောင်ရွက်ပေးမည်

**ပင်လောင်း ဩဂုတ် ၂၃**

ရှမ်းပြည်နယ်(တောင်ပိုင်း)ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အထက်ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်း ရေဝပ်ဧရိယာအတွင်း ကျရောက်သည့် ကျေးရွာများအား ပြောင်းရွှေ့နေရာချထားပေးခဲ့ခြင်းနှင့်ပတ်သက်၍ ရှမ်းပြည်နယ် လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီး ဦးစိုင်းထွန်းရင်နှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမော်သာထွေးတို့သည် ဩဂုတ် ၂၃ ရက် နံနက်ပိုင်းက ပြည်တွင်းမီဒီယာများနှင့်တွေ့ဆုံကာ ရှင်းလင်းခဲ့သည်။

အထက်ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်း ရေဝပ်ဧရိယာ ကျေးရွာများ ရွှေ့ပြောင်းရေးကွပ်ကဲမှုရုံး၌ ပြုလုပ်သည့် အဆိုပါ မီဒီယာတွေ့ဆုံပွဲတွင် ရေဝပ်ဧရိယာအတွင်း ကျရောက်သည့် ကျေးရွာများ ပြောင်းရွှေ့ရာတွင် ကျေးရွာသစ်များ၌ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေး၊ လူမှုရေး၊

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❖



အထက်ပေါင်းလောင်းစီမံကိန်းရေဝပ်ဧရိယာအတွင်း ကျရောက်သည့်ကျေးရွာများ ရွှေ့ပြောင်းပြီးနောက် ကျေးရွာသစ်များကို တွေ့ရစဉ်။

# ဂန့်ဂေါမြို့နယ် ဟံသာဝတီ တိုက်နယ်ဆေးရုံတွင် ဓာတ်မှန်စက်တပ်ဆင်ပြီးစီး

**ကလေး ဩဂုတ် ၂၃**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ် ဟံသာဝတီတိုက်နယ်ဆေးရုံတွင် Medical Dianostic X- ray Unit ဓာတ်မှန်စက်ကို ဩဂုတ် ၂၀ ရက်တွင် တပ်ဆင်ပြီးစီးပြီဖြစ်ကြောင်း တိုက်နယ်ဆေးရုံကြီးကြပ်မှုကော်မတီဝင် ဦးကျော်ဝင်းက ပြောသည်။

ဟံသာဝတီတိုက်နယ်ဆေးရုံသည် ၂၀၁၂ ခုနှစ်တွင် နိုင်ငံတော်မှ (၁၆) ခုတင်ဆံ့ တိုက်နယ်ဆေးရုံအဖြစ် ချထားပေးခဲ့ပြီး ယခုအခါ ဟံသာဝတီကျေးရွာအပါအဝင် စန်းမြို့၊ လယ်ကြီး၊ ဝင်ဝကျေးရွာများ၊ ပတ်ဝန်းကျင်ကျေးရွာများနှင့် ကလေးမြို့နယ် ကြံသာကျေးရွာ၊ အင်းကျွန်းကျေးရွာ၊ ကျောက်ပြုပ်ကျေးရွာ၊ ရေရှင် ကျေးရွာ၊ မန္တာကျေးရွာနေပြည်သူများ အပါအဝင် ကျေးရွာပြည်သူ ၅၀၀၀၀ ကျော်အား ကျန်းမာရေးစောင့်ရှောက်မှုပေးနေပြီဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်မှ ဓာတ်မှန်စက်ကို ချထားပေးသည့်အတွက် ဓာတ်မှန်ရိုက်ရန်လိုအပ်သော လူနာများအနေဖြင့်

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❏

# လူသားအကျိုးပြု လင်းနို့မျိုးစိတ်သုတေသနပြု ကမ္ဘာပေါ်တွင် မျိုးစိတ်အများဆုံးရှိသည့်နိုင်ငံအဖြစ် ဂုဏ်ယူ

**မန္တလေး ဩဂုတ် ၂၃**

လင်းနို့သည် လူသားများအားအကျိုးပြုသော သတ္တဝါများဖြစ်ပြီး တောရွာများရှိ သီးနှံစိုက်ခင်းများမှ သီးနှံဖျက်ပိုးမွှားများကို စားသောက်ဖျက်ဆီးတတ်သည့်အပြင် လင်းနို့ချေးသည် မြေဆီလွှာအတွက် မြေဩဇာဓာတ်ရရှိရန် အသုံးချနိုင်သဖြင့် လူသားတို့၏ မိတ်ဆွေကောင်း ဖြစ်ခြင်းကြောင့် လင်းနို့များအား ထိန်းသိမ်းစောင့်ရှောက်လေ့လာသုတေသနပြုလျက်ရှိသည်။**(ယာပုံ)**

ဩဂုတ် ၁၆ ရက်မှ ၂၀ ရက်အထိ မန္တလေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပခဲ့သည့် မန္တလေးတက္ကသိုလ် သတ္တဗေဒဌာနနှင့် အရှေ့တောင်အာရှလင်းနို့သုတေသန ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ (SEABCRU)တို့ ပူးပေါင်းကျင်းပသည့် နိုင်ငံတကာလင်းနို့သုတေသန ထိန်းသိမ်းစောင့်ရှောက်ရေးအလုပ်ရုံဆွေးနွေးပွဲမှ ရရှိခဲ့သည့် အကျိုးကျေးဇူးများနှင့် မြန်မာနိုင်ငံတွင် သုတေသနပြုလေ့လာဆန်းစစ်စုဆောင်းမှုလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ခဲ့ရာ အဆိုပါပညာရှင်များနှင့် တွေ့ဆုံမေးမြန်းဖြစ်ခဲ့သည်။

**Dr. Tigga Kingston**

**(Associate Professor Texas Tech University)**

၂၀၀၇ ခုနှစ်ကတည်းက လင်းနို့သုတေသနလုပ်ငန်းတွေကို ဆောင်ရွက်ခဲ့ပါတယ်။ ရည်ရွယ်ချက်ကတော့ အရှေ့တောင်အာရှနိုင်ငံများရှိ လင်းနို့များကို တစုတဝေးတည်းဖြစ်အောင်

စာမျက်နှာ ၈ ကော်လံ ၅ သို့ ❍





**ကြေးမုံ စာတည်းရှုထောင့်** **၂၄-၈-၂၀၁၄၊ တနင်္ဂနွေနေ့**

# ကျေးလက်ဒေသဖွံ့ဖြိုးရေး

နိုင်ငံဖွံ့ဖြိုးတိုးတက်ရန်ဆိုပါက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးတို့သည် အရေးကြီးပါကြောင်း၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးသည် အဓိကကျသည့် အခန်းကဏ္ဍတွင် ပါဝင်သည့်အတွက် ပညာရေး၊ ကျန်းမာရေးကဏ္ဍများ သိသိသာသာ ပြောင်းလဲတိုးတက်လာအောင် ဆောင်ရွက်ကြရမှာဖြစ်ပါကြောင်းဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ပထမလေးလပတ်အစည်းအဝေးတွင် နိုင်ငံတော်သမ္မတက မိန့်ကြားသွားခဲ့ပါသည်။

မိမိတို့နိုင်ငံ၏ အသွင်ကူးပြောင်းရေးကာလတို တစ်ခုအတွင်းတွင် လုပ်ဆောင်နေရသည့် အဓိကတာဝန်ကြီးလေးရပ်ဖြစ်သည့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှု၊ စီးပွားရေးနှင့် လူမှုစီးပွားဘဝပြုပြင်ပြောင်းလဲမှု၊ အစိုးရ၏ အုပ်ချုပ်ရေး ယန္တရားတိုးတက်ကောင်းမွန်အောင် ပြုပြင်ပြောင်းလဲမှုနှင့် ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ပြုပြင်ပြောင်းလဲမှုများကို အချိန်တိုအတွင်း ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ စေတနာအားဖြင့် ဆောင်ရွက်နိုင်ခဲ့မှုများရှိခဲ့သလို တစ်ဖက်ကလည်း အခက်အခဲများ၊ စိန်ခေါ်မှုများကြုံတွေ့ရသည်မှာ အသွင်ကူးပြောင်းစ စပ်ကူးမပ်ကူးကာလများ၏ ဖြစ်ရိုးဖြစ်စဉ်များဟု ဆိုနိုင်သည်။

မည်သို့ပင်ဖြစ်စေ ကျန်ရှိနေသေးသည့် ကာလအတွင်း အရှိန်အဟုန်ကို မြှင့်တင်၍ အင်တိုက်အားတိုက်နှင့် တစိုက်မတ်မတ် အားသွန်ခွန်စိုက် လုပ်ဆောင်သွားကြရမည်ဖြစ်သည်။။

နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုကို လူဦးရေ ၇၀ ရာခိုင်နှုန်း နေထိုင်လျက်ရှိသော တောင်ပေါ်မြေပြန့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး နှင့် တိုင်းတာရမည်ဖြစ်သည်။ ကျေးလက်ဒေသနေပြည်သူများ ဖွံ့ဖြိုးတိုးတက်ကာ လူနေမှုအဆင့်မီလာပြီ၊ ကျေးလက်ဒေသဆင်းရဲနွမ်းပါးမှုကို လျှော့ချလာနိုင်မှု၊ ပညာရေး၊ ကျန်းမာရေးစသည့် လူမှုရေးနယ်ပယ်များ ကွာဟမှုကို မျှတအောင် ဆောင်ရွက်နိုင်ပြီဆိုပါလျှင် မိမိတို့နိုင်ငံ၏ ဖွံ့ဖြိုးမှုအရှိန်အဟုန် တစ်ဟုန်ထိုးတိုးတက်လာပြီဟု ဆိုရပါမည်။

ထို့ကြောင့် နိုင်ငံတော်က ကျေးလက်ဒေသလျှပ်စစ်မီးရရှိရေး၊ ရေကောင်းရေသန့်ရရှိရေး၊ ပညာရေး၊ ကျန်းမာရေး၊ အသေးစား ငွေချေးလုပ်ငန်းနှင့် သမဝါယမအစုအဖွဲ့လုပ်ငန်းများကို အားပေးမြှင့်တင်ပြီး လိုအပ်ချက်များကို စဉ်ဆက်မပြတ်ဖြည့်ဆည်းဆောင်ရွက်ပေးနေခြင်းဖြစ်သည်။

အခြားတစ်ဖက်မှာလည်း လမ်းပန်းဆက်သွယ်ရေးကို အလေးထားဆောင်ရွက်ပေးနေသည်။ မြစ်တွေ့လျှင် တံတားဆောက်၊ တောင်ကိုတွေ့လျှင် လမ်းဖောက်နှင့် တစ်နိုင်ငံလုံးတွင် ကားလမ်း၊ ရထားလမ်းများ လက်ယှက်ထိုးလျက် ဖြစ်တည်လာခဲ့သည်မှာ အားလုံးမျက်မြင်အသိပင်ဖြစ်ပါသည်။ လမ်းပန်းဆက်သွယ်ရေးသည် နိုင်ငံတစ်နိုင်ငံ၏ အသက်သွေးကြောဖြစ်သည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်မှု၏ အခြေခံအားတစ်ရပ်လည်းဖြစ်သည်။ မြို့ပြကျေးလက်ကွာဟမှုကို မျှတအောင်ပေးနိုင်စွမ်းသည့် ပေါင်းကူးတံတားများလည်းဖြစ်သည်။

တစ်ချိန်က သွားရေးလာရေးခက်ခဲလွန်းသော နေရာများ၊ ဥပမာ- ရေလမ်းခရီးကိုသာ အဓိကအားထားနေခဲ့ရသည့် ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်ဒေသများတွင် ရထားလမ်း၊ ကားလမ်း၊ တံတားအသစ်များနှင့် ဒေသဖွံ့ဖြိုးမှု အရှိန်အဟုန်ကို မြှင့်တင်ပေးနေပြီ။ ရခိုင်ပြည်နယ်ဆိုလျှင် ရေစီးသန်သော မြစ်ချောင်းများ၊ တောင်တန်းတောင်သွယ်များနှင့် ခက်ခက်ခဲခဲသွားလာခဲ့ရသော နေရာဌာနဖြစ်သည်။ ယခုအခါ ရန်ကုန်မှ တစ်ညအိပ်ခရီးနှင့် စစ်တွေသို့ ကားလမ်းခရီးပေါက်သွားပြီ။ ကစ္ဆပနဒီ၊ ရာမောင်၊ မင်းချောင်းတံတားများ မြင်ကွင်းမှာ ထင်းခနဲ နေ့ချင်းညချင်းပေါ်လာသည်။ တစ်ချိန်က ဒေသခံများအတွက် ရထားဆိုသည် ရုပ်ရှင်မှာသာမြင်ခဲ့ဖူးသည့်အရာ။ ယခု ကျောက်တော်-ပုဏ္ဏားကျွန်း ဥဒဟိုပြေးနေပြီ။ မကြာမီ အမ်းမှ တစ်ဆင့် ပြည်မသို့ တိုးလျှိုပေါက်ရောက်တော့မည်။

ကျေးလက်ဒေသဖွံ့ဖြိုးမှုတွင် လမ်းပန်းဆက်သွယ်ရေးက အဓိကကျသည်ဟုဆိုပါလျှင် မှားအံ့မထင်ပါ။ မြို့ပြနှင့် ကျေးလက်တစ်သားတည်းဖြစ်အောင် ဤလမ်းပန်းဆက်သွယ်ရေးက လမ်းခင်းပေးသွားသည်။ သို့ဆိုပါလျှင် ကျေးလက်နေပြည်သူများ အသိအမြင်ကျယ်ပြန့်လာပြီး စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးအသိများ မြို့ပြနှင့် တန်းတူဖြစ်လာနိုင်မည် အမှန်ဖြစ်ပါသည်။ ဤအရာများက ကျေးလက်ဒေသဖွံ့ဖြိုးရေးကို ကြီးမားစွာ အထောက်အကူဖြစ်စေပါလိမ့်မည်။ ကျေးလက်၏အသိပညာဖွံ့ဖြိုးလာမှုသည် ကျေးလက်၏ဘက်ပေါင်းစုံဖွံ့ဖြိုးမှုကို အရှိန်အဟုန်မြှင့်တင် ဆောင်ကြဉ်းပေးသွားပါလိမ့်မည်။ ။

## ယူကရိန်းနိုင်ငံလွတ်လပ်ရေးနေ့သဝဏ်လွှာပေးပို့

**နေပြည်တော် သြဂုတ် ၂၄**

၂၀၁၄ ခုနှစ် သြဂုတ် ၂၄ ရက်တွင် ကျရောက်သော ယူကရိန်းနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဝဏ္ဏမောင်လွင်ထံမှ ယူကရိန်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ပါဗလိုကလင်မ်ကင်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

## အထည်အလိပ်များထုတ်လုပ်ရေး ဆွေးနွေး

**နေပြည်တော် သြဂုတ် ၂၃**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်အား ထိုင်းနိုင်ငံ Bangkok Weaving Mills Limited မှ Director, Mr. Chalermphol Assakul ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ နံနက် ၇ နာရီတွင် ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံရာ ပြည်ထောင်စုဝန်ကြီးက စက်မှုဝန်ကြီးဌာနအောက်ရှိ အထည်လိပ်လုပ်ငန်းစက်ရုံ (၁၀)ခုကျော်အနက် တစ်ဝက်ကျော်ခန့်သည် ပုဂ္ဂလိကသို့ ငှားရမ်းထားပြီးဖြစ်ပါကြောင်း၊ အမှတ်(၃)အထည်စက်ရုံ (စစ်ကိုင်း)ကို ငှားရမ်းဆောင်ရွက်မည်ဆိုပါက ကုမ္ပဏီအနေဖြင့် စက်ရုံငှားရမ်းခအပြင် ဝန်ထမ်းများကိုပါ တာဝန်ယူပေးရန် ရှင်းလင်းပြောကြားပြီး Director, Mr. Chalermphol Assakul က မိမိတို့ကုမ္ပဏီမှ အထည်အလိပ်ထုတ်ကုန်များကို ပြည်ပသို့ တင်ပို့ရောင်းချလျက်ရှိသဖြင့် မြန်မာနိုင်ငံတွင်လာရောက်၍ ရင်းနှီးမြှုပ်နှံလိုကြောင်း ဆွေးနွေးပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ် ရွှေပန်းကုံးကျေးရွာ တိုက်နယ်ဆေးရုံပန္နက်တင်

**နေပြည်တော် သြဂုတ် ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ် ရွှေပန်းကုံးကျေးရွာ တိုက်နယ်ဆေးရုံ ပန္နက်တင်မင်္ဂလာနှင့် အခြေခံပညာအထက်တန်းကျောင်း ဖွင့်လှစ်ခြင်းအခမ်းအနားကို သြဂုတ် ၁၈ ရက် နံနက် ၈ နာရီတွင်ကျင်းပရာ ပြည်သူ့လွှတ်တော် အားကစား၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီဥက္ကဋ္ဌ သူရဦးအေးမြင့်နှင့် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးတို့က တိုက်နယ်ဆေးရုံကို ပန္နက်များတင်ပေးကြသည်။

ယင်းနောက် ရွှေပန်းကုံးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း ဖွင့်ပွဲအခမ်းအနားကိုကျင်းပရာ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်းနှင့်တာဝန်ရှိသူများက အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ကော်မတီဥက္ကဋ္ဌ သူရဦးအေးမြင့်က ကျောင်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ထို့နောက် တွေ့ဆုံပွဲ၌ ကော်မတီဥက္ကဋ္ဌ သူရဦးအေးမြင့်က အမှာစကားပြောကြားပြီး ဗလာစာအုပ်ဒါဇင် ၅၀၊ အားကစားပစ္စည်းများ၊ ပြက္ခဒိန်များကို ပေးအပ်လှူဒါန်းသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က နှုတ်ခွန်းဆက်စကားပြောကြား၍ ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



## လယ်ဝေးအထက(၂)၌ ကျောင်းကျန်းမာရေးသီတင်းပတ်ဆောင်ရွက်

**လယ်ဝေး သြဂုတ် ၂၃**

နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း၌ သြဂုတ် ၁၅ ရက် နံနက် ၁၀ နာရီက ကျောင်းကျန်းမာ ရေးသီတင်းပတ် လှုပ်ရှားမှုများဆောင်ရွက်ရာ နေပြည်တော်ကောင်စီဝင် နေပြည်တော် ပညာရေးတာဝန်ခံ ဦးဖုန်းဇော်ဟန်နှင့် နေပြည်တော်ပညာရေး ညွှန်ကြားရေးမှူးဦးစိုးဝင်း၊ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မာကြူမင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှရှောင်၊ မြို့နယ်ပညာရေးမှူး ဒေါ်သန်းသန်းနွဲ့၊ ကျောင်းအုပ်ဆရာကြီး ဦးအောင်လွင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှုများအဖြစ် အထက(၂) လယ်ဝေးမှ ကျောင်းသားကျောင်းသူလေးများ၏ ဆေးဖက်ဝင်ပရဆေးပင်များ အကြောင်း၊ သတိပြုကာကွယ် HIV, AIDS နှင့် STI အန္တရာယ်၊ ဆေးလိပ်နှင့် မူးယစ်ဆေးဝါးကင်းစင်ရေး၊ ယင်လုံအိမ်သာသုံးစွဲနည်းနှင့် လက်ဆေးနည်း မှန် ကျန်းမာရန်၊ အစာအုပ်စု သုံးစု၊ သွေးလွန်တုပ်ကွေးရောဂါနှိမ်နင်းရေး စသည့် ပြကွက်များနှင့် ကျောင်းသားကျောင်းသူများအား အာဟာရတိုက်ကျွေး ကြကြောင်း သိရသည်။

**မင်းမင်းလတ်(ရှုပဗေဒ)**










# လက်ပံတောင်းဒေသ သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ခြင်း အခမ်းအနားကျင်းပ

**နေပြည်တော် ဩဂုတ် ၂၃**

လက်ပံတောင်းတောင် ကြေးနီစီမံကိန်း စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အစီရင်ခံစာအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မည့်ကော်မတီ ဥက္ကဋ္ဌ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းသည် ယမန်နေ့မွန်းလွဲ ၁ နာရီတွင် လက်ပံတောင်းတောင်ကြားစေတီ သာသနာ့ဗိမာန်တော်၌ကျင်းပသည့် လက်ပံတောင်းတောင် ကြေးနီစီမံကိန်း ပတ်ဝန်းကျင်ကျေးရွာများမှ အသက်(၇၅)နှစ်နှင့်အထက် သက်ကြီးဘိုးဘွား ပူဇော်ကန်တော့ခြင်း အခမ်းအနားသို့ တက်ရောက်သည်။ **(ယာပုံ)**



အခမ်းအနားသို့ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်နှင့် မြန်မာ-ဝမ်ပေါင် ကုမ္ပဏီလီမိတက်တို့မှ တာဝန်ရှိသူများ၊ ဧည့်သည်တော်များနှင့် ကန်တော့ခံအဘိုးအဘွားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက သက်ကြီးရွယ်အိုများအား မြန်မာ့ယဉ်ကျေးမှု ထုံးတမ်းစဉ်လာများနှင့်အညီ ပူဇော်ထိုက်သူများကို ပူဇော်ကန်တော့ရခြင်း ဖြစ်ပါကြောင်း၊ ကော်မတီအနေဖြင့် လက်ပံတောင်းဒေသ စီမံကိန်းနယ်မြေဝန်းကျင်ဖွံ့ဖြိုးတိုးတက်ရေး၊ အေးချမ်းသာယာရေးနှင့် ဒေသနေ ပြည်သူပြည်သားများ လူနေမှုဘဝ အဆင့်အတန်းမြင့်မားရေးအတွက် ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ဗုဒ္ဓဘာသာဝင်များ၏ ဗုဒ္ဓရတနာ၊ ဓမ္မရတနာ၊ သံဃာ့ရတနာ တည်းဟူသည့် ရတနာ (၃)ပါးကို တစ်နေရာထဲတွင် ပူဇော်ကန်တော့နိုင်ရန် တောင်ကြားစေတီတော်အပါအဝင် သာသနိက အဆောက်အအုံများကို တည်ဆောက်လှူဒါန်းပေးခဲ့သည့်အတွက် အားလုံးသောပြည်သူပြည်သားများ တရားဘာဝနာပွားများအားထုတ်နိုင်ကြတော့မည် ဖြစ်ကြောင်း၊ ဒေသအတွင်းရှိ အပူဇော်ခံအဘိုးအဘွားများကို ကော်မတီအနေဖြင့် ကျန်းမာရေးအတွက် ဆေးဝါးများ၊ အသုံးအဆောင်ပစ္စည်းများနှင့် လိုအပ်သည်များ အသုံးပြုနိုင်ရန် ငွေကြေးများထောက်ပံ့ပေးခြင်းဖြင့် အဘိုးအဘွားများ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများဖြင့် တရားဘာဝနာများ ပွားများကုသိုလ်ယူနိုင်ရန် ဖြစ်ပါကြောင်း ပြောကြားပြီး အသက်အကြီးဆုံး အဘိုးအဘွားများကို လှူဖွယ်ပစ္စည်းများပေးအပ်လှူဒါန်းသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက အသက်(၇၅)နှစ်နှင့်အထက် အဘိုးအဘွားများကို လှူဖွယ်ပစ္စည်းများ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ပူဇော်ကန်တော့ခံ အဘိုးအဘွားများကိုယ်စား တောင်ပလူကျေးရွာမှ အဘိုး ဦးထွန်းရွှေက ဆုတောင်းမေတ္တာပို့သသည်။

ယနေ့အခမ်းအနားတွင် လက်ပံတောင်း၊ စံပယ်တောင်၊ ကြေးစင်တောင် ကြေးနီစီမံကိန်းပတ်ဝန်းကျင် ကျေးရွာ ၄၉ ရွာမှ အသက်(၇၅)နှစ်နှင့်အထက် သက်ကြီးဘိုးဘွား ၆၆၂ ဦး ပူဇော်ကန်တော့ခံခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

> **“သတ္တဝါအများ အိုချစ်သားတို့။ ကာ၊ စိတ်၊ ဥတု၊ အာဟာရတည်းဟူသော အကြောင်းတရားလေးပါးတို့ ပြုပြင်သမျှ၊ စီရင်သမျှခံနေကြရကုန်သော ရုပ်၊ နာမ် နှစ်ပါး သင်္ခါရတရားတို့သည် ဖြစ်လျှင် ပျက်သောသဘော ရှိကုန်၏။ မြဲမြံသော သတိဖြင့် သီလ၊ သမာဓိ၊ ပညာ တရားတို့ကို ပြည့်စုံတိုးပွားအောင် အားထုတ်ရစ်ကုန်လော့။”**
>
> (ဒီဃနိကာယ်မဟာဝဂ္ဂပါဠိ-၁၂၈)

# ကလေးတက္ကသိုလ်ခြေလျင်နှင့် တောင်တက်အသင်း ဖွဲ့စည်းနိုင်ရေး လူရွေးချယ်

**ကလေး ဩဂုတ် ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးတက္ကသိုလ်တွင် ချင်းပြည်နယ်မြောက်ပိုင်းနှင့် အထက်ချင်းတွင်းဒေသရှိ မြို့များမှ ကျောင်းသား ကျောင်းသူများ တက်ရောက်ပညာသင်ကြားနေသော တက္ကသိုလ်ဖြစ်ရာ တက္ကသိုလ်၏ခြေလျင်နှင့် တောင်တက်အသင်း စတင်ဖွဲ့စည်းနိုင်ရေးအတွက် တာဝန်ခံပါမောက္ခချုပ် ဒေါက်တာသန်းဝင်းက ဦးဆောင်ပြီး ဩဂုတ် ၂၃ ရက်တွင် တောင်ဖီလာတောင်သို့တက်ရောက်ပြီး လူရွေးချယ်ကာ စတင်ဖွဲ့စည်းလိုက်ကြောင်း သိရသည်။

ကလေးတက္ကသိုလ်တွင် ယခင်ကဖွဲ့စည်းခဲ့ခြင်းမရှိသော အသင်းမျိုးဖြစ်ပြီး ယခုကဲ့သို့ ဆောင်ရွက်ခြင်းဖြင့် ကလေးငယ်များအနေဖြင့် အသင်း အဖွဲ့များတွင် ရောက်ရှိနေခြင်းကြောင့် မူးယစ်ဆေးဝါးနှင့်အခြားသော စိတ်လေလွင့်မှုများ ဖြစ်ပေါ်စေနိုင်မည် မဟုတ်ကြောင်း ကလေးတက္ကသိုလ်ဆရာများ အစည်းအရုံး အမှုဆောင်ကော်မတီဝင်တစ်ဦးကပြောသည်။

“တက္ကသိုလ်တောင်တက်အသင်းမှာ ပါဝင်နိုင်ဖို့အတွက် မေဂျာပေါင်းစုံက ကျောင်းသားကျောင်းသူ ၁၂၀ ကျော် ပါဝင်တဲ့အဖွဲ့နဲ့ ကလေးမြို့ရဲ့အထင်ရှားဆုံး တောင်ဖီလာတောင်ကို တက်ကြမှာပါ၊ အသင်းမှာပါဝင်နိုင်ဖို့ဆိုရင် စိတ်ဝင်စားရမယ်၊ ခရီးရှည်လမ်းလျှောက်နိုင်ရမယ်၊ ဒါတွေစစ်ဆေးနိုင်ဖို့ ချက်ပွိုင့်လေးခုထားပြီး ဆောင်ရွက်ပါတယ်၊ ပထမချက်ပွိုင့်က တက္ကသိုလ်မှစတာပါ၊ နောက်ပြီး စက်မှုဇုန် ဓမ္မာရုံတောရကျောင်း၊ နောက်ပြီး တောင်ပေါ်ကချက် ပွိုင့်(၃)၊ တောင်ရဲ့အဆုံးတာဝါတိုင်က ချက်ပွိုင့် (၄)ဆိုပြီး လမ်းလျှောက်ရပါမယ်၊ ပြန်လည်ဆုံမှတ်အထိလျှောက်နိုင်တဲ့သူကို တောင်တက်အသင်းမှာ ရွေးသွားမှာပါ၊ နောက်ပြီး တောင်တက်အသင်းရဲ့ EC အဖွဲ့ကိုလည်း ရွေးချယ်ပေးသွားမှာပါ”ဟု ယင်းအသင်းဥက္ကဋ္ဌ ဘူမိဗေဒဌာနမှူး ဒေါက်တာအောင်ဝင်းဆွေက ပြောကြားသည်။

“ကလေးတက္ကသိုလ်ရဲ့ ခြေလျင်နဲ့ တောင်တက်အသင်းကို ဖွဲ့စည်းပြီးပြီဆိုရင် အလျဉ်းသင့်သလို ကလေးမြို့အနီးတစ်ဝိုက်က တောင်တွေပေါ် တက်ရောက်သွားမယ်”ဟု ယင်းအသင်းဒုတိယဥက္ကဋ္ဌ ရုက္ခဗေဒဌာနမှူး ဒေါက်တာသက်နိုင်ဦးက ပြောသည်။ ကလေးတက္ကသိုလ်တောင်တက်အဖွဲ့အနေဖြင့် တောင်ဖီလာတောင်တွင် သရဖီ၊ ပုန်းညက်၊ စိန်ပန်း၊ ကံ့ကော်၊ ရေတမာစသည့် အပင်ပေါင်း ၃၀ ကျော်ကိုလည်း အမှတ်တရအနေဖြင့် စိုက်ပျိုးခဲ့ကြသည်။



ကလေးတက္ကသိုလ်တွင် ကလေး၊ ကလေးဝ၊ တမူး၊ မင်းကင်း၊ မော်လိုက်၊ ဖောင်းပြင်၊ ဟုမ္မလင်းစသော အထက်ချင်းတွင်းဒေသရှိ မြို့များနှင့် ချင်းပြည်နယ်အတွင်းမှ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြပြီး ယခုနှစ်ကျောင်းသားကျောင်းသူ ၅၃၀၀ ကျော်ရှိကြောင်း ယင်းတက္ကသိုလ်စာရင်းများအရ သိရသည်။ **(လင်းလက်ကြယ်စင်)**








# အစိုးရ၏ ဘတ်ဂျက်အသုံးစရိတ် တိုးမြှင့်ရေး စက်သုံးဆီဈေးနှုန်းမြှင့်တင်ရန် ဝီဒိုဒို ဆွေးနွေးမည်


မြို့တော်ဂျကာတာ၌ ပီတီပါတာမီးနားကုမ္ပဏီ၏ စက်သုံးဆီအရောင်းဆိုင်တစ်ဆိုင်ကို တွေ့ရစဉ်။

**ဂျကာတာ ဩဂုတ် ၂၃**

အင်ဒိုနီးရှား သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူ ဂျိုကို ဝီဒိုဒို သည် ရာထူးမှ နုတ်ထွက်ပေးမည့် သမ္မတ ယူဒိုယိုနိုနှင့် လာမည့် ရက်သတ္တပတ်တွင် တွေ့ဆုံကာ စက်သုံးဆီဈေးနှုန်းများ မြှင့်တင်နိုင်မည့် သဘောတူညီချက်တစ်ရပ် ရရှိရန် ကြိုးပမ်းမည်ဖြစ်ကြောင်း၊ ဝီဒိုဒို၏ရည်မှန်းချက်မှာ စက်သုံးဆီကဏ္ဍအတွက် အစိုးရက ထောက်ပံ့ပေးနေရမှုကို လျှော့ချနိုင်ခြင်းဖြင့် ဘတ်ဂျက်ရန်ပုံငွေ ပိုမိုတိုးပွားလာကာ ဆင်းရဲနွမ်းပါးမှု တိုက်ဖျက်ရေး အစီအစဉ်အတွက် ငွေကြေး ပိုမိုသုံးစွဲနိုင်ရန်ဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဩဂုတ် ၂၃ ရက်တွင် သတင်းထုတ်ပြန်သည်။

ထိုစဉ်အတွင်း ဖွဲ့စည်းပုံအခြေခံ ဥပဒေတရားရုံးက လွန်ခဲ့သည့်လက ကျင်းပခဲ့သော သမ္မတ ရွေးကောက်ပွဲရလဒ်ကို အတည်ပြုပေးခဲ့ရာ ဝီဒိုဒိုသည် အရှေ့တောင်အာရှဒေသ၏ စီးပွားရေးအင်အားအကြီးဆုံး အင်ဒိုနီးရှားနိုင်ငံ၏ ခေါင်းဆောင်အဖြစ် တာဝန်ယူရန် လမ်းပွင့်သွားပြီဖြစ်သည်။

အသက် ၅၃ နှစ်ရှိ ဝီဒိုဒိုသည် အောက်တိုဘာ ၂၀ ရက်တွင် ငါးနှစ်သက်တမ်းရှိ သမ္မတရာထူးတွင် စတင်တာဝန်ထမ်းဆောင်ရန် မကြာမီ ဂျကာတာအုပ်ချုပ်ရေးမှူး ရာထူးမှ ဆင်းပေးတော့မည်ဟု မျှော်လင့်ရသည်။ **ရိုက်တာ။**

## ယူကရိန်းပိုင်နက်အတွင်း အမြောက်လက်နက်များ ရုရှား ရွှေ့ပြောင်း

**ဝါရှင်တန် ဩဂုတ် ၂၃**

မကြာသေးမီ ရက်များအတွင်း ယူကရိန်းပိုင်နက်နယ်မြေအတွင်းသို့ ရုရှားတပ်ဖွဲ့ဝင်များက အမြောက်လက်နက်များကို ရွှေ့ပြောင်းခဲ့ကြကြောင်း၊ ယူကရိန်းတပ်ဖွဲ့များကို ပစ်ခတ်ရာတွင် ယင်းအမြောက်လက်နက်များကို အသုံးပြုလျက်ရှိကြောင်း နေတိုးတာဝန်ရှိသူများက ဩဂုတ် ၂၃ ရက်တွင် ပြောကြားသည်။

ယူကရိန်းနိုင်ငံ အရှေ့ပိုင်းဒေသ၌ ခွဲထွက်ရေးဝါဒီ တပ်ဖွဲ့များကို ရုရှားနိုင်ငံက ထောက်ခံအားပေးနေသည်ဟု အနောက်နိုင်ငံများက စွပ်စွဲခဲ့ကြသည်။ ယူကရိန်းပဋိပက္ခ၌ ရုရှားစစ်ဘက်က တိုက်ရိုက်ပါဝင်ပတ်သက်မှုနှင့် ပတ်သက်၍ အထောက်အထားရရှိခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်သည်။

ထိုစဉ်အတွင်း လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေး ပစ္စည်းများ တင်ဆောင်ထားသော ရုရှားမော်တော်ယာဉ်တန်းသည် ယူကရိန်းအစိုးရ၏ခွင့်ပြုချက်မရဘဲ ယူကရိန်းနယ်မြေအတွင်းသို့ ဖြတ်ကျော်ဝင်ရောက်ခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။ **ပီတီအိုင်။**

# မြို့တော် မနီလာရှိ နိုင်ငံတကာလေဆိပ်၌ တတိယမြောက် လေယာဉ်ပြေးလမ်း ဖောက်လုပ်မည်

**မနီလာ ဩဂုတ် ၂၃**

ဖိလစ်ပိုင်နိုင်ငံ မြို့တော်မနီလာရှိ နိုင်ငံတကာလေဆိပ်၌ တတိယမြောက် လေယာဉ်ပြေးလမ်း တစ်လမ်းကို ဖောက်လုပ်ရန် သမ္မတ ဘီနစ်နိုအကွီနိုက ညွှန်ကြားလိုက်ကြောင်း အစိုးရတာဝန်ရှိသူတစ်ဦးက ဩဂုတ် ၂၃ ရက်တွင် ပြောကြားသည်။

မြို့တော်မနီလာရှိ နီနွိုင်းအကွီနို နိုင်ငံတကာလေဆိပ်၌ လေယာဉ်ပြေးလမ်းဖောက်လုပ်ခြင်းဖြင့် လေယာဉ်အဆင်းအတက် ပိုမိုပြုလုပ်နိုင်စေမည်ဖြစ်ကြောင်း၊ လေယာဉ်ပြေးလမ်းသစ် ဖောက်လုပ်ရေးစီမံကိန်းအတွက် ပီဆို ၂ ဒသမ ၄ ဘီလီယံ ကျခံသုံးစွဲရမည်ဖြစ်ကြောင်း သယ်ယူပို့ဆောင်ရေးဝန်ကြီးဂျိုးဆက်အီမီလီယိုအာဘာယာက ပြောကြားသည်။


မြို့တော်မနီလာရှိ နိုင်ငံတကာလေဆိပ်၏ လေယာဉ်ပြေးလမ်းတစ်နေရာကို တွေ့ရစဉ်။

နီနွိုင်းအကွီနိုနိုင်ငံတကာလေဆိပ်၌ စတုတ္ထမြောက် ခရီးသည်များ နားနေဆောင်တစ်ခုကိုလည်း တိုးချဲ့တည်ဆောက်သွားဖွယ်ရှိသည်ဆို၏။

မြို့တော်မနီလာရှိ နိုင်ငံတကာလေဆိပ်သည် နိုင်ငံတကာခရီးသွားလုပ်ငန်းတွင် အရေးပါသော ဂိတ်ပေါက်တစ်ခုအဖြစ် ရပ်တည်လျက်ရှိသည်။ မြို့တော်၏ အနောက်တောင်ဘက်ရှိ အမေရိကန်ရေတပ်စခန်းဟောင်းကို နိုင်ငံတကာလေဆိပ်သစ်အဖြစ် တိုးချဲ့ဖွင့်လှစ်ရန်လည်း အစိုးရက သုံးသပ်လျက်ရှိသည်။ လေဆိပ်သစ် တည်ဆောက်ခြင်းဖြင့် လေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းနှင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းတို့ကို မြှင့်တင်ပေးနိုင်မည်ဖြစ်သည်။ လေယာဉ်ပြေးလမ်းသစ် ဖောက်လုပ်ခြင်းဖြင့် လောလောဆယ်ကာလ၌ တစ်နာရီလျှင် လေယာဉ် ၄၂ စင်း အဆင်း၊ အတက် ပြုလုပ်နိုင်မှုကို ၄၈ စင်းအထိ မြှင့်တင်နိုင်မည်ဖြစ်ကြောင်း ဝန်ကြီး အာဘာယာက ပြောကြားသည်။ **ပီတီအိုင်။**

# စီးကရက် မှောင်ခိုဈေးကွက် ဗြိတိန်၌ ကြီးထွားနေ

**လန်ဒန် ဩဂုတ် ၂၃**

ဗြိတိန်နိုင်ငံတွင် ဆေးလိပ်သောက်သည့်ပမာဏအား လျှော့ချနိုင်ရန် ကြိုးစားနေသည်ကို မှောင်ခိုဈေးကွက်၌ ရောင်းဝယ်နေသော အရေအတွက် သန်းပေါင်းများစွာသော စီးကရက်များက အဟန့်အတားပြုလျက်ရှိကြောင်း တာဝန်ရှိသူများက သတိပေးသည်ဟု ယနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

ယင်းသို့ တရားမဝင်ရောင်းဝယ်ခြင်းများကြောင့် တရားဝင်စီးပွားရေးလုပ်ငန်းများကို ထိခိုက်စေကြောင်း၊ တစ်နှစ်လျှင် နိုင်ငံအတွက် အကောက်ခွန်ရငွေ ပေါင်သုံးဘီလီယံခန့်ဆုံးရှုံးစေကြောင်း ဒေသဆိုင်ရာအစိုးရအဖွဲ့ (အဲလ်ဂျီအေ)က ပြောသည်။

အချို့သော စီးကရက်များတွင် လူမစင်များ၊ ယင်ကောင်အသေများနှင့် ကျောက်ဂွမ်းများပါဝင်ကြောင်း အဲလ်ဂျီအေကထပ်မံပြောကြားသည်။

ထောင်သောင်းချီသော တရားမဝင်စီးကရက်များကို ဝိုးလ်ဗာဟန်တန်ဘရစ်(စ်)တိုးလ်နှင့် နော့တင်ဟန်တို့တွင် ဖမ်းဆီးရမိခဲ့သည်။ ဘာမင်ဂန်၌ အနံ့ခံခွေးများကိုအသုံးပြု၍ ရှာဖွေခဲ့သည်။

အာဏာပိုင်များသည် ဖုန်စုပ်စက်များအတွင်း၊ ကြမ်းပြင်အောက်နှင့် သန့်စင်ခန်း ရေတိုင်ကီများအတွင်း ဝှက်ထားသော စီးကရက်အတုများကို ရှာဖွေတွေ့ရှိခဲ့သည်။

ယင်းစီးကရက်များတွင် သာမန်စီးကရက်များထက် အာဆင်းနစ်၊ ကက်မီယံ၊ ခဲ၊ ကာဗွန်မိုနောက်ဆိုက်၊ နီကိုတင်းနှင့် ကတ္တရာစသော အဆိပ်ဓာတ်ရှိသည့် ပစ္စည်းများပါဝင်မှုနှုန်း ပိုမိုမြင့်မားသည်ဟုဆိုသည်။ **ဘီဘီစီ။**

# အီဘိုလာကြောင့် လိုင်ဘေးရီးယားမှ ဖိလစ်ပိုင်ငြိမ်းချမ်းရေးတပ်ဖွဲ့ဝင်များကို ပြန်ခေါ်

**ဖိလစ်ပိုင် ဩဂုတ် ၂၃**

လိုင်ဘေးရီးယားနိုင်ငံတွင် အီဘိုလာရောဂါဖြစ်ပွားမှု အခြေအနေ ပိုမိုဆိုးရွားလာသည့်အတွက် ဖိလစ်ပိုင်အစိုးရက ယင်းနိုင်ငံတွင် တာဝန်ထမ်းဆောင်နေသော ငြိမ်းချမ်းရေးတပ်ဖွဲ့ဝင် ၁၁၅ ဦးကို အမိနိုင်ငံသို့ ပြန်လာရန် စနေနေ့တွင် အမိန့်ထုတ်ပြန်ခဲ့သည်။

ဖိလစ်ပိုင်စစ်သည်နှင့် ရဲအရာရှိ ၈၀၀ မှ ၁၀၀၀ ခန့်သည် ကုလသမဂ္ဂအလံတော်အောက်မှနေ၍ ဟေတီ၊ ဆူဒန်၊ အရှေ့တီမော၊ အိုင်ဗရီကို့(စ်)နှင့် ကိုရီးယားကျွန်းဆွယ်တို့ ပါဝင်သည့် လုံခြုံရေးပြဿနာများနှင့် သဘာဝဘေးအန္တရာယ် ကျရောက်သော ဒေသများ၌ တာဝန်ထမ်းဆောင်လျက်ရှိသည်။

လိုင်ဘေးရီးယားတွင် အီဘိုလာဖြစ်ပွားနေရာ သမ္မတကြီးက စိုးရိမ်သဖြင့် တပ်ဖွဲ့ဝင် ၁၁၅ ဦးကို ဖြစ်နိုင်သမျှ အမြန်ဆုံး အိမ်ပြန်လာရန် အမိန့်ထုတ်ခဲ့ခြင်းဖြစ်ကြောင်း ကာကွယ်ရေးဌာန တာဝန်ရှိသူတစ်ဦးက ရိုက်တာသတင်းဌာနသို့ ပြောကြားခဲ့သည်။

လိုင်ဘေးရီးယားနိုင်ငံသို့ ဖိလစ်ပိုင်တပ်ဖွဲ့ဝင်များအား ၂၀၀၃ ခုနှစ်ကတည်းက စေလွှတ်ခဲ့ခြင်းဖြစ်သည်။ ယင်းသို့ တပ်ဖွဲ့များပြည်ပသို့ လှည့်လည်၍ တာဝန်ထမ်းဆောင်နေကြခြင်းကို လျှော့ချတော့မည်ဖြစ်ကြောင်း အမည်မဖော်လိုသူ ကာကွယ်ရေးဌာနမှ အရာရှိတစ်ဦးက ပြောကြားသည်။ **ရိုက်တာ။**


ဆပ်ကပ်အဖွဲ့က ထိန်းသိမ်းမွေးမြူထားသော ခြင်္သေ့ဖြူမကြီးကို သားပေါက်ပြီးနောက် တွေ့ရစဉ်။

# ဂျာမနီဆပ်ကပ်အဖွဲ့တွင် ခြင်္သေ့ဖြူ လေးကောင်မွေး

**ဘွန်း ဩဂုတ် ၂၃**

ဂျာမနီနိုင်ငံ အရှေ့ပိုင်းရှိ ဆပ်ကပ်အဖွဲ့တစ်ဖွဲ့တွင် အထီးသုံးကောင်၊ အမတစ်ကောင်ဖြစ်သည့် ခြင်္သေ့အဖြူလေးကောင် မွေးခဲ့ကြောင်း ဘီဘီစီ သတင်းဌာနက မကြာသေးမီက ပြောကြားခဲ့သည်။

မျိုးနစ်အခြေစိုက် ကရုဏ်း ဆပ်ကပ်၏ ကောက်ရိုးများပေါ်တွင် ယင်းခြင်္သေ့ဖြူ လေးကောင်မှာ ဆော့ကစားလျက်ရှိကြောင်း၊ ကျန်းမာသန်စွမ်း၍ ကောင်းကောင်းစားကြောင်း၊ ၎င်းဆပ်ကပ်အဖွဲ့မှာ မက်ဒီဘတ်သို့ လှည့်လည်ဖျော်ဖြေလျက်ရှိကြောင်း ပြောကြားသည်။

ယင်းတို့မှာ ခရုသင်းစွဲနေခြင်း မဟုတ်ဟု ဆိုသည်။ မိခင်မှာ အသက် ခုနစ်နှစ်ရှိ ပရင့်စက်နှင့် ဖခင်မှာကင်းတွန်ဂါ ၁၁ နှစ်တို့ ပေါင်းဖက်ရာမှ လွန်ခဲ့သည့် ဗုဒ္ဓဟူးနေ့ ညတွင် မွေးလာခြင်းဖြစ်သည်ဟု ပြောသည်။

အဆိုပါ ခြင်္သေ့ဖြူလေးကောင်ကို အသက် လေးနှစ်အထိ ဆပ်ကပ်ပွဲများတွင် ထုတ်ပြမည်မဟုတ်ကြောင်း၊ မိခင်ခြင်္သေ့မကြီးနှင့် တစ်နှစ်အတူနေထိုင်စေ၍ တစ်နှစ်ပြည့်လျှင် အခြားခြင်္သေ့များနှင့် ရောနှောနေစေပြီး လေ့ကျင့်ပေးမည်ဖြစ်ကြောင်း ဆပ်ကပ်ပြောရေးဆိုခွင့်ရှိသူ ဆူဆန်မက်ဇီနောက ဘီဘီစီသို့ ပြောကြားသည်။ **ဘီဘီစီ။**

# အမုန်းမပွားဖို့ နှလုံးသားကို အလှဆင်

ခင်မောင်ဌေး(ပညာရေး)

စာရေးသူ၏သို့မှတ်သားထားမိ၏။

- လွတ်လပ်စွာပြောဆိုခြင်းသည် ပွင့်လင်းမှုကိုဖြစ်စေပါသည်။
- ယဉ်ကျေးစွာပြောဆိုခြင်းသည် အပြန်အလှန်နားလည်မှုကို ဖြစ်စေပါသည်။
- တိကျခိုင်လုံစွာပြောဆိုခြင်းသည် အကျိုးတရားကို ဖြစ်ထွန်းစေပါသည်။
- ရဲရင့်စွာပြောဆိုခြင်းသည် ခွန်အားကိုဖြစ်စေပါသည်။
- ထို့ထက်တာဝန်ယူ၍ ပြောဆိုခြင်းသည် ဂုဏ်သိက္ခာတစ်ရပ် ဖြစ်ပါသည်။

စာရေးသူအနေဖြင့် နောက်ထပ်စာတစ်ကြောင်းထပ်၍ ဖြည့်စွက်လိုပါသည်။ ယင်းမှာ-

ပရမ်းပတာပြောဆိုခြင်းသည် အကျိုးမဲ့စေပါသည်ဟူ၍ပင်၊ **"နှုတ်တစ်ရာ စာတစ်လုံး"**ဟုဆိုသည့် **"နှုတ်ကြောင့်ကြေ၊ လက်ကြောင့် သေ"**ဟူ၍လည်းရှိသည်။ **"စကား စကားပြောပါများ စကားထဲက ဇာတိပြ"**ဟူ၍လည်း ဆိုကြ၏။ ဤတွင် နှုတ်ထွက်စကားနှင့် အရေးအသားစာစကားတို့၏ ထိရောက်လေးနက်မှုကိုသိနိုင်သည်။ စာအရေးအသားသည် စာဖတ်သူမှသာ ခံစားသိနိုင်၏။ စဉ်းစားချင့်ချိန်၍ ရေးသားနိုင်သဖြင့် အမှားနည်းနိုင်၏။ နှုတ်ထွက်စကားသည်ကား ကရားရေလွှတ် တတွတ်တွတ်ဆိုသကဲ့သို့ အလျင်စလိုထွက်ပေါ်လာနိုင်၍ အခါခပ်သိမ်းမချိုသာနိုင်။ ရံဖန်ရံခါပေါ့ပျက်ပျက်နိုင်၏။ တစ်ခါတလေ ရယ်သွမ်းသွေးဖွယ်ဖြစ်နိုင်၏။

သို့ဆိုလျှင် စာအရေးအသားထက် နှုတ်ထွက်စကားကို ပို၍ဆင်ခြင်ပြောဆိုနိုင်ရန် လိုအပ်လှပါသည်။ ထို့ကြောင့်လည်း **"နှုတ်ကြောင့်ကြေ၊ လက်ကြောင့်သေ"**ဟုဆိုခြင်းဖြစ်သည်။ နှုတ်ထွက်စကားကို ချင့်ချိန်မြော်ခေါ်၍ ပြောဆိုခြင်း၊ ချိုမြိန်ပျော့ပျောင်းစွာပြောဆိုခြင်းသည် လိုအပ်ချက်တစ်ရပ်ဖြစ်သကဲ့သို့ အရည်အသွေးတစ်ရပ်လည်းဖြစ်နိုင်ပါသည်။ ထို့ကြောင့်လည်း **"နှုတ်ကောင်းပြည်စိုး"**၊ **"နှုတ်ချို သျှိုတစ်ပါး"**ဟုဆိုကြခြင်းဖြစ်သည်။

ယနေ့ထုတ်ဝေနေသည့် နေ့စဉ်သတင်းစာနှင့် ဂျာနယ်အချို့တွင် "ယနေ့ပြောစကား" ဆိုသည့်ကဏ္ဍတစ်ရပ်ပါဝင်သည်ကို တွေ့ရသည်။ ထိုကဏ္ဍတွင် ထိုနေ့ထိုရက်အတွင်း ထင်ပေါ်ကျော်ကြားသူများ၊ အကြီးအကဲများ၏မှတ်သားထိုက်ဖွယ်ရာဆိုစကားများကိုတွေ့ရတတ်ပါသည်။ ယင်းစကားများသည် ယူတတ်လျှင် သင်ခန်းစာရနိုင်ပါသည်။ တွေးခေါ်မြော်မြင်တတ်လျှင် ပို၍ အသိတရားရနိုင်ပါသည်။ ထို့အတူ အဆီအငေါ်မတည့်သည်များလည်း တွေ့ရတတ်ပါသည်။

စင်စစ် နှုတ်ထွက်စကားတစ်ခွန်းသည် သာမန်အရပ်သူအရပ်သားက ပြောလျှင် လေထဲတွင် ပျောက်ကွယ်သွားနိုင်ပါသည်။ ရပ်ရွာလူကြီးကပြောလျှင် ရပ်ရွာထဲတွင် ကျန်ရစ်ခဲ့ပါသည်။ ကျောင်းဆရာ ဆရာမတစ်ဦးကပြောလျှင် ယင်းကျောင်းပရဝဏ်နှင့် ကျောင်းသား ကျောင်းသူများ၏ နှလုံးသားရင်ပြင်တွင် ထင်ကျန်ရစ်ခဲ့ပါသည်။ နိုင်ငံရေးသမားကပြောလျှင် နိုင်ငံရေးလောကတွင် ပြောစမှတ်ဖြစ်၏။ အကယ်၍ နိုင်ငံသိပုဂ္ဂိုလ်တစ်ဦးကပြောလျှင် တစ်နိုင်ငံလုံး ပဲ့တင်ထပ်သွားနိုင်ပါသည်။

**မိမိ၏နှုတ်ထွက်စကားသည် ပြည်သူလူထုအတွင်း ပျံ့နှံ့သွားနိုင်သည်ဆိုလျှင် ပို၍ပင် ချင့်ချိန်နှိုင်းဆတတ်ဖို့ လိုပါသည်။ စကားကို ချင့်ချိန်နှိုင်းဆ၍ ပြောတတ်သူတို့၏ စကားများသည် မှတ်သားဖွယ်ရာများအဖြစ် ယနေ့တိုင် ထင်ကျန်ရစ်ခဲ့**

လူသားတိုင်းသည် မိမိဂုဏ်သိက္ခာ၊ ပညာအဆင့်အတန်း၊ တွေးခေါ်မြော်မြင်တတ်မှုနှင့် လိုက်လျောညီထွေစွာပြုမူပြောဆိုနေထိုင်တတ်ဖို့ လိုပါသည်။ အထူးသဖြင့် မိမိ၏နှုတ်ထွက်စကားသည် ပြည်သူလူထုအတွင်း ပျံ့နှံ့သွားနိုင်သည်ဆိုလျှင် ပို၍ပင်ချင့်ချိန်နှိုင်းဆတတ်ဖို့လိုပါသည်။ စကားကို ချင့်ချိန်နှိုင်းဆ၍ ပြောတတ်သူတို့၏ စကားများသည် မှတ်သားဖွယ်ရာများအဖြစ် ယနေ့တိုင် ထင်ကျန်ရစ်ခဲ့သည်မှာ အထင်အရှားပင်ဖြစ်သည်။

လူတို့၏နှုတ်ထွက်စကားများကို ကြည့်ခြင်းဖြင့် ဤသူသည် စကားကို ချင့်ချိန်နှိုင်းဆ၍ပြောတတ်သည်။ ဤသူသည် ရိုးသားပွင့်လင်းစွာ ပြောတတ်သည်။ ဤသူသည် တိကျခိုင်မာစွာ ပြောတတ်သည်။ ဤသူသည် ရဲရင့်မှန်ကန်စွာထုတ်ဖော်ပြောဆိုတတ်သည်။ ဤသူကဖြင့် စကားကို အဆင်အခြင်မဲ့ နှုတ်သရမ်းစွာ ပြောဆိုတတ်သူဟူ၍ သုံးသပ်နိုင်ကြလေသည်။

သို့ဖြင့် စကားကိုအဆင်အခြင်မဲ့ပြောဆိုခြင်းသည် လူတို့၏ နားဝယ် ခေတ္တသာထင်ပေါ်၍ အယုံအကြည်ကင်းမဲ့စွာဖြင့် ရေပန်းစားနေတတ်၏။ အယုံအကြည်ကင်းမဲ့ပါများလျှင် ယင်း၏စကားများကို ဟာသသဖွယ်ရယ်ပွဲဖွဲ့၍ ပြောဆိုနေကြမည်သာဖြစ်၏။

ချင့်ချိန်နှိုင်းဆ၍ ကျိုးကြောင်းဆီလျော်စွာပြောဆိုသော စကားများသည် မှတ်သားဖွယ်ရာအဖြစ်ရေရှည်တည်တံ့နေပါလိမ့်မည်။ မိမိတို့၏ဘဝတွင် ရှေ့ဆောင်လမ်းပြသဖွယ် မှတ်သားနာယူလိုက်နာဆောင်ရွက်ဖွယ်ရာအဖြစ် တန်ဖိုးရှိနေပါလိမ့်မည်။

ထို့ကြောင့် နှုတ်ထွက်စကားနှင့်ပတ်သက်၍ လိုက်နာမှတ်သားဖွယ်ရာ အချို့ကို ဝေငှလိုပါသည်။

**စကားအင်္ဂါငါးတန်**

၁။ ကာလ-ပြောသင့်သောအခါမှ ပြောရာ၏။
၂။ သစ္စာ-အမှန်ကိုသာပြောဆိုရာ၏။ မမှန်မကန်လုပ်ကြံမပြောဆိုရ။
၃။ သဏှာ-နူးညံ့ချိုသာစွာ ပြောဆိုရာ၏။ ခက်ထန်ရင့်သီးစွာ မပြောဆိုရ။
၄။ အတ္တသံဟိတ-အကျိုးစီးပွားဖြစ်မည့် စကားကိုသာ ပြောဆိုရာ၏။ အကျိုးယုတ်မည့်စကားကို မပြောဆိုရ။
၅။ မေတ္တာစိတ္တ-မေတ္တာစိတ်ထား ပြောဆိုရာ၏။ ဒေါသ မောဟဖြင့် မပြောဆိုရ။

**ဤသို့ပြောဆိုပါ**

၁။ အလောတကြီးကိစ္စ-ဖြည်းဖြည်းပြောပါ။
၂။ အရေးတကြီးကိစ္စ-ရှင်းရှင်းလင်းလင်းပြောပါ။
၃။ အရေးမကြီးသည့်ကိစ္စ-ဟာသနှော၍ ပြောပါ။
၄။ မပိုင်နိုင်သောကိစ္စ-ဆင်ဆင်ခြင်ခြင်ပြောပါ။
၅။ ပျော်ရွှင်ဖွယ်ကိစ္စ-ကာလံဒေသံကိုလိုက်၍ ပြောပါ။
၆။ မပျော်ရွှင်ဖွယ်ကိစ္စ-ပြောသင့်သူမှ ပြောပါ။
၇။ ဝမ်းနည်းဖွယ်ကိစ္စ-လူတွေ့တိုင်းမပြောပါနှင့်။
၈။ သူတစ်ပါးကိစ္စ-သတိထားပြီးပြောပါ။
၉။ မဖြစ်ပျက်သေးသည့်ကိစ္စ-လက်လွတ်စပယ်မပြောပါနှင့်။
၁၀။ သူတစ်ပါးထိခိုက်မည့်ကိစ္စ-လုံးဝမပြောပါနှင့်။

စင်စစ်အမုန်းစကားကိုလည်း ဤခံတွင်းမှပင်ဖြစ်၏။ ချစ်ခင်နှစ်သက်ဖွယ်ကောင်းသော စကားကိုလည်း ဤခံတွင်းမှပင်ဖြစ်၏။ အမုန်းပွားစေသော အားဖြင့် ကောင်းကျိုးချမ်းသာမရနိုင်။ ယဉ်ကျေးသိမ်မွေ့သော နှလုံးသားဖြင့် လောကကို အလှဆင်နိုင်မှသာ သာယာချမ်းမြေ့ဖွယ်ကောင်းသော ဘဝအလှကို ခံစားနိုင်ကြပါလိမ့်မည်။ ။

## အာဟာရဖွံ့ဖြိုးရေး မိခင်နို့တိုက်ပေး

- ကလေးမှန်လျှင် ရောဂါကင်းဖို့
  ဝန်းကျင်သန့်ရှင်းစေရမယ်။
- မွေးစသူငယ် လူမမယ်(မည်)တို့ကို
  မိခင်နို့ချို တိုက်ရတယ်။
- သတ်မှတ်အရွယ် ကာကွယ်ဆေးကို
  မြို့ရွာမရွေး ထိုးရမယ်။
- အာဟာရကို မျှအောင်ကျွေးမှ
  ကလေးကာယ ဖွံ့ဖြိုးမယ်။
- စားသောက်ရာတွင် ဆင်ခြင်ကြကွယ့်
  မြင်မြင်သမျှ မစားသင့်တယ်။
- ကိုယ်လက်လှုပ်ရှား ဖော်အများနဲ့
  ပျော်ပျော်ပါးပါး ကစားရမယ်။
- မူးယစ်ဆေးဆို မသုံးမိနဲ့
  ရင်သွေးကိုပါ ထိတတ်တယ်။
  ရှောင်ကြမယ်. . .ရှောင်ကြမယ်။ ။

(အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်အတွက်)

မောင်ကျေးဇူး

## အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များလှုပ်ရှားမှုအထိမ်းအမှတ်ကျင်းပ

ဒိုက်ဦး ဩဂုတ် ၂၃

ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေးရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ လှုပ်ရှားမှုအထိမ်းအမှတ်အခမ်းအနားကို ဒိုက်ဦးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခန်းမ၌ ဩဂုတ် ၁၆ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

ရှေးဦးစွာ ဒိုက်ဦးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးငြိမ်းထွန်းကျော်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နီနီထွန်းက အခမ်းအနားကျင်းပရခြင်း၏ ရည်ရွယ်ချက်အား ဆွေးနွေးဟောပြောပြီး မြို့နယ်ဆရာဝန်ကြီး ဒေါက်တာစောမြထွန်းက ကိုယ်ဝန်ဆောင်မိခင်များ မိခင်နို့အောင်မြင်စွာတိုက်ကျွေးနိုင်ရေးနှင့်ပတ်သက်၍ ပညာပေးရှင်းလင်းဟောပြောခဲ့သည်။

ယင်းနောက် မိခင်နို့တိုက်ကျွေးမှုစံပြမိခင်ပြိုင်ပွဲကို ဆက်လက်ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်ဆရာဝန်ကြီး၊ အထောက်အကူပြုအဖွဲ့အတွင်းရေးမှူး ဦးတင်ထွဋ်မြင့်၊ မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ မြို့နယ်ပညာရေးမှူး ဒေါ်တင်နွဲ့ရီ၊ မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ အဖွဲ့ဝင် ဒေါ်သီတာသန်းတို့က ဆုရရှိသော စံပြမိခင်များအား ဆုချီးမြှင့်ပေးခဲ့ကြသည်။

ထို့နောက် ကိုယ်ဝန်ဆောင်မိခင်များအတွက် သံဓာတ်အားဆေးနှင့် ဗီတာမင်ဘီဝမ်းဆေးပြားများ ဝေငှခြင်း၊ ငါးနှစ်အောက်ကလေးငယ်များအား ဗီတာမင်အေဆေးလုံးနှင့် သန်ချဆေး တိုက်ကျွေးခြင်းများ ပြုလုပ်ကြကြောင်း သိရသည်။

**ကျော်ကျော်(IPRD)**

ဂျပန်နိုင်ငံသို့ ၂၀၁၅ ခုနှစ် ဧပြီတန်းပညာသင်သွားရောက်လိုသူများအတွက် အထူးအခွင့်အရေး

၂၀၁၄ ခုနှစ်၊ တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသားကျောင်းသူများမှစတင်၍ အသက် (၁၇)နှစ်မှ (၃၅)နှစ်အတွင်း ဂျပန်နိုင်ငံတွင် သွားရောက်ပညာသင်ကြားလိုသူများ အတွက် လျှောက်လွှာများကို စတင်လက်ခံနေပြီဖြစ်ကြောင်း ကြေငြာအပ်ပါသည်။ ပထမဆုံးလျှောက်လွှာတင်သူ (၁၁)ဦးအား ဂျပန်နိုင်ငံသို့မသွားမီ ဂျပန်ယန်းငွေ ကော်မရှင်မဲ့ အစီအစဉ်များ ထည့်သွင်းထားကြောင်း မင်္ဂလာသတင်းပါးအပ်ပါသည်။ ထပ်မံ၍ အထူးအစီအစဉ်အနေဖြင့် ဂျပန်နိုင်ငံသို့ သွားရောက်ပညာသင်မည့် ကျောင်းသား ကျောင်းသူ များအား မြန်မာနိုင်ငံရုံးချုပ်ရုံးမှ လိုက်ပါပို့ဆောင်၍ Tokyo Fukushi University ကျောင်းများတည်ရှိရာ Campus အသီးသီးသို့ အလည်အပတ်လေ့လာခွင့်၊ ဂျပန်မိရိုးဖလာအစားအစာများနှင့် တည်ခင်းဧည့်ခံခြင်းများကို အထူးဝန်ဆောင်မှုအနေဖြင့် ဆောင်ရွက်ပေးမည် ဖြစ်ကြောင်း ထပ်လောင်း၍ သတင်းကောင်းပါးအပ်ပါသည်။

ဖုန်းဆက်မြန်ရန် (နေ့စဉ် တနင်္လာနေ့မှ စနေနေ့ နံနက် ၉နာရီ မှ ညနေ ၅ နာရီအထိ)

Building No.A-3-2, Room No (102), Myanmar Gonyi Housing, Upper Pansodan Road, Mingalar Taung Nyunt Township, Yangon, Myanmar.

Tel : (95-1) 393370, 09-421147070 Email : tokyo.fukushi.myanmar@gmail.com

ပြည်တွင်းရေးရာ

# ဘုရင့်နောင်တံတားအမှတ်(၂)နှင့် အိမ်ရာစီမံကိန်းများအား စစ်ဆေး



**ရန်ကုန် ဩဂုတ် ၂၃**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်သည် ဩဂုတ် ၂၃ ရက် နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ ဘုရင့်နောင်တံတားအမှတ်(၂)တံတားတည်ဆောက်ရေးစီမံကိန်း၏ သံပေါင်တပ်ဆင်ခြင်းလုပ်ငန်းများနှင့် ကမ်းကပ်ခုံလုပ်ငန်းတို့ကိုကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဗိုလ်တထောင်မြို့နယ်ရှိ (၅၁)လမ်း အိမ်ရာပြန်လည်စည်ပင်ရေး စီမံကိန်းတည်ဆောက်ရေးလုပ်ငန်းနှင့် ဗဟန်းမြို့နယ် လင့်လမ်းရှိ ရွှေဂုဏ်အိမ်ရာ စီမံကိန်းတည်ဆောက်ရေးလုပ်ငန်းများသို့ သွားရောက် စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။**(ဓါတ်ပုံ)**

**(သတင်းစဉ်)**

# ပထမအကြိမ် ရခိုင်ပြည်နယ်လွှတ်တော်စည်းဝေး

**နေပြည်တော် ဩဂုတ် ၂၃**

ပထမအကြိမ် ရခိုင်ပြည်နယ်လွှတ်တော် ဒသမပုံမှန်အစည်းအဝေး အဌမနေ့ကို ဩဂုတ် ၂၂ ရက် နံနက် ၁၀ နာရီတွင် ပြည်နယ်လွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်နယ်လွှတ်တော် ဥက္ကဌ ဦးထိန်လင်းနှင့် လွှတ်တော်ကိုယ်စားလှယ်(၃၆)ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များက မေးခွန်းများမေးမြန်းဖြေကြားခြင်း၊ အစီရင်ခံစာများ တင်သွင်းဆွေးနွေးခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အမှုထမ်းများ စွမ်းဆောင်ရည်မြင့်မားရေးသင်တန်းဖွင့်

**ပဲခူး ဩဂုတ် ၂၃**

နိုင်ငံတော်ပြုပြင်ပြောင်းလဲမှု တတိယအဆင့်အရှိန်အဟုန်မြှင့်တင်မှု လုပ်ငန်းစဉ်များ အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ ပဲခူးတိုင်းဒေသကြီး သစ်တောဦးစီးဌာနတွင် တာဝန်ထမ်းဆောင်နေသော အမှုထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည် ပိုမိုမြင့်မားလာစေရေး၊ သစ်တောစီမံအုပ်ချုပ်ရေးလုပ်ငန်းစဉ်များ၊ လုပ်ထုံးလုပ်နည်းများနှင့် အတွေ့အကြုံဗဟုသုတများ အဆက်မပြတ်တိုးပွားလာစေရန် ရည်ရွယ်ဖွင့်လှစ်သော အမှုထမ်းများ စွမ်းဆောင်ရည်မြင့်မားရေးသင်တန်းကို ဩဂုတ် ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် ပဲခူးတိုင်းဒေသကြီး သစ်တောဦးစီးဌာန ပဲခူးမြို့တွင် ကျင်းပရာ တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးညွန့်အောင်က သင်တန်းပို့ချပြီး သင်တန်းသား သင်တန်းသူ ၂၇ ဦး တက်ရောက်ကြကြောင်း သိရသည်။ **(ဝ၅)**

# ပြည်လုံးကျွတ်သန်းခေါင်စာရင်းပြုစုခြင်းလုပ်ငန်း လာရောက်လေ့လာ

**နေပြည်တော် ဩဂုတ် ၂၃**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့(UNFPA) တို့ပူးပေါင်း၍ ၂၀၁၄ ခုနှစ်လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်း၏ မြေပြင်ကွင်းဆင်း စာရင်းကောက်ယူခြင်းလုပ်ငန်းအပြီး စာရင်းဇယားပြုစုခြင်းနှင့် သန်းခေါင်စာရင်းဆိုင်ရာ အချက်အလက်များ မထုတ်ပြန်မီ ဒေသတွင်း တိုင်းရင်းသားလူမျိုးစုများ၏ သဘောထား မှတ်ချက်များ၊ လိုလားချက်များကို သိရှိနိုင်ရေးအတွက် နိုင်ငံတကာပညာရှင်များ၊ ပြည်တွင်း/ပြည်ပလူဦးရေ ပညာရှင်များ၊ စိတ်ပါဝင်စားသူများစုစည်း၍ ပထမအဆင့်အနေဖြင့် ၂၀၁၄ ခုနှစ် ဇူလိုင်နှင့်ဩဂုတ်လတို့တွင် မန္တလေးတိုင်းဒေသကြီး၊ မွန်၊ ကယားနှင့် ကရင်ပြည်နယ်များအတွင်း လှည့်လည်ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ကယားနှင့်ကရင်ပြည်နယ်တို့မှ ဘာသာရေးအသင်းအဖွဲ့များ၊ လူမှုရေးအဖွဲ့အစည်းများနှင့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များသည် ဩဂုတ် ၂၂ ရက် နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိပြည်သူ့အင်အားဦးစီးဌာနသို့ လာရောက်ကြည့်ရှုလေ့လာကြရာ ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ကြိုင်နှင့် လုပ်ငန်းတာဝန်ခံများက မြန်မာနိုင်ငံတွင် ၂၀၁၄ ခုနှစ် မတ်လ ၃၀ရက်မှ ဧပြီလ ၁၀ရက်အထိ ၁၂ ရက်ကြာ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူခဲ့မှုနှင့် စာရင်းဇယားပြုစုထုတ်ပြန်နိုင်ရေး ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားကြသည်။



ထို့နောက် လေ့လာရေးကိုယ်စားလှယ်များသည် ရုံးခန်းအသီးသီး၌ ဆောင်ရွက်လျက်ရှိသော ကွင်းဆင်းကောက်ယူခဲ့သည့် သန်းခေါင်စာရင်းဆိုင်ရာစာရင်းဇယားများ ထိန်းသိမ်းထားရှိမှု၊ မှတ်တမ်းတင်သွင်းနေမှု၊ ရွှေ့ပြောင်းလူဦးရေစာရင်း ထုတ်ပြန်နိုင်ရေးလုပ်ငန်းအဆင့်ဆင့်တို့ကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။**(အပေါ်ပုံ)**

အဆိုပါ ကိုယ်စားလှယ်များသည် သက်ဆိုင်ရာဒေသအသီးသီးမှ ပြည်သူများသို့ သန်းခေါင်စာရင်း လုပ်ငန်းနှင့် ပတ်သက်၍ ထပ်ဆင့်ရှင်းလင်းအသိပေးသွားမည်ဖြစ်ကြောင်းနှင့် မန္တလေးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့မှ ကိုယ်စားလှယ်များသည်လည်း ဩဂုတ် ၁၃ ရက်က အလားတူ လာရောက် ကြည့်ရှုလေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

❐❐

# မြန်မာနိုင်ငံတွင် EASI Travel UnionPay Card စတင်ထုတ်ဝေ



**ရန်ကုန် ဩဂုတ် ၂၃**

မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်အဖြစ် EASI Travel UnionPay Card စတင်ထုတ်ဝေခြင်း သတင်းစာရှင်းလင်းပွဲ အခမ်းအနားကို ရန်ကုန်မြို့ လသာမြို့နယ်ရှိ သမဝါယမဘဏ် လီမိတက်ရုံးချုပ်၌ ဩဂုတ် ၂၂ ရက်က ကျင်းပခဲ့သည်။ အဆိုပါအခမ်းအနားတွင် သမဝါယမဘဏ်လီမိတက်နှင့် UnionPay International(UPI) တို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် မြန်မာနိုင်ငံတွင် ပထမဆုံး အကောင်အထည်ဖော်နိုင်ခဲ့ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

မြန်မာနိုင်ငံတွင် အဆိုပါကတ်ကို ယခင်က ထုတ်ဝေနိုင်ခဲ့ခြင်းမရှိဘဲ ယခုထုတ်ဝေလိုက်သောကတ်၏ ထိပ်ဆုံးနံပါတ်နှစ်လုံးသည် ၆၂×× ××× ×××× ×××× ဖြင့် စတင်ထုတ်ဝေထားသော ကတ်အမျိုးအစားဖြစ်ကြောင်း၊ ယူပီအိုင်သည် ကမ္ဘာတစ်ဝန်းလုံးနှင့် ဆက်သွယ်ချိတ်ဆက်ထားပြီးဖြစ်၍ မြန်မာနိုင်ငံမှ ထိုကတ်ကိုင်ဆောင်သူများသည် နိုင်ငံတကာရှိ အေတီအမ်စက်များတွင် ငွေသားထုတ်ယူနိုင်ပြီး ပီအိုအက်စ်များတွင်လည်း ယင်းကတ်ဖြင့်ပင် ဈေးဝယ်ခြင်းများ ပြုလုပ်နိုင်ကြောင်း၊ သမဝါယမဘဏ်သည် မြန်မာနိုင်ငံတွင် ဘဏ်ခွဲပေါင်း ၁၀၈ ဘဏ် ဖွင့်လှစ်ထားပြီး နိုင်ငံတကာသုံးကတ်များဖြင့် ငွေပေးချေခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ ပီအိုအက်စ်စက်များကို အများပြည်သူသုံး နေရာများ၊ နိုင်ငံခြားဧည့်သည် လာရောက်လေ့ရှိသည့် နေရာများတွင် တပ်ဆင်ထားပြီး အေတီအမ်စက်များဖြင့် ငွေသားထုတ်ယူခြင်း လုပ်ငန်းကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့အပြင် ယင်းကတ်ကို မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၃၀ ကျော်တွင် အသုံးပြုနေကာ အထူးသဖြင့် တရုတ်နိုင်ငံတွင် အပြည့်အဝသုံးစွဲနေပြီး ဥရောပနိုင်ငံများ၊ အရှေ့မြောက်အာရှနိုင်ငံများနှင့် အာဆီယံနိုင်ငံများတွင် တွင်ကျယ်စွာအသုံးပြုနေပြီး သမဝါယမဘဏ်အနေဖြင့် ဘဏ်ခွဲများအားလုံးတွင် စက်တင်ဘာ ၁ ရက်မှ စတင်အသုံးပြုနိုင်ပြီဖြစ်သည်။ မြန်မာနိုင်ငံတွင် ယင်းကတ်ကို အသုံးပြုနိုင်သဖြင့် ငွေပေးချေမည့် လုပ်ငန်းများ၊ စီးပွားရေးဝန်ဆောင်မှုလုပ်ငန်းများ ပိုမိုအဆင်ပြေ ချောမွေ့စေမည်ဖြစ်ကြောင်း သိရသည်။

**(ကြေးမုံ)**

❐❐

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၂၄-၈-၂၀၁၄ (တနင်္ဂနွေနေ့)

(၁၃၇၆ ခုနှစ်၊ ဝါခေါင်လကွယ်နေ့၊ ဥပုသ်နေ့)

| | |
|---|---|
| ၆း၀၀ | တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၆း၂၀ | မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်းတရားတော် |
| ၆း၄၅ | ဘုတလင်မြို့ကြောင်ပန်းတောရ "ကျေးဇူးရှင်ပထမဆရာတော်အရှင်ကုန္ဒက"၏ တစ်ဘဝသာသနာထေရုပ္ပတ္တိဖြစ်စဉ် (အပိုင်း-၁၃) |
| ၉း၃၀ | ဘဒ္ဒန္တကုသလ(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)ဒုတိယဥက္ကဋ္ဌဆရာတော်၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ မနော်ဟရီကျောင်း လှည်းဆိပ်စံပြကျေးရွာ ထန်းတပင်မြို့နယ်ထံမှ နဝင်္ဂဥပေါသထ သီလခံယူဆောက်တည်ခြင်း |
| ၁၂း၄၀ | ဖြူမည်းရုပ်ရှင် "နုနုငယ်ငယ်" (ကျော်ဟိန်း၊ ဝင်းညွန့်၊ စန္ဒာ၊ ကြည်ကြည်ဌေး) (ဒါရိုက်တာ-တင်အောင်မြင့်ဦး) |
| ၃း၄၀ | တေးသရုပ်ဖော်အစီအစဉ် |
| ၄း၁၅ | ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာ |
| ၄း၃၀ | အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ -စတုတ္ထနှစ် (ဥပဒေပညာအထူးပြု) (ဥပဒေပညာ) |
| ၄း၄၅ | "ကိုစိန်နဲ့ ကိုယ်ဝန်ဆောင်မိခင်" |
| ၅း၁၅ | ဆိုကြမယ်၊ ပျော်ကြမယ် |
| ၆း၄၀ | ပြည်သူ့နီတိ"အသိမဲ့လမ်း" (မိုးကောင်း၊ အောင်မိုး၊ စစ်နိုင်) (ဒါရိုက်တာ-မိုးဇော်ကို) |
| ၇း၀၀ | ပြည်တွင်းသတင်း |
| ၇း၂၀ | အနုပညာသတင်းအစီအစဉ် -တစ်မျက်နှာ၊ တစ်ကွက်စာ "ကံဇာတ်ဆရာရဲ့ မျက်လှည့်ပွဲ" (ဇာတ်သိမ်း)(ထွန်းကိုကို၊ မေ) [ဒါရိုက်တာ- မေတင် (MMG)] -"တစ်ပါးသီလ" (၂) (ဖိုးသောကြာ၊ မြင်စိုင်းသားအောင်အောင်၊ စောနိုင် (ရှမ်းပြည်)၊ တင်တင်လှ၊ ဟန်လေး) [ဒါရိုက်တာ-တင်မောင်အေး (တစ်ပါးသီလ)] |



# ရေနံချောင်းမြို့နယ် အင်တောကျေးရွာ ရေချိုရပြီ


အင်တောကျေးရွာနေပြည်သူများ ရေချိုများ နွားလှည်းဖြင့် ခပ်ယူနေစဉ်။

**ရေနံချောင်း ဩဂုတ် ၂၃**

အညာဒေသသည် နှစ်စဉ်မိုးနည်းခဲ့သည့်ရပ်ဝန်းဒေသဖြစ်ရာ သောက်သုံးရေပြတ်လပ်မှုမဖြစ်စေရန် မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ ကွင်းဆင်း၍ဆောင်ရွက်ပေးလျက်ရှိသလို ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား သိရှိနိုင်ရန် တင်ပြလိုက်ရပါသည်။ ရေနံချောင်းမြို့နယ် အင်တောကျေးရွာအုပ်စု အင်တောကျေးရွာသည် အိမ်ခြေ ၃၂၁ အိမ်၊ လူဦးရေ ၁၂၈၀ ရှိတိုက်နယ်ကျေးရွာကြီးတစ်ရွာဖြစ်သည်။ ကျေးရွာတွင် တိုက်နယ်ဆေးရုံတစ်ခု၊ အထက(ခွဲ)တစ်ကျောင်း၊ ရဲစခန်း တစ်ခု၊ ဘုန်းတော်ကြီး ကျောင်း ငါးကျောင်းရှိသည်။ သောက်သုံးရေအဖြစ် ဘိုးဘွားလက်ထက်ကတည်းက တည်ဆောက်ခဲ့သော မိုးရေလှောင်ကန်နှစ်ကန်ကိုသာ မှီခိုအားထားနေကြရသည်။ ယင်းကန်မှာ ရွာမှ တစ်မိုင်ခွဲ နှစ်မိုင်ခန့်အကွာတွင်တည်ရှိသဖြင့် ရေရရှိရေးဝေးလံစွာ သယ်ယူကြရသည်။ ၁၉၈၁ ခုနှစ်မှစ၍ ရေချိုရေကောင်းရရှိရန် စက်ရေတွင်း၊ တွင်းနက်များ ခေတ်အဆက်ဆက် တူးဖော်ခဲ့ရာ လေးကြိမ်တိုင်တိုင် တူးဖော်ခဲ့သော်လည်း မြေသဘာဝခက်ခဲမှုကြောင့် တွင်းတူးပိုက်ညပ်ပြီး ပိုက်များဆုံးရှုံးကာ အောင်မြင်ခဲ့ခြင်းမရှိခဲ့ပါ။ ရေတွင်းတူးသမားများ လောကတွင် ပိုက်များဆုံးရှုံးတတ်၍ ပိုက်သချိုင်းရွာဟု နာမည်ကျော်ကြားခဲ့သည်။

၂၀၁၁ ခုနှစ် မိုးရာသီတွင် အဓိကမှီခိုအားထားစရာ ယင်းကန်ကြီးမှာ မမျှော်လင့်ဘဲ ထူးပေါက်မှုကြီးကျယ်စွာဖြင့် အလျား ပေ ၃၅၀၊ အကျယ် ပေ ၃၀၊ အမြင့် ပေ ၂၀ ခန့်ရှိ တာပေါင်ကြီးမှာ မြေကြီးအောက် ကလိုင်ပေါက်တွင်းသို့ နစ်မြုပ်ပျောက်ကွယ်ခဲ့ရပြန်သည်။ ကျေးရွာအစီအစဉ်ဖြင့် နွားလှည်း၊ လုပ်အားဖြင့် နှစ်ကြိမ်တိုင်တိုင် ပြန်လည်မြေဖို့ခဲ့သော်လည်း မြေဖို့တိုင်းနစ်မြုပ်သွားသည်။ သို့ဖြစ်ပါ၍ ရေနံချောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ငွေကျပ် ၇ ဒသမ ၁၈ သန်း အကုန်အကျခံ၍ စည်ပင်သာယာရေးဦးစီးဌာန (ယခုကျေးလက် ဖွံ့ဖြိုးရေးဦးစီးဌာန)မှ စက်ယန္တရား အကူအညီဖြင့် ပြန်လည်ပြုပြင်ပေးခဲ့သည်ဟု မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးလှထွေးက ပြောသည်။

“ဒီကန်ကြီးရဲ့အလယ်မှာ ကျေးရွာက လက်တူးတွင်းတစ်ခု တူးလိုက်တော့ အဲဒီကနေ ထူးပေါက်သွားတာ၊ ကျွန်တော်တို့မြို့နယ်က မြေသဘာဝက မြေပြင်အောက်မှာ ထုံးဆန်တဲ့မြေနှင့်အတူ ထူးကလိုင်တွေရှိတယ်။ ဘတ်ဟိုးနဲ့ဒိုဇာအသုံးပြုပြီး သပ်ကျင်းကို အလွှာလိုက်တူးဖို့ မြေသားကိုလည်း အရင်ရွာက အုတ်ဖုတ်တဲ့နေရာက မြေနီကို အသစ်ထည့် ရတယ်။ ကန်ပေါင်ပေါ်က မန်ကျည်းပင်ကြီးတွေပါ စက်နဲ့တူးနုတ်ပစ်လိုက်ရတယ်”ဟု မြို့နယ်ကျေးလက်ဒေသဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးလှထွေး(ယခင်မြို့နယ်စည်ပင်တာဝန်ခံ အင်ဂျင်နီယာ)က ပြောပြသည်။

ယင်းမြေသားကန်တာပေါင်ကြီး ပြုပြင်ပြီးချိန်တွင် စက်ယန္တရားများ ရတုန်းရခိုက် ရွာအနီးတစ်မိုင်ခန့်အကွာတွင်ရှိသော လျှိုတစ်ခုအား လျှိုပိတ်ဆည်တစ်ခု တည်ဆောက်ခဲ့ပါသည်။ ကျေးရွာအလှူရှင်ပြည်သူများ၏ စက်သုံးဆီလှူဒါန်းမှုဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ကြီးကြပ်ကာ အလျားပေ ၁၀၀၊ အကျယ်ပေ ၆၀၊ အမြင့်ပေ ၄၀ ၊ တစ်ဖက်ပိတ် လျှိုဆည်တစ်ခုအား တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ကန်အမည်ကိုလည်း အောင်မင်္ဂလာကန်ဟု ခေါ်တွင်ခဲ့ကြသည်။ ယခုအခါ မိုးရွာသွန်းမှုလည်းမရှိ ပူပြင်းခြောက်သွေ့သော ရာသီတွင်ပင် ယင်းကန်၌ ရေများကျန်ရှိနေသေးသည်။

၂၀၁၂ ဧပြီလတွင် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်အရ စက်ရေတွင်းသစ်တစ်ခုအား ကျေးလက်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရန်ပုံငွေ စုစုပေါင်းကျပ်၄၄ ဒသမ ၃၉ သန်း အကုန်အကျခံ၍ စတင်တူးဖော်ပြန်ပါသည်။ စည်ပင်သာယာရေးဦးစီးဌာနရုံးချုပ်မှ ရေတွင်းတူးစက်ကြီးဖြင့် တာဝန်ခံအင်ဂျင်နီယာ ဦးလှထွေး၊ တွင်းတူးဆရာ ဦးအောင်မြင့် ဦးဆောင်၍ တူးဖော်ခဲ့ရာ အနက်ပေ ၉၄၀ ၌ ပိုက်ညပ်ခြင်း၊ တွင်းဝပေ ၃၀ ခန့်တွင်ပြိုခြင်းနှင့်အခြားသော အခက်အခဲများအား ကျော်လွှားကာ စက်ရေတွင်းအား အောင်မြင်စွာ တူးဖော်နိုင်ခဲ့သည်။ တွင်းအနက်ပေ ၁၀၂၀ ၌ ရေထွက်နှုန်းတစ်နာရီ ဂါလန် ၁၅၀၀ ထွက်ရှိခဲ့သည်။ တွင်းတူးကာလ ခြောက်လကြာမြင့်ခဲ့သည်။

“စက်ရေတွင်း တွင်းစမှုတ်တဲ့နေ့က ကျေးရွာသားတွေ ဝမ်းသာပြီး အော်ဟစ်ကခုန်တဲ့သူက ကငိုတဲ့လူကငိုနဲ့ လူတစ်ယောက်ဆိုရင် ကျွန်တော်တို့ တွင်းတူးအဖွဲ့ရှေ့ကို လူအုပ်ထဲက ထွက်လာပြီး ဝမ်းသာလွန်းလို့ ကျွမ်းထိုးနေလိုက်တာဆွဲလို့ ရုန်းလို့မရဘူးဗျာ”ဟု ဦးလှထွေးက အတွေ့အကြုံကို ရှင်းပြသည်။

ကံမကောင်းချင်တော့ ထွက်ရှိသောရေမှာ ရေငန်ဖြစ်နေပြန်ရာ ကျွဲ၊ နွားတိရစ္ဆာန်သောက်သုံးရေနှင့် လူတို့အတွက်ချိုးရေသုံးရေအဖြစ်သာ သုံးစွဲနိုင်ခဲ့သည်။

ယခုအခါ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန၏ ရေရရှိရေးအထူးသီးသန့်ရန်ပုံငွေ ကျပ် ၂၂ ဒသမ ၄ သန်း အကုန်အကျခံ၍ ရွာမှ တစ်မိုင်ခန့်ကွာဝေးသော တစ်ဖက်ပိတ်လျှိုဆည် (အောင်မင်္ဂလာကန်)မှ ရေအားရေခေါ်မြောင်း၊ ရေစစ်ကန် စနစ်ဖြင့် လေးလက်မပီဗွီစီပိုက်လိုင်းသွယ်တန်းကာ ရေချိုရေကောင်းရရှိအောင် ဆောင်ရွက်ပေးလျက် ရှိကြောင်း သောက်သုံးရေ ခက်ခဲမှုမရှိတော့ကြောင်း သိရသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အထူးသီးသန့်ရန်ပုံငွေဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း အင်တောကျေးရွာတွင် ရေပိုက်လိုင်းများအပြင် ဂါလန် ၅၀၀၀ ဆံ့သော အုတ်ရေကန်များဖြင့် ဆောင်ရွက်နိုင်ခဲ့သည့်အပြင် အင်တော၊ ညောင်ပင်ခါး၊ စမ်းမြို့လယ် ကျေးရွာများတွင် အထူးသီးသန့်ရန်ပုံငွေ ၇၄ ဒသမ ၀၄ သန်းဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

**ဆန်းညွှန့်(ရေနံချောင်း)**





## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဧရာဝတီတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနတွင် ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ်အတွက် ရှာဖွေကယ်ဆယ်ရေးဝတ်စုံ(၁၀၉၆)စုံနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးမွမ်းမံသင်တန်း ဝတ်စုံ(၂၆၂၅)စုံအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါကြောင်း ကြော်ငြာအပ်ပါသည်။

၂။ တင်ဒါလျှောက်လွှာများရောင်းချမည့်ရက် - ၂၄-၈-၂၀၁၄ရက်

၃။ တင်ဒါပိတ်မည့်ရက်၊ အချိန် - ၂၉-၈-၂၀၁၄ရက်၊ ညနေ၄း၃၀နာရီ

၄။ အသေးစိတ်အချက်အလက်များကို ဧရာဝတီတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန၊ ပုသိမ်မြို့၊ ဖုန်း ၀၄၂-၂၅၂၉၆၊ ၀၄၂-၂၁၂၆၇ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ ဟင်္သာတမြို့၊ ဟင်္သာတတက္ကသိုလ်တွင် အောက်ဖော်ပြပါတည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

လုပ်ငန်းအမည်

(၁) စာသင်ခန်းမ(၁+၂)နှင့်(၃)ထပ် စာသင်ဆောင်(၂)ဆောင်ကြားရှိ (၄၁၀'×၉'×၈")ထုလမ်းအား ကွန်ကရစ်လမ်းခင်းခြင်း။

(၂) 500KVA Transformer အသစ်တစ်လုံးတပ်ဆင်ခြင်း (Transformer ဖိုးမပါ) ဓာတ်တိုင်(9 meter GI မီးတိုင်)(၁၂)တိုင်ပြင်ပမီးကြိုး ဆက်သွယ်ခြင်းနှင့် လမ်းမီး Sodium Lamp-250W (၂၄)Set များ (၁၅၀၀')No-2 B.C Wire ဖြင့် HT လိုင်းဆွဲတပ်ဆင်ခြင်း အပါအဝင်

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၂၆-၈-၂၀၁၄ရက်တွင် စတင်၍ဟင်္သာတတက္ကသိုလ် အင်ဂျင်နီယာဌာနတွင် ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၉-၉-၂၀၁၄ရက် ၁၆း၃၀နာရီ နောက်ဆုံးထားပြီး တင်သွင်းရန် ဖြစ်ပါသည်။

၃။ တင်ဒါတင်သွင်းသူသည် လုပ်ငန်းအတွက် သတ်မှတ်ထားသော တင်ဒါအာမခံကြေး ပေးသွင်းပြီးမှ သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံဖြင့် တင်သွင်းရမည်။

၄။ အသေးစိတ်သိရှိလိုသောအချက်များကို ဟင်္သာတတက္ကသိုလ် ဖုန်း-၀၄၄-၂၁၂၀၉တွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါစိစစ်ရေးအဖွဲ့






# ဘဘဦးသုခ

## တင့်လွင်ဦး
## (စီးပွားရေးတက္ကသိုလ်)

"ဘဝသံသရာ"သီချင်းကတော့ ဘယ်ခေတ်ရောက်ရောက် ပျောက်ကွယ်သွားမည် မထင်၊ ဘဝတွေရှိသရွေ့ ထိုသီချင်းလည်း ရှိနေပေလိမ့်မည်။ ထိုသီချင်းနှင့်အတူ လောကီ၊ လောကုတ္တရာ နှစ်ဖြာအကျိုးရှိသည့် "သုခီအတ္တာနံ ပရိဟရန္တု"ဟူသော ဘာသာရေးဆောင်ပုဒ်ကို မြင်လေတိုင်း ဘဘကို အထူးသတိရမိသည်။ ဆောင်ပုဒ်၏ အဓိပ္ပာယ်မှာ မိမိကိုယ်ကိုမိမိ စိတ်ချမ်းသာအောင် ဆောင်ရွက်နိုင်ကြပါစေဟူသတည်း။ မိမိကိုယ်ကို စိတ်ချမ်းသာအောင် တစ်ပါးသူ လုပ်ပေး၍ မရ၊ မိမိကိုယ်တိုင် လုပ်မှရမည်ဟူသော သဘောပင်။ ထိုဆောင်ပုဒ်နှင့်ညီအောင်လည်း ဘဘသည် ကိုယ်တိုင်ကျင့်ကြံ အားထုတ်ခဲ့သည်။ "တကယ်ဖြစ်ချင် တကယ်လုပ်၊ အဟုတ်ဖြစ်ရမည်"ဟူသော ဘဘ၏ လက်သုံးစကားနှင့်အညီ ဘဘသည် ရည်ရွယ်ရာ ပန်းတိုင်အရောက်လှမ်းနိုင်ခဲ့သူ၊ ဝတ္ထု၊ စာပေ၊ ပြဇာတ်၊ ရုပ်ရှင်လောကနှင့် မြန်မာ့ရုပ်မြင်သံကြားတို့တွင် ဘဘ၏ လက်ရာများ လျှမ်းလျှမ်းတောက် အောင်မြင်ကျော်ကြားခဲ့သည်များက သာဓက။ ဘဘသည် ထင်ပေါ်အောင် လုပ်ယူခြင်းမဟုတ်၊ အလုပ်လုပ်ခြင်းဖြင့် ထင်ပေါ်ကျော်ကြားလာသူဖြစ်ရာ အတုယူစရာ၊ အားကျစရာ ကောင်းလှသည်။ သို့သော် ဘဘသည် သံသရာထဲက ပုထုဇဉ်လူသားတစ်ဦးသာ ဖြစ်သည့်အတွက် "သုခ" ဆိုသည့် နာမည်တစ်လုံးရဖို့ "ဒုက္ခ"တွေနှင့်ရင်းခဲ့ရသည်။ "သုခ"ဆိုသော်လည်း အမြဲတမ်း ပညတ်သွားရာ ဓာတ်သက်မပါ။ ဒုက္ခကြုံခဲ့သည်များကား မရေတွက်နိုင်။ သို့သော် တရားသဘောနှင့် ဆင်ခြင်သတိရှိသူ ဖြစ်၍ လောကဓံကိုကြံ့ကြံ့ခံရင်း အောင်မြင်မှုအပေါင်း သရဖူဆောင်းခဲ့သူ။

ဘဘသည် ဟန်ဆောင်မှုကင်းပြီး ဝါကြွားလိုခြင်းမရှိ။ စိတ်ရင်းကောင်း၏။ လူကိုထိက ခံနိုင်ပြီး အနုပညာကို ထိပါးလာလျှင် ဆတ်ဆတ်ထိမခံ၊ မှန်ရာကို သွယ်ဝိုက်မနေဘဲ တဲ့ထိုးပြောတတ်သည့်အတွက် လူ့ကန့်လန့်၊ လူ့ခွစာဟု အထင်ခံရသည်။ ဘဘကျင်လည်နေသော အနုပညာရပ်များသည် သံသရာကို လည်စေနိုင်သည်။ လောကုတ္တရာအမြင်နှင့်ကြည့်လျှင် အပြစ်မကင်း၊ ထိုအချက်ကို ဘဘကောင်းစွာသိသည်။ သို့သော် ဝါသနာကို မစွန့်နိုင်၊ ငယ်စဉ်က အချစ်၊ အလွမ်းများ ရေးသားခဲ့သော်လည်း အသက်အရွယ်ရလာသည်နှင့် "ငရဲတစ်ပဲ၊ ကုသိုလ်တစ်ပိဿာ"ဟူသော ခံယူချက်ဖြင့် ဘာသာ၊ သာသနာနှင့် အများအကျိုးရှိမည့် ဇာတ်လမ်းများကို ဖန်တီးတင်ဆက်ခဲ့သည်။

**အလင်္ကာကျော်စွာ စာရေးဆရာ၊ အကယ်ဒမီများရှင် ဒါရိုက်တာ "ဦးသုခ"**

ဘဘကို ကျိုက်လတ်မြို့အပိုင် စာဖြူစုရွာသူကြီး ဦးစံခိုင်- ဒေါ်မျှင်တို့က ၁၄-၁-၁၉၁၀ ရက် သောကြာနေ့တွင် ကျိုက်လတ်မြို့၌ မွေးဖွားခဲ့သည်။ ငယ်ဘဝကို ဒုက္ခဖြင့် စခဲ့ရသူ။ ဖခင်က မုဆိုးဖို၊ မိခင်ဒေါ်မျှင်နှင့် အိမ်ထောင်ကျပြီး ဘဘကိုယ်ဝန်ကိုလွယ်ထားစဉ် ဖခင်က နောက်အိမ်ထောင်ပြုသည့်အတွက် မိခင်ဒေါ်မျှင်က လမ်းခွဲခဲ့ပြီး ဖခင်အနားမရှိဘဲ ဘဘကို မွေးခဲ့ရသည်။ အာဂမိခင်၊ ဖခင်မရှိသော်လည်း စိတ်အားမငယ်၊ သားကို လူ့အောက်မကျစေရ၊ စီးပွားကို ဖခင်ထက်သာအောင် ကြိုးစားရှာသည်။ ရှာသလောက်လည်း ကြီးပွားခဲ့သည်။ သားကို ပညာတတ်ကြီးဖြစ်အောင် ကျောင်းထားပေးသည်။ မိခင်ကြီးဆန္ဒက အင်္ဂလိပ် စာတတ်ပေတတ်၊ မြို့ပိုင်နယ်ပိုင်၊ ဘဘဆန္ဒက စာရေးဆရာ၊ သားအမိနှစ်ဦး၏ ဆန္ဒများကား တောင်နှင့်မြောက်၊ လားရာမတူ၊ မိခင်ကြီးက လက်လျှော့ရသည်။ ဘဘရှင်ပြုအပြီး မိခင်ကို အထင်ကြီးသောစိတ်ဖြင့် ဖခင်က ကမ်းလှမ်းလာသည့်အတွက် မိဘများပြန်ပေါင်းထုတ်ကြပြီး ရှစ်နှစ်ခန့်အကြာမှာ ညီမောင်အုန်းမောင်၊ညီမ မတင်လှ၊ ညီငယ်အတာတို့ မွေးဖွားခဲ့သည်။ ဘဘသည် ငယ်စဉ်က ကျိုက်လတ်မြို့ အမျိုးသား အလယ်တန်းကျောင်း၌ စတင်ပညာသင်ကြားခဲ့ပြီး ဖျာပုံမြို့ အထက်တန်းကျောင်းသို့ပြောင်း၍ ကိုးတန်းအထိ ပညာသင်ကြားခဲ့သည်။ မြန်မာစာကို ချစ်ပြီး ကျောင်းသားဘဝကတည်းက စာပေလေ့လာလိုက်စားခဲ့သည့်အတွက် စာရေးသန်သည်။ ၁၉၂၉ ခုနှစ်တွင် "စိန်သိန်းတန်" ကလောင်အမည်ဖြင့် "စံပယ်ပွင့်" ဝတ္ထုကိုရေးသားပြီး စာပေနယ်သို့ စတင်ခြေချသည်။ "သူရိယ" သတင်းစာတိုက်တွင် သတင်းထောက်အဖြစ် ဝင်ရောက်လုပ်ကိုင်ပြီး ၁၉၃၀ ခုနှစ်ခန့်တွင် "ရွှင်ပျော်ပျော်"စာအုပ်တိုက်မှ



ကျင်းပသည့် ဝတ္ထုတိုပြိုင်ပွဲကို "မိန်းမသား" ဝတ္ထုရေးသားယှဉ်ပြိုင်ရာ ပြိုင်ပွဲဝင်ဆုရခဲ့သည်။ ထိုမှ အားတက်ပြီး ဆက်၍ ဝတ္ထုစာပေများ ရေးသားခဲ့ရာ ဘဘရေးသမျှ "ရွှင်ပျော်ပျော်" စာအုပ်တိုက်မှ ဒိုင်ခံထုတ်ဝေခဲ့သည်။ ၁၉၃၄ ခုနှစ်တွင် "ရွှင်ပျော်ပျော်"တိုက်နှင့် လိုက်ဖက်ညီစေရန် "သုခ" ကလောင်အမည်ကို မြတ်နိုးစွာ ခံယူပြီး တစ်သက်လုံး ထိုအမည်ကိုပင် သုံးခဲ့သည်။ "ရွှင်ပျော်ပျော်" စာအုပ်တိုက်မှ "မိုက်မိတယ်" ဝတ္ထုရှည်ကြီး သုံးစွဲပြီးနောက် ဘဘသည် စာရေးဆရာဘဝ ဇောက်ချတော့မည်ဟု ဆုံးဖြတ်ကာ ဝတ္ထုများ ဆက်တိုက်အားသွန်ရေးသားခဲ့ရာ နာမည်တက်စရှိသေး ဘဘကလောင်ကို ငွေနှင့် ပေါက်ချုပ်ကိုင်လိုသည့်အဖြစ်များ ကြုံခဲ့ရသည့်အတွက် ဘဘခံပြင်းလှသည်။ အချုပ်အခြယ်မခံ၊ လွတ်လပ်စွာ ရေးသားသော်လည်း အရှိန်ကမရသေး။ ရသည့်စာမူခနှင့် ဘဝရပ်တည်ခဲ့သော်လည်း ဝမ်းမဝ၊ စာအုပ်ပုံတွေကြား ရေသောက်ဗိုက်မှောက်ခဲ့ရသည်က များ၏။ သောကဖြင့် နပန်းလုံးခဲ့ရသော "သုခ" ဘဝ၊ စိတ်ဓာတ်ပင် ကျချင်လာသည်။ သို့သော်ဘဘသည် လောကဓံကို ဆင်ခြင်သုံးသပ်၍ ဖြစ်ရမည်ဟူသော ခံယူချက်ပြင်းစွာဖြင့် တစ်ဖန်ပြန်လည် ကြိုးစားရေးသားခဲ့ရာ ရက်စက်တယ်၊ ဖုန်းနေ့ဆက်လွမ်း၊ မမေ့တဲ့နိုင်၊ လေဒီဂျစ်၊ သည်ဆောင်းဟေမာန်၊ ဂုဏ်ရည်မတူလို့လား ဝတ္ထုများ ဆက်တိုက်ရေးသားပြီး တစ်ရှိန်ထိုး နာမည်ကြီးလာတော့သည်။ ထို့နောက် ဒဂုန်မဂ္ဂဇင်းနှင့် ဆက်စပ်မိပြီး ပင်တိုင်ကလောင်ရှင်အဖြစ် လစဉ်ရေးသားခဲ့ရာ နာမည်တစ်လုံးရခဲ့သည်။ စာရေးဆရာဘဝ၊ ထိုမှတစ်ဆင့် ပြဇာတ်ဒါရိုက်တာ ဘဝများကို ဖြတ်သန်းပြီး မြန်မာအဆွေ ဒါရိုက်တာအေဝမ်း ဦးတင်မောင်နှင့် ဆက်စပ်မိပြီး ရုပ်ရှင်လောကသို့ ရောက်ရှိခဲ့သည်။ ကွယ်လွန်ချိန်အထိ ဘဘရေးသားခဲ့သော လုံးချင်းဝတ္ထု ၄၇ အုပ်၊ ဝတ္ထုတို ၁၅၂ ပုဒ်၊ ဆောင်းပါး ၁၉၇ ပုဒ်ရှိရာ အချို့ကို ကောက်နုတ်ဖော်ပြရသည်ရှိသော် သုခမှတ်စု အကျော်ဒေးယျဗုဒ္ဓသမီးတော်များ၊ ရာမာခရစ်ရှုနာပုံပြင်များ၊ သုခဝတ္ထုတိုများ၊ ဂုဏ်ရည်မတူလို့လား၊ ဇေယျတုသဗ္ဗမင်္ဂလံ၊ တေးဘုမ္မာအဖွင့်၊ သည်ဆောင်းဟေမာန်၊ တဏှာရူးမလေး၊ ဩော်မိန်းမ၊ ဩော်ယောကျ်ား၊ နီပွန်ဘာသာ ပထမသင်ခန်းစာများ၊ ပိုက်ဆံဝတ္ထု၊ မိန်းမသားဝတ္ထု။

ဘဘသည် ကျောင်းသားဘဝ၊ စာရေးဆရာပေါက်စဘဝကပင် မြန်မာစာကို ချစ်သည့်အတွက် မြန်မာစာကို အထူးလေ့လာလိုက်စားသည်။ ဘုရားဟောဗုဒ္ဓစာပေများကို နှစ်သက်မြတ်နိုးသည့်အတွက် ကျိုက်လတ်မြို့တွင်နေ့စဉ်ဘုရားကိုးဆူဆရာ၊ ကွက်စိတ်ဟောဆရာလုပ်နေရလျှင် ထမင်းမေ့ ဟင်းမေ့။ မိခင်က မကြိုက်၊ ဘဘ၏ ဝါသနာကို တားမရနိုင်မှန်းသိ၍ ဥပေက္ခာပြုထားသည်။ ထို့အပြင် အရပ်ပြဇာတ်များကလျှင် ရှေ့ဆုံးက သရုပ်ဆောင်ဒါရိုက်တာ၊ တကယ့်ဒါရိုက်တာကြီးဖြစ်လာခဲ့သည်က ဒုတိယကမ္ဘာစစ်အတွင်း ဂျပန်ခေတ် ၁၉၄၅ ခုနှစ်က ကန်တော်မိတ်ရုံတွင် တင်ဆက်ခဲ့သော "ဂုဏ်"ပြဇာတ်ကစသည်၊ ကိုယ်တိုင်လည်း ပြဇာတ်မင်းသမီး သူတောင်းစားမလေး "ဂုဏ်မေကျင်"၏အစ်ကို၊ တယောဆရာသူတောင်းစား ကိုသီလအဖြစ် ပါဝင်သရုပ်ဆောင်သည်။ ရန်ကုန်ရွှေတောင်တန်းထိပ် ကာဌေးရုံ၊ ပန်းဆိုးတန်း ဝင်းဝင်းရုံ၊ ဂျိုတီရုံ၊ မြိုင်ရုံ၊ ကန်တော်မိတ်ရုံ၊ ရေကျော် "ဇော်"ရုံတို့တွင် ပြဇာတ်ခေတ်တစ်ခေတ်ပေါ်ထွန်းခဲ့ရာထိုစဉ်ကဘဘကို ထင်ပေါ်ကျော်ကြားသောဝါရင့်ပြဇာတ်ဒါရိုက်တာကြီး တစ်ဦးအသွင် မြင်တွေ့ကြရမည်သာဖြစ်သည်။ ပြဇာတ်ရုံများနှင့် စာရေးဆရာအသင်း ရန်ပုံငွေပွဲများတွင် ဘဘတင်ဆက်ခဲ့သော ပြဇာတ်ပေါင်း ၁၉ ခုရှိရာ အချို့ကို ဖော်ပြရသော် ချစ်ကုမ္ပဏီ၊ သားတို့ရုပ်ရည်၊ မောင်ဖေငယ်၊ နှလုံးသွေးပျက်သော တေးတစ်ပုဒ်၊ တစ်သောင်းမကသော လက်များ၊ ဝိဇယ၊ ရွှေတိဂုံသမိုင်း။

(ဆက်လက်ဖော်ပြပါမည်)

**မွေးသက္ကရာဇ် အမှန်**

ကျောက်ဆည်မြို့၊ ပြည်လုံးနိုင်ရပ်နေ အဖ ဦးလှမောင် - အမိ ဒေါ်ထွေးကြည်တို့၏သား ကျွန်တော်ဦးမြင့်အောင်[၁၃/လရန(နိုင်)၀၀၈၄၄၄] ကိုင်ဆောင်သူ ၏ မွေးသက္ကရာဇ်အမှန်မှာ ၂၁-၈-၁၉၅၆ဖြစ်ပါကြောင်းကြေညာအပ်ပါသည်။

**သွေးသည်အသက်**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန**
**သစ်တောဦးစီးဌာန လျှောက်လွှာခေါ်ယူခြင်း**
**ကြော်ငြာစာအမှတ်-၁/၂၀၁၄**
**၁၃၇၆ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၁ ရက်**
**၂၀၁၄ခုနှစ်၊ ဩဂုတ်လ ၂၁ ရက်**

၁။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော ကျွမ်းကျင်သူ( အဆင့်-၄)လစာနှုန်း (ကျပ် ၉၉၀၀၀-၁၀၀၀-၁၀၄၀၀၀)တောအုပ်ကြီး(၂၇)နေရာအတွက် လျှောက်လွှာများတင်သွင်းနိုင်ပါသည်။

၂။ လျှောက်ထားသူသည်-
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) သိပ္ပံ(သစ်တော)ဘွဲ့ရရှိပြီးသူဖြစ်ရမည်။
(ဂ) ၃၁-၇-၂၀၁၄ရက်တွင် အသက်(၂၇)နှစ်၊ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက်(၃၀)နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။
(ဃ) အနည်းဆုံး လုပ်သက်တစ်ဆက်တည်း (၅)နှစ် တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။
(င) မဟာဘွဲ့ရပြီးသူများအတွက် အသက်(၃၅)နှစ်ထက်မကျော်လွန်သူ ဖြစ်ရမည်။
(စ) ကျန်းမာရေးကောင်းမွန်ပြီး ကိုယ်လက်အင်္ဂါ ပြည့်စုံသန်စွမ်းသူဖြစ်၍ ဒေသမရွေးတာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၃။ လျှောက်လွှာကို ကိုယ်ရေးမှတ်တမ်းအကျဉ်းနှင့်အတူ အောက်ပါအထောက်အထားများပူးတွဲလျက် သစ်တောဦးစီးဌာန၊ ရုံးအမှတ်(၃၉)၊ နေပြည်တော်သို့ ၁၉-၉-၂၀၁၄ ရက်အရောက် ပေးပို့လျှောက်ထားရမည်။
(က) ဘွဲ့လက်မှတ်မိတ္တူ (စာမေးပွဲဖြေဆိုသည့်အခါ ဘွဲ့လက်မှတ်မူရင်းတင်ပြရန်)
(ခ) အသက်အထောက်အထားအတွက် အခြေခံပညာအထက်တန်း စာမေးပွဲအောင်လက်မှတ်မိတ္တူမှန်(စစ်ဆေးသည့်အခါ အောင်လက်မှတ်မူရင်း တင်ပြနိုင်ရမည်)
(ဂ) လျှောက်လွှာပိတ်ရက်မတိုင်မီ (၆)လအတွင်း သက်ဆိုင်ရာရဲစခန်းမှ ထောက်ခံထားသည့် ပြစ်မှု/မှုခင်းကင်းရှင်းကြောင်းထောက်ခံချက်မူရင်း
(ဃ) လျှောက်လွှာပိတ်ရက်မတိုင်မီ (၆)လအတွင်း ရိုက်ကူးထားသော ရောင်စုံလိုင်စင် ဓာတ်ပုံ(၂)ပုံ (နောက်ကျောတွင် အမည်နှင့် နိုင်ငံသား စိစစ်ရေးကတ်ပြား အမှတ်ရေးသားဖော်ပြရန်)
(င) ပြင်ပမှ လျှောက်ထားသူများအတွက် အလုပ်သမားမှတ်ပုံတင်မိတ္တူမှန်
(စ) နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်မူရင်း

၄။ ရေးဖြေစာမေးပွဲကို နေပြည်တော်တွင် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလအတွင်း ကျင်းပပြုလုပ်မည်ဖြစ်ပြီး ကျင်းပမည့်နေ့ရက်နှင့်အချိန်၊ နေရာတို့ကို သတင်းစာများ၌ အချိန်မီ ကြိုတင်ကြေညာပါမည်။ တစ်ဦးချင်းထံသို့ အကြောင်းကြားမည် မဟုတ်ပါ။

၅။ ရေးဖြေစာမေးပွဲတွင် အောက်ပါဘာသာရပ်များ ဖြေဆိုရပါမည်-
(က) မြန်မာစာ
(ခ) အင်္ဂလိပ်စာ
(ဂ) အထွေထွေဗဟုသုတ

၆။ စည်းကမ်းနှင့် မကိုက်ညီသော (သို့မဟုတ်)မပြည့်စုံသော (သို့မဟုတ်) သတ်မှတ်ရက်ထက်ကျော်လွန်မှ ရောက်ရှိလာသော လျှောက်လွှာများကို လက်ခံစဉ်းစားမည် မဟုတ်ပါ။

၇။ ရေးဖြေစာမေးပွဲ လာရောက်ဖြေဆိုရာတွင်လည်းကောင်း၊ လူတွေ့စစ်ဆေးခံရန် လာရောက်သည့်အခါတွင်လည်းကောင်း မိမိစရိတ်ဖြင့် လာရောက်ကြရပါမည်။

၈။ ရေးဖြေစာမေးပွဲအောင်မြင်သူများကိုသာ လူတွေ့စစ်ဆေးခြင်း ပြုပါမည်။

၉။ အခြားစုံစမ်းမေးမြန်းလိုပါက သစ်တောဦးစီးဌာန၊ တယ်လီဖုန်းအမှတ်-၀၆၇-၄၀၅၁၀၈/၀၆၇-၄၀၅၀၁၇ သို့ ဆက်သွယ်မေးမြန်းနိုင်ပြီး လျှောက်လွှာပုံစံများကို သစ်တောဦးစီးဌာန၊ ဦးစီးရုံးချုပ်၊ စီမံခန့်ခွဲရေးဌာန၊ ရုံးအမှတ်(၃၉)၊ နေပြည်တော်တွင် ရရှိနိုင်ပါသည်။

သစ်တောဦးစီးဌာန



# မြိတ်တက္ကသိုလ် အမျိုးသားကာယဗလမောင်နှင့် အမျိုးသမီးကာယကြံ့ခိုင်မှု ပြိုင်ပွဲကျင်းပ



မြိတ် ဩဂုတ် ၂၃

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် မြိတ်တက္ကသိုလ်၏ ၂၀၁၃-၂၀၁၄ ပညာသင်နှစ် ဘာသာရပ်ပေါင်းစုံအမျိုးသားကာယဗလမောင်နှင့် အမျိုးသမီး ကာယကြံ့ခိုင်မှု ပြိုင်ပွဲကို ဩဂုတ် ၂၂ ရက်က မြိတ်တက္ကသိုလ် ဘွဲ့နှင်းသဘင် ခန်းမ၌ ကျင်းပရာရှေးဦးစွာ မြိတ်တက္ကသိုလ် အားကစားနှင့် ကာယပညာ ကော်မတီဥက္ကဋ္ဌဒုတိယပါမောက္ခချုပ် ဒေါက်တာခင်မောင်ချိုက ပြိုင်ပွဲကျင်းပရ ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြိုင်ပွဲနှင့်ပတ်သက်၍ စည်းကမ်းချက်များကို ပြိုင်ပွဲကျင်းပရေး ဆပ်ကော်မတီဥက္ကဋ္ဌ ပထဝီဝင် ဌာနမှ ပါမောက္ခ(ဌာနမှူး) ဒေါက်တာခင်မျိုးမျိုးချွန် က ရှင်းလင်းပြောကြားပြီး ကာယဗလမောင်ပြိုင်ပွဲကိုကျင်းပရာ မြိတ်တက္ကသိုလ် ဘာသာရပ်ပေါင်းစုံမှ ကာယဗလမောင် ကျောင်းသားခြောက်ဦးက ကိုယ်ကာယ ကြံ့ခိုင်မှုကို ပြသ ယှဉ်ပြိုင်ကြသည်။ ဆက်လက်၍ အမျိုးသမီးကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲကို ကျင်းပရာ မြိတ်တက္ကသိုလ် ဘာသာရပ်ပေါင်းစုံမှ ကျောင်းသူ ၁၂ ဦးက ဝင်ရောက်ယှဉ် ပြိုင်ကြပြီးကျောင်းသားကျောင်းသူများ က တေးသီချင်းများဖြင့် ဧည့်ခံဖျော်ဖြေကြသည်။

ယင်းနောက် ပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုများရရှိသော ကာယဗလမောင်များနှင့် ကာယကြံ့ခိုင်မှုမယ်များအား မြိတ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ထွန်း၊ မြိတ်တက္ကသိုလ် အားကစားနှင့် ကာယပညာကော်မတီ ဥက္ကဋ္ဌ ဒုတိယပါမောက္ခချုပ် ဒေါက်တာခင်မောင်ချိုနှင့် တာဝန်ရှိသူများက ဆု များ ချီးမြှင့်ကြကြောင်းသိရသည်။

(ဇော်မျိုးနိုင်)

## အင်္ဂလန်ပရီမီယာလိဂ် ပွဲစဉ် (၂) အနိုင်/အရှုံး ရလဒ်များ

၂၃ - ၈ - ၂၀၁၄

| | | | | |
|---|---|---|---|---|
| ဗီလာ | ၀ | - | ၀ | နယူးကာဆယ် |
| ချဲလ်ဆီး | ၂ | - | ၀ | လက်စတာ |
| ပဲလေ့စ် | ၁ | - | ၃ | ဝက်စ်ဟမ်း |
| ဆွမ်းဆီး | ၁ | - | ၀ | ဘန်လေ |
| ဆောက်သမ်တန် | ၀ | - | ၀ | ဝက်စ်ဘရွမ်း |

## ဘွန်ဒက်လီဂါ ပွဲစဉ် (၁) အနိုင်/အရှုံး ရလဒ်များ

| | | | | |
|---|---|---|---|---|
| ဘိုင်ယန်မြူးနစ် | ၂ | - | ၁ | ဝုဖ်ဘတ် |
| ဟော့ဖန်ဟိမ်း | ၂ | - | ၀ | အော့စ်ဘတ် |
| ဟန်နိုဗာ | ၂ | - | ၁ | ရှော်လ်ကေး |
| ဟာသာဘာလင် | ၂ | - | ၂ | ဝါဒါဘရီမင် |
| ဖရန့်ဖတ် | ၁ | - | ၀ | ဖရိုင်းဘတ် |
| ကိုလုံး | ၀ | - | ၀ | ဟမ်းဘတ် |

# ဘွန်ဒက်လီဂါပွဲစဉ် (၁)

**၂၀၁၄-၂၀၁၅ ဘောလုံးရာသီ ဂျာမန်ဘွန်ဒက်လီဂါ ပြိုင်ပွဲ အဖွင့်ပွဲစဉ် (၁) ၏ ပထမဆုံးပွဲစဉ်တွင် လက်ရှိချန်ပီယံ ဘိုင်မြူနစ်အသင်းသည် အိမ်ကွင်း မှာဝုဖ်ဘတ်ကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ယူပြီး ရာသီသစ်ကို စတင်ဖွင့်လှစ်နိုင်ခဲ့ သည်။ ဩဂုတ်လ ၂၄ ရက်တွင်လည်း အဖွင့်ပွဲစဉ် (၁) ပွဲ များအနက် ပါဒါဘွန်းနှင့် မိန့်ဇ်၊ မိုချင်ဂလက်ဘတ်နှင့် စတုဂတ်တို့ ယှဉ်ပြိုင်ကစားကြမည် ဖြစ်၍ "ဘိုင်ယန်မြူနစ်လို ဘယ်အသင်းတွေ ရလဒ်ကောင်းရယူသွားမလဲ" ဆို သည်ကို ကြိုတင်တွက်ဆကြည့်လိုက်မိပါသည်။**

### ပါဒါဘွန်း-မိန့်ဇ် ည ၇း၀၀ (၂၄-၈-၂၀၁၄)

တန်းတက်ပါဒါဘွန်းနှင့် မိန့်ဇ်တို့ နှစ်သင်းစလုံး၏ ရာသီအကြို ခြေစွမ်း ပိုင်းမှာ အားရစရာအနေအထားမျိုး မရှိခဲ့ဟု ဆိုနိုင်သည်။ တန်းတက်ပါဒါဘွန်း မှာ ပိုကယ်ဖလားပထမအဆင့်ကထွက်ရသည်။ မိန့်ဇ်သည်လည်း ယူရိုပါလိဂ် ပြိုင်ပွဲက ထွက်ခဲ့ရပြီး ဖြစ်သည်။ လက်ရှိခြေစွမ်းကွာခြားမှု မရှိလှသော်လည်း ကစားသမားစုဖွဲ့မှုနှင့် ပွဲအတွေ့အကြုံပိုင်းတွင် ဧည့်သည်တို့ အသာစီးရနေသည် မှာ အမှန်ပင်ဖြစ်သည်။ မိန့်ဇ်တို့ အဖွင့်ပွဲမှာ ရမှတ်လုံးဝဆုံးရှုံးမှု မရှိရအောင် အားထည့် ရုန်းကန်သွားပေလိမ့်မည်။

### မိုချင်ဂလက်ဘတ်-စတုဂတ် ည ၁၀း၀၀ (၂၄-၈-၂၀၁၄)

ပြီးခဲ့သည့် ရာသီအဖွင့်ပွဲစဉ်တုန်းက နှစ်သင်းစလုံး ရှုံးပွဲကိုယ်စီနှင့် အဖွင့် မလှခဲ့၍ ယခုနှစ်မှာ ရလဒ်ကောင်းတစ်ခုနှင့် ရာသီသစ်ကို ဖွင့်လှစ်နိုင်ရန် ကြိုးစားကြမည်ဖြစ်သည်။ သို့သော် ဂလက်ဘတ်အိမ်ကွင်း နောက်ဆုံး သုံးကြိမ် တွေ့ဆုံမှုမှာ အိမ်ရှင်အသင်း စတုဂတ်ကို ပြတ်ပြတ်သားသား အသာစီးရယူ နိုင်ခြင်းမရှိသဖြင့် ယခုပွဲမှာလည်း အသာစီးရရှိမလားကို စိတ်ဝင်စားဖွယ်ဖြစ်နေ ပေသည်။

ဝင်းထွဋ်ဦး

# ကာဗာနီနှင့် ဂီရော့ဒ်တို့အား အလိုက်ပေးလဲလှယ်ရန် အာဆင်နယ်စီစဉ်

အင်္ဂလန်ပရီမီယာလိဂ်ကလပ် အာဆင်နယ်အသင်းသည် ယခုနှစ် ဘောလုံးရာသီတွင် အသင်း၏ တိုက်စစ်ကို အားဖြည့်ရန်အတွက် PSG အသင်း၏ ဥရုဂွေးတိုက်စစ်မှူး အက်ဒီဆင်ကာဗာနီအား ခေါ်ယူရန် ပစ်မှတ်ထားနေကြောင်းသိရသည်။ အာဆင်နယ်အသင်းမှာ ကာဗာနီ အား ယူရို ၃၂ သန်းအပြင် ၎င်းတို့၏ ပြင်သစ်တိုက်စစ်မှူး ဂီရော့ဒ်ကိုပါ အလိုက်ပေးကမ်းလှမ်းရန် စီစဉ်နေ ကြောင်း goal.com ကဖော်ပြခဲ့ သည်။ ကာဗာနီမှာ ၂၀၁၃ ခုနှစ်က နာပိုလီအသင်းမှ PSG အသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာခဲ့သူဖြစ်ပြီး အသင်းတွင် ဒဏ်ရာပြဿနာများဖြင့် ရုန်းကန်ခဲ့ရသလို စုစုပေါင်း ၃၁ ပွဲသာ ပါဝင်ကစားခွင့်ရရှိခဲ့သည်။ အာဆင် နယ်အသင်းမှာ ကာဗာနီအား ခေါ်ယူ ရန် ကာလရှည်စောင့်ကြည့်နေခဲ့ခြင်း ဖြစ်ပြီး PSG အသင်းသို့မရောက်ရှိမီ အချိန်တည်းက စိတ်ဝင်စားနေခဲ့ခြင်း လည်းဖြစ်သည်။ ထို့ပြင် အာဆင်နယ် အသင်းမှာ ယခုနှစ်နွေရာသီအပြောင်း အရွှေ့ကာလအတွင်း ကစားသမား လေးဦးကို ခေါ်ယူအားဖြည့်ထားနိုင်ခဲ့ သော်လည်း ထိပ်တန်းအဆင့် တိုက်စစ်မှူးတစ်ဦးကို ထပ်မံခေါ် ယူရန် ဆန္ဒရှိနေကြောင်း ဗြိတိန် သတင်းစာ Daily Mail က ဖော်ပြခဲ့ သည်။ ကာဗာနီမှာ ယခုနှစ်နွေရာသီ အပြောင်းအရွှေ့အတွင်း PSG အသင်း မှပြောင်းရွှေ့ရန် ပြင်ဆင်နေကြောင်း သတင်းများ ထွက်ပေါ်လာခဲ့ပြီးနောက် အာဆင်နယ်အသင်းမှာ ၎င်းအား ခေါ်ယူနိုင်ရန် ထိပ်ဆုံးမှရေပန်းစား




လာခဲ့ခြင်းဖြစ်ပြီး လက်ရှိအချိန်တွင် ၎င်းအား ချယ်လ်ဆီး၊ ဂျူဗင်တပ်စ် စသည့် ဥရောပအင်အားကြီးကလပ် များစောင့်ကြည့်လျက်ရှိကြောင်းသိရ သည်။

[ကိုရဲ]









သင့်သွေးဖြင့် အသက်ကယ်ပါ






68 RESIDENCE CONDOMINIUM
ကံစမ်းမဲအထူးအစီအစဉ်
အရစ်ကျငွေချေစနစ်ဖြင့် ရောင်းချပေးနေပါသည်။
ကံစမ်းမဲ ဖွင့်လှစ်ပေးမည့်နေ့ - ၂၀၁၅ခုနှစ် ဖေဖော်ဝါရီလ (၁၂)ရက်နေ့
1st Prize
FIRST PRIZE
68 RESIDENCE
CONDOMINIUM တစ်ခန်း
2nd Prize
SECOND PRIZE
BMW 528
BRAND NEW ကားတစ်စီး
3rd Prize
THIRD PRIZE
GIA CERTIFICATE
(3)ကာရက်ရှိ
DAILY OPENING HOURS - 9:30AM - 7:00PM
SHOWROOM
YANGON, MYANMAR
09 4202 88025, 09 4253 10993,
09 730 40513, 09 4500 21758,
09 540 7541, 09 2501 41060

**ပညာရေးဆောင်းပါး**

# လက်တွေ့ကျသော ပညာရေး

**à atmifusmfnf(qifcqyf)**

၂၀၁၄ ခုနှစ် ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေး နှီးနှောဖလှယ်ပွဲ (အခြေခံပညာကဏ္ဍ) အခမ်းအနားတွင် ပညာရေးဝန်ကြီးက အဆင့်မြင့်ပညာနှင့် အခြေခံပညာကဏ္ဍတို့တွင် အသက် ၆၀ ပြည့်၍ သက်ပြည့်ပင်စင်ရရှိကြသည့် ဆရာဆရာမကြီးများအား လုပ်ငန်းခွင်အတွင်း ပြန်လည်ခန့်ထားတာဝန်ပေးနိုင်ရေးအတွက် အစီအစဉ်များရှိပြီး အသေးစိတ်အချက်အလက်များအား ဆွေးနွေးသွားမည်ဖြစ်ကြောင်း။ အထူးသဖြင့် ပညာရှင်အကြံပေး၊ သင်ကြားရေးနည်းပြများအဖြစ် တာဝန်ပေးခြင်းသည် ပညာရေးခါးဆက်မပြတ်သွားစေဖို့အတွက် ဖြစ်ကြောင်း မိန့်ကြားသွားခဲ့သည်။ နိုင်ငံတော်သမ္မတကြီး၏လမ်းညွှန်မိန့်ကြားချက် "အမျိုးသားပညာရေး ပြုပြင်ပြောင်းလဲမှုကို လက်တွေ့ကျကျကြိုးပမ်းဖော်ဆောင်နိုင်ရန် ကြိုးစားမှု" တစ်စိတ်တစ်ဒေသဟု ဆိုနိုင်ပါသည်။

ပညာရေးဌာနတွင် နှစ်စဉ်သက်ပြည့်ပင်စင်ယူသည့် ဆရာဦးရေ ၈၀၀၀ မှ ၁၂၀၀၀ ကြားရှိနေကြောင်း သိရသည်။ ဝန်ကြီး၏မိန့်မှာစကားအတိုင်း အဟောင်းနှင့်အသစ်ကြား ပညာရေးခါးဆက်ပြတ်မသွားရေးစီမံချက်သည် တစ်ဖက်တွင်နှစ်ပေါင်းများစွာကလေးတွေအကြား မွေ့လျော်ပျော် နေလာခဲ့သူများအတွက် "ပင်စင်နာ" မှ ကာကွယ်ပေးရာ လည်းရောက်ပါသည်။ ပင်စင်ယူပြီး တစ်လ၊ နှစ်လအတွင်းမှာ အပြောင်းအလဲဒဏ်ခံနိုင်ရည်မရှိ၍ ကွယ်လွန်သွားကြသော ပညာရေးလောကသားများ အများအပြားကို ကြုံတွေ့မြင်တွေ့ဖူးပါသည်။

အခြားတစ်ဖက်တွင် ဆရာအိုများ၏ နှစ်ပေါင်းများစွာ သင်ကြားမှုနယ်ပယ် အတွေ့အကြုံများကလည်း မျိုးဆက်သစ်လေးများအတွက် ကြီးမားစွာအထောက်အကူဖြစ်စေမည် အမှန်ဖြစ်ပါသည်။ "ရှေ့နေဆိုပျိုမှ သမားဆိုအိုမှ" ဆိုရိုးစကားရှိပါသည်။ ဆရာအိုများ၏ စာတွေ့လက်တွေ့ဘဝ အတွေ့အကြုံများ သင်ကြားမှုနည်းနာများသည် အနာဂတ် ပညာရေးခရီး၏ အဖိုးအနဂ္ဃထိုက် ရတနာများဖြစ်ပါသည်။

ပညာရေးဝန်ကြီး၏မိန့်ခွန်းအပေါ် ပညာရှင်များဝေဖန်မှုအနက် ဒေသ၏လိုအပ်ချက်အရ အရေးပေါ် ဆွဲခန့် ဆရာများ ခန့်ထားမှုလည်းပါဝင်သည်။ ဆရာအတတ်ပညာ မဲ့သူများအား တာဝန်ပေးခြင်းအပေါ် စိုးရိမ်မှုနှင့် ယုံကြည်မှုမရှိ ဖြစ်နေကြသူများ။ အရည်အချင်းပြည့်ဝသော မူလတန်းဆရာတစ်ဦးမွေးထုတ်ရန် အချိန်တစ်နှစ်၊ အလယ်တန်းပြဆိုလျှင် သုံးနှစ်၊ အထက်တန်းပြတစ်ဦးမွေးထုတ်ရန်ကား ငါးနှစ်ခန့်အချိန်ယူရကြောင်း ထောက်ပြလာကြသည်။

ဤအခြေအနေတွင် လွပ်လပ်ပြီးခါစ အခြေခံပညာရေး ဖြတ်သန်းခရီးကို ကြားဖူးနားဝ ရေးပြလိုသည်။ မြို့ပေါ် ပညာရေးအခြေအနေမှာ ပုံမှန်ရှိနေလည်း ကျေးလက်ပညာရေးအတွက်ကား ဒေသအားကိုရယူပြီး တစ်ရွာတစ်ကျောင်း ဆရာတစ်ယောက်နှင့် စပ်ကူးမပ်ကူးကာလကို ဖြတ်သန်းခဲ့ရသည်။ ကိုယ့်ရွာ ကိုယ့်ဇာတ်ဖြစ်သလို အစပြုခဲ့ရာတွင် ဆရာဆိုသူများမှာ မည်သည့်သင်တန်းမှမရှိ။ ပညာအရည်အချင်း အလယ်တန်းအဆင့်။ စတုတ္ထတန်းအောင်များလည်းပါဝင်လိုက်သေးသည်။ သို့သော် ဆရာများ၏ အားသာချက်မှာ ဒေသခံများပီပီ ကိုယ့်ရွာကိုယ့်ကျောင်းကိုယ့်ကလေးများအပေါ် စေတနာဗလဝနှင့် လုပ်ရင်းသင် သင်ရင်းလုပ်ရင်း အားကြိုးမာန်တက် ရှိနေကြခြင်းဖြစ်ပါသည်။ နောက်ပိုင်းတွင် နိုင်ငံတော်မှ ဆရာဖြစ်သင်တန်းများနှင့် ပေါင်းစပ်ပေးလိုက်သောအခါ ထိုထိုသောဆရာများ၏ လက်တွေ့စာတွေ့အတွေ့အကြုံများက ကျေးလက်ပညာရေးဖွံ့ဖြိုးမှု အရှိန်အဟုန်မြှင့်တင်ရေးတွင် ကြီးစွာအထောက်အကူဖြစ်စေခဲ့ပါသည်။ ပညာရေးအခြေခံမဖြစ်စလောက်နှင့် မည်သည့်ဆရာဖြစ်သင်တန်းမှ မရှိခဲ့ကြသော ဆွဲခန့်ဆရာထိုထိုပုဂ္ဂိုလ်များ၏ကျေးဇူးကြောင့် အခြေခံပညာရေးတစ်ခေတ် ခါးဆက်ပြတ်မသွားခဲ့ခြင်း ဖြစ်ပါသည်။ အရည်အချင်း အရည်အသွေးပြည့်ဝသောပညာရှင်များ မွေးထုတ်မပေးနိုင်မီ စပ်ကူးမတ်ကူးကာလမှာ 'သစ်မရောက်ခင်ဝါးကူ' လုပ်ဆောင်အောင်မြင်ခဲ့မှု သမိုင်းအထောက်အထားတစ်ရပ်ဖြစ်ပါသည်။ နိုင်ငံတော်၏ အမျိုးသားရေးပညာတွင် လက်တွေ့ကျကျလုပ်ဆောင်အောင်မြင်နိုင်ခဲ့မှု နမူနာကောင်းတစ်ရပ်လည်း ဖြစ်ပါသည်။

လက်ရှိကာလသည် လွတ်လပ်ရေးရပြီးကာစ လွန်ခဲ့သောနှစ်ပေါင်း ၆၀ ကျော်က အခြေအနေနှင့် မတူတော့ပြီ။ မှန်၏။ သို့သော်မိမိတို့သတိပြုရမည်မှာ နိုင်ငံတော်သည် ခေတ်တစ်ခေတ်စနစ်တစ်ခု၏ ကာလတိုလေးတစ်ခုမှာ နုနုနယ်နယ်ရှိနေသေးသည် ဆိုခြင်းပင်ဖြစ်ပါသည်။ ခေတ်စနစ်နှင့်အညီရေးဆွဲနေသည့် "အခြေခံပညာအဆင့် သင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာ ပြုပြင်ပြောင်းလဲရေးစီမံချက်ရေးဆွဲမှု" သည်လည်း လာမည့် ၂၀၁၉ ခုနှစ်တွင်မှ အပြီးဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရသည်။ အချိန်ကာလငါးနှစ်ကြာဦးမည်။ "မူကောင်း" ရရှိလာမည့် အချိန်နှင့်တပြေးညီ အရည်အသွေးပြည့်မီသည့် ဆရာကောင်းများ မွေးထုတ်လာနိုင်ရေးကိုလည်း ဤငါးနှစ်အတွင်းမှာ မိမိတို့ကြိုးစားကြရဦးမည်။ ပညာရေးကောလိပ် ၂၁ ကျောင်းနှင့် ပညာရေးတက္ကသိုလ်သုံးကျောင်းမှ အရည်အချင်းပြည့်မီဆရာများကို မွေးထုတ်ပေးနိုင်ရေး တက်သုတ်ရိုက် ကြိုးစားကြရဦးမည်။ မြေပြင်အနေအထားအရ လိုအပ်ပါက ဆွဲခန့်ဆရာများ "အား" ကိုလည်း ရယူကြရဦးမည်။ ဤသည်လည်းပကတိအခြေအနေအရ လက်တွေ့ကျသော ပညာရေးပြုပြင်ပြောင်းလဲမှုတစ်ရပ် ဖြစ်ပါသည်။



ဓာတ်ပုံ – အင်တာနက်

ကာလဒေသ၏ပကတိအခြေအနေအရ တစ်ရံတစ်ခါ လုပ်ထုံးလုပ်နည်းများကို လေ့နံဓားထစ်ကျင့်သုံး၍ မရနိုင်ရှိတတ်သည်။ ကြိုတင်ထားပြီး ဥပဒေများဗျူဟာများသည် ပကတိအခြေအနေတစ်ခုမှာ နည်းဥပဒေများ၊ နည်းဗျူဟာများအဖြစ် လုပ်နည်းလုပ်ဟန် အခင်းအကျင်းများ ပြောင်းလဲကျင့်သုံးရသည်များလည်း ရှိတတ်သည်။ အဓိကမှာ လုပ်ငန်းအောင်မြင်ပေါက်မြောက် ပြီးမြောက်နိုင်ဖို့ပင်ဖြစ်ပါသည်။ နမူနာအားဖြင့် မြို့ပြလူဦးရေ ၇၀ ရာခိုင်နှုန်းရှိသော ရန်ကုန်တိုင်းဒေသကြီးတွင် နေ့စားလပေးဆွဲခန့်ဆရာများ "အား" ကိုယူနေရဆဲ။ ပြည်သူ ၇၀ ရာခိုင်နှုန်း မှီတင်းနေထိုင်လျက်ရှိရာ ကျေးလက်ဒေသများမှာကား ဆိုဖွယ်ရာမရှိတော့ပါပြီ။ ဤသည်လည်း လက်တွေ့ကျသောပညာရေးပြုပြင်ပြောင်းလဲမှု ဖြစ်စဉ်တစ်ရပ်ဟု ဆိုရမည်။

ပညာရေးသည် ချက်ချင်းလက်ငင်း အချိန်နာရီမဆိုင်း အကောင်အထည်ဖော်လုပ်ဆောင်ကြရသည့် လုပ်ငန်းတစ်ရပ်ဖြစ်သလို စဉ်ဆက်မပြတ်ရေရှည်လုပ်ငန်းစဉ်ကြီးလည်း ဖြစ်သည်။ လက်ရှိပညာရေးနယ်ပယ်တွင် ဆွဲခန့်ဆရာများ ခန့်ထားတာဝန်ပေးခြင်း၊ ပင်စင်အိုများအား ထိုက်ထိုက်တန်တန် ကျွမ်းကျင်ရာလိမ္မာ နေရာချထားပေးနိုင်ရေး အစီအစဉ်များရေးဆွဲပေးနေခြင်းသည် ပညာရေးကွင်းဆက်ပြတ်မသွားစေရေးအတွက် ဦးတည်လုပ်ဆောင်နေခြင်းဖြစ်သည်။

တစ်ဖက်မှာလည်း ဤဆောင်ရွက်ချက်သည် "ဘုရားပြီးငြမ်းဖျက်" မည့်သဘောကို မဆောင်ပါ။ အကြောင်းမှာ ၂၁ ရာစု မျက်မှောက်ကာလပညာခေတ်သည် ပညာရေးနှင့်ဆက်နွယ်သည့် ကျွမ်းကျင်ပညာရှင်များအတွက် အမြဲတမ်းနေရာရှိနေဦးမည် ဖြစ်ပါသည်။

## ပြည်သူ့ဗဟိုပြုရဲလုပ်ငန်းစဉ်များအား ကျေးရွာအရောက် ကွင်းဆင်းအသိပညာပေးခြင်းများ ဆောင်ရွက်

**မြန်အောင် ဩဂုတ် ၂၃**

မြန်အောင်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးထွန်းဖေနှင့် မြန်အောင်မြို့မရဲစခန်းမှူးတို့၏ လမ်းညွှန်မှုဖြင့် ပြည်သူ့ဗဟိုပြု ရဲလုပ်ငန်းစဉ်များ ကျေးရွာအရောက်ကွင်းဆင်းဆောင်ရွက်ခြင်းကို ဩဂုတ် ၂၀ ရက်က မြန်အောင်မြို့မရဲစခန်းမှ နယ်ထိန်းရဲတပ်ကြပ်ကြီး အေးချိုနှင့်အဖွဲ့က မြန်အောင်မြို့နယ် ကွင်းကြီးဒေါင့်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနေအိမ်တွင် ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များ၊ ရပ်မိရပ်ဖများ၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူးများနှင့် ကျေးရွာ ပြည်သူများကို တွေ့ဆုံ၍ ရပ်ရွာအတွင်း မှုခင်းကျဆင်းရေး၊ လောင်းကစားကင်းစင်ရေး၊ တရားမဝင်အရက်များ ရောင်းချခြင်းမရှိရန် လူမှောင်ခိုလူကုန်ကူးမှု အန္တရာယ်တားဆီးကာကွယ်ရေးအတွက် သတိထားရမည့်အချက်များကို ရဲတပ်ဖွဲ့နှင့်ပြည်သူပူးပေါင်း၍ ဆောင်ရွက်ကြရန် ကျေးရွာပြည်သူများကို ရှင်းရှင်းနှီးနှီး တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

အလားတူ မြန်အောင်မြို့မရဲစခန်း အပိုင်နယ်မြေဖြစ်သော တာခွဘဲကြီးကုန်းအုပ်စု ကွမ်းတောအုပ်စု၊ ဆယ်ရွာအုပ်စုနှင့် တယ်ကုန်းကျေးရွာ အုပ်စုများတွင်လည်း ပြည်သူ့ဗဟိုပြုရဲလုပ်ငန်းစဉ်များကို ကျေးရွာပြည်သူများသိရှိနား လည်စေရန် ကွင်းဆင်းဆောင်ရွက်ခဲ့ကြကြောင်းသိရသည်။

**(ဝင်းမိုလ် ပြန်/ဆက်)**





## ကျောင်းအလှူဒါနပါဝင်လှူဒါန်းနိုင်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ သရက်တောကျောင်းတိုက်၊ ဓမ္မာရုံကျောင်း ပရိယတ္တိစာသင်တိုက်၌ စာချ/စာသင် သံဃာတော်အရှင်သူမြတ်များ သီတင်းသုံးရန်အတွက် ပေ(၇၀×၆၇) အကျယ်အဝန်းရှိ ကျောင်းဆောင်သစ် ဆောက်လုပ်နေပြီဖြစ်ပါ၍ ကျောင်းအလှူဒါန ပါဝင်လှူဒါန်းနိုင်ကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

ကျောင်းဆောင်သစ်ဆောက်လုပ်ရေးကော်မတီ
ဓမ္မာရုံကျောင်းပရိယတ္တိစာသင်တိုက်
ဖုန်း-၀၁-၇၀၈၈၇၄၊ ၀၉-၈၆၃၀၅၁၆

## ပြင်ဆင်ဖတ်ရှုပါရန်

၂၀-၈-၂၀၁၄ ရက်စွဲပါကြေးမုံသတင်းစာကြော်ငြာ စာမျက်နှာ(၂)ပါ "ကန့်ကွက်နိုင်ပါသည်" ကြေညာ တွင် လွဲအပ်ညွှန်ကြားသူ ဦးကျော်ရီ+ဒေါ်တင်မူးအား ဦးကျော်ရီ+ဒေါ်အင်မူဟုပြင်ဆင်ဖတ်ရှုပါရန်။

## မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း ဒုတိယအကြိမ် နှစ်ပတ်လည် အသင်းသား စုံညီအစည်းအဝေး ဖိတ်ကြားလွှာ

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း၏ ဒုတိယအကြိမ် နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အသင်းသားများအားလုံး စုံညီစွာ တက်ရောက်ပေးကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်-

ကျင်းပမည့်နေ့ရက်- ၇-၉-၂၀၁၄ ရက် (တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန် - မွန်းလွဲ ၂း၀၀ နာရီ
ကျင်းပမည့်နေရာ - UMFCCI ၊ ပထမထပ်၊ မင်္ဂလာခန်းမ
အမှတ်(၂၉)၊ မင်းရဲကျော်စွာလမ်း၊
လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

မှတ်ချက်။ ။ ဖိတ်စာရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ၊ အသင်းရုံးနှင့် ဆက်သွယ်တက်ရောက်ကြပါရန်။

ဖုန်း- ၀၁-၂၁၄၈၂၉၊ ၀၁-၂၃၀၀၂၅၃၊ ၀၉-၄၉၂၈၇၁၈၄

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁) ထူပါရုံ၊ မြေကွက်အမှတ်(၁၅၁၁/က)၊ မြေကွက်တည်နေရာ အမှတ်(၁၅၁၁/က)၊ ထူပါရုံ(၁၆)လမ်းအရှေ့ (၁)ရပ်ကွက်၊ သာကေတမြို့နယ် (ဒေါ်သန်း)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား ဒေါ်သန်း(မိခင်)နှင့် ဦးမြင့်သောင်း (ခ)ဦးဘာဘူ(ဖခင်)တို့ကွယ်လွန်သဖြင့် တစ်ဦးတည်းသော သမီးဖြစ်သူ ဒေါ်ရွှေနှင်းဆီ (ခ)ဒေါ်စန်းစန်းဝင်း[၁၂/သကတ(နိုင်)၀၉၃၃၄၄]ထံမှအထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၈၀၁၃/၂၀၁၄) ရသူဦးမောင်ရွှေ[၁၂/သကတ(နိုင်)၀၉၄၆၇၉] မှသေစာရင်း၊ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ အထက(ခွဲ) မင်းရွာ ဒသမတန်းတွင်ပညာသင်ကြားနေသော မောင်ကျော်လင်းအောင်၏ ဖခင်အမည်မှန်မှာ ဦးအောင်ကြည် [၁၂/တတန(နိုင်)၀၅၆၂၉၉] ဖြစ်ပါကြောင်း။

ဦးအောင်ကြည်

# ကနီမြို့နယ်တွင် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်

**ကနီ၊ ဩဂုတ် ၂၃**

နိုင်ငံသားစိစစ်ရေးကတ်ပြား မရှိသေးသည့် အသက်(၁၀)နှစ်ပြည့်ပြီးသူ နိုင်ငံသားတိုင်း နိုင်ငံသားစိစစ်ရေးကတ်ပြားများ ရရှိရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ တစ်နိုင်ငံလုံးတွင် မိုးပွင့်အဆင့် (၆) စီမံချက်ဖြင့် ကွင်းဆင်းဆောင်ရွက် ပြုလုပ်ပေးလျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်၊ ကနီမြို့ အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူ ၃၄၇ ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲကို ဩဂုတ် ၂၁ ရက်က အဆိုပါကျောင်းရှိ ပညာရတနာခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျန်ထွန်းက အဖွင့်အမှာစကားပြောကြားပြီး စစ်ကိုင်းတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးစိုးပိုင်မြင့်က နိုင်ငံသားစိစစ်ရေးကတ်ပြားများ၏ အရေးပါပုံနှင့် ပြုလုပ်ပေးရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်ရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျန်ထွန်း၊ တိုင်းဒေသကြီးဦးစီးဌာနမှူး ဦးစိုးပိုင်မြင့်နှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးထိန်စိုးတို့မှ ကျောင်းသား၊ ကျောင်းသူများအား ပေးအပ်ခဲ့ကြသည်။

ကျန်ရှိနေသော ကျောင်းသား၊ ကျောင်းသူများ၏ ကတ်ပြားများကို မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်နီမှ ကျောင်းဆရာဦးစိန်လင်းထံသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီး ကျောင်းအုပ်ဆရာကြီး ဦးအောင်ပိုက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့သည်။ **သန်းဌွေးအောင်(ကနီ)**

# မကွေးမြို့နယ်တွင် စည်ပင်နှင့်ပြည်သူ ပူးပေါင်း၍ လမ်းတံတားများ ပြုပြင်ခြင်းဆောင်ရွက်

**မကွေး၊ ဩဂုတ် ၂၃**

မကွေးမြို့နယ်စည်ပင်သာယာရေးကော်မတီသည် မြို့တွင်း လမ်းတံတားများ အပျက်အစီးမရှိ၊ ကောင်းမွန်ခိုင်ခံ့၍ အများပြည်သူများသွားလာမှု အဆင်ပြေချောမွေ့စေရန် စည်ပင်သာယာရေး ရန်ပုံငွေဖြင့်လည်းကောင်း၊ ဒေသခံပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့်လည်းကောင်း၊ လုပ်ငန်းရှင်များ၏ တစ်သီးပုဂ္ဂလ ထည့်ဝင်လှူဒါန်းငွေဖြင့်လည်းကောင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မကွေးမြို့၏ လူသွားလူလာများပြားသောတံတားငယ်များဖြစ်ကြသည့် ရွာသစ်ပွဲကြိုရပ်ကွက်၊ နတ်မောက်လမ်းထောင့်နှင့် (၁၄)လမ်း ထောင့်ရှိ အလျား ၂၄ ပေ၊ အနံ ၆ ပေရှိ ကွန်ကရစ်တံတား၊ ရန်မျိုးအောင်ရပ်ကွက်၊ ပြည်တော်သာလမ်းထောင့်နှင့် ခွာညိုလမ်းထောင့်ရှိ ကွန်ကရစ်တံတား၊ ပြည်တော်သာရပ်ကွက်၊မဲထီးလမ်းနှင့် တိုင်းလုံးအောင်လမ်းထောင့်ရှိ အလျား ၂၄ ပေ၊ အနံ ၆ ပေရှိ အုတ်ရိုးခံသစ်သားတံတားနှင့် ကန်သာရပ်ကွက်၊ အ. ထ. က(၁)လမ်းနှင့် ဗန္ဓုလပင်လမ်းထောင့်ရှိ အလျား ၁၈ ပေ၊ အနံ ၆ ပေရှိ အုတ်ရိုးခံ သစ်သားတံတားများမှာ ကျိုးပေါက်ပျက်စီးလျက်ရှိပြီး ပြည်သူများသွာလာမှု ခက်ခဲလျက်ရှိကြောင်း စစ်ဆေးတွေ့ရှိရသည်။

ထို့ကြောင့် အဆိုပါတံတားလေးစင်းကို ဩဂုတ် ၂၀ ရက်မှစ၍ ဘက်စုံပြင်ဆင်မွမ်းမံမှုများ ဆောင်ရွက်လျက်ရှိပြီး ၁၄ ရက်ခန့်အတွင်း လုပ်ငန်းများအပြီးဆောင်ရွက်မည်ဖြစ်ကြောင်းသိရသည်။

အဆိုပါတံတားများ ပြင်ဆင်မွမ်းမံခြင်းအတွက် ကုန်ကျမည့် ငွေကျပ် ၂၂ သိန်းကို ဒေသခံအလှူရှင် ဦးကျော်သက်ဦးမှ ထည့်ဝင်လှူဒါန်းခဲ့ပြီးအောင်မြင် ပြီးမြောက်ပါကဖြတ်သန်းသွားလာမှု အဆင်ပြေချောမွေ့တော့မည်ဖြစ်သောကြောင့် မြို့ဒေသခံများ ကြည်နူးဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။

**ကျော်စွာ(မကွေး)**



ပြုပြင်ရန်လိုအပ်သည့်တံတားတစ်စင်းအားမြို့နယ်စည်ပင်နှင့်ရပ်ရွာတာဝန်ရှိသူမှကြည့်ရှုစဉ်။

# တိုင်းဒေသကြီးအစိုးရရန်ပုံငွေဖြင့် မြင်းမူတွင် မီးသတ်စခန်းနှင့် ဝန်ထမ်းအိမ်ရာ အဆောက်အအုံသစ်များ ဆောက်လုပ်

**မြင်းမူ၊ ဩဂုတ် ၂၃**

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရန်ပုံငွေကျပ် ၅၁၁၁ သိန်းဖြင့် မြင်းမူမြို့နယ် မီးသတ်စခန်းနှင့် ဝန်ထမ်းအိမ်ရာ အဆောက်အအုံသစ်များ ဆောက်လုပ်လျက်ရှိကြောင်း သိရသည်။

မြို့နယ်မီးသတ်စခန်း အဆောက်အအုံသစ်သည် အလျား ၆၅ ပေ၊ အနံ ၅၂ ပေ၊ အမြင့် ၂၅ ပေရှိ ငါးယူနစ် သံကူကွန်ကရစ်နှစ်ထပ်အဆောက်အအုံ ဆောက်လုပ်ခြင်းဖြစ်ပြီး ၂၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်းသိရသည်။

ထို့ပြင် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရန်ပုံငွေ ကျပ်သိန်း ၁၈၀၀ စီဖြင့် အလျား ၁၀၀ ပေ၊ အနံ ၄၀ ပေ၊ အမြင့် ၂၂ ပေစီရှိ လေးခန်းတွဲ သံကူကွန်ကရစ် နှစ်ထပ် ဝန်ထမ်းအိမ်ရာ အဆောက်အအုံနှစ်လုံး ဆောက်လုပ်လျက်ရှိပြီး အဆိုပါ မီးသတ်စခန်းအဆောက်အအုံများ ဆောက်လုပ်မှုကို ကျော်စွာဆောက်လုပ်ရေးမှ တာဝန်ယူဆောက်လုပ်မည်ဖြစ်သည်။ **ဖိုးခါး**

# အလုံမြို့နယ်တွင် ရထားတိုက်၍လူတစ်ဦးသေဆုံး

**ရန်ကုန်၊ ဩဂုတ် ၂၂**

ဩဂုတ် ၂၁ ရက် နံနက် ၇ နာရီခန့်က ရန်ကုန်အနောက်ပိုင်းခရိုင်၊ အလုံမြို့နယ်၊ ကရင်ခြံရပ်ကွက်တွင် အမည်မသိအမျိုးသားတစ်ဦး အသက် ၄၀ နှစ်ခန့်သည် ရထားကြိတ်ခံရပြီး သေဆုံးနေကြောင်း သတင်းရရှိသဖြင့် အလုံမြို့မ ရဲစခန်းမှူး ဒုရဲမှူးစိုးတင့်နှင့် သက်သေများ သွားရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။ အလုံမြို့မရဲစခန်းမှူး ဒုရဲမှူးစိုးတင့်နှင့် သက်သေများဖြစ်သော ဦးသန်းကျော်စိန် (ကရင်ခြံရပ်ကွက်အုပ်ချုပ်ရေးမှူး)၊ ဦးခင်ဇော်ထွန်း (ဌာနာရပ်ကွက်အုပ်ချုပ်ရေးမှူး) တို့နှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ ကြည့်မြင်တိုင်ဘက်မှ ရန်ကုန်ဘူတာကြီးဘက်သို့ လာသော မီးရထားသံလမ်းကြားတွင် အမည်မသိအမျိုးသားတစ်ဦး ရထားကြိတ်ခံရပြီး ဦးခေါင်းပြတ်ဒဏ်ရာ၊ ယာခြေကျင်းဝတ်ဒဏ်ရာများရရှိပြီးသေဆုံးနေ ကြောင်းစစ်ဆေးတွေ့ရှိရသည်ဟု သိရသည်။ အလောင်းအားရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့တင်ပို့ရာ ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ပီအာ ၀၁၈ ဖြင့် လက်ခံထား ရှိပြီး အလုံမြို့မရဲစခန်းမှ သေမှုသေခင်းအမှတ်စဉ် ၁၁/၂၀၁၄ ဖြင့် အမှုဖွင့်ထားရှိကြောင်း သိရသည်။ **တင်မောင်ဦး(အလုံ)**

# အခြေခံကျောင်းပေါင်းစုံနှုတ်မှုစွမ်းရည်ပြိုင်ပွဲကျင်းပ

**ထီးချိုင့်၊ ဩဂုတ် ၂၂**

ထီးချိုင့်မြို့နယ်အခြေခံပညာကျောင်းပေါင်းစုံ နှုတ်မှုစွမ်းရည်ပြိုင်ပွဲကို ဩဂုတ် ၂၀ ရက် နံနက် ၉ နာရီက ထီးချိုင့်မြို့ အထက၊ အမှတ်(၁)အလကခွဲကျောင်း၊ အမှတ်(၂)အလကခွဲကျောင်းနှင့် အမှတ်(၄)အမကကျောင်းတို့တွင် တစ်ပြိုင်နက် ကျင်းပပြုလုပ် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

နှုတ်မှုစွမ်းရည်ပြိုင်ပွဲတွင် ကျပန်းစကားပြိုင်ပွဲ၌ ကျောင်းသား ကျောင်းသူ ၁၆ ဦး၊ စကားရည်လုပွဲတွင် ကျောင်းသားကျောင်းသူ ၁၂ ဦး၊ ပုံပြောပြိုင်ပွဲတွင် ကျောင်းသားကျောင်းသူ ၄၁ ဦးနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ၃၉ ဦး၊ စုစုပေါင်း မြို့နယ်အတွင်းရှိ အခြေခံကျောင်းများမှ ကျောင်းသား၊ ကျောင်းသူ ၁၀၈ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ **စောကလျာ(ထီးချိုင့်)**








## အသိပေးကြေညာချက်

ဂျပန်နိုင်ငံမှ မော်တော်ယာဉ်များတင်ဆောင်လာသည့် M.V SPRING SKY V. 39 သင်္ဘောသည် ၂၆-၈-၂၀၁၄ ရက်ခန့်တွင် ရန်ကုန်ဆိပ်ကမ်းသို့ ဆိုက်ကပ်၍ ကုန်ချလုပ်ငန်းဆောင်ရွက်မည် ဖြစ်ပါသည်။

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILL OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ တယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

ကိုယ်စားလှယ်လုပ်ငန်းဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ ရဲရန်အောင်လမ်း၊ အမှတ်(၆၂)ဟုခေါ်တွင်သော (အလျားပေ ၄၀× အနံ၃၆ပေ)ရှိ မြေကွက်နှင့် ၎င်းမြေကွက်ပေါ်တွင် ကန်ထရိုက်တာ ဦးဝင်းနိုင်နှင့် အကျိုးတူဆောက်လုပ်ထားသော RC နှစ်ခန်းတွဲ (၃)ထပ်တိုက် အဆောက်အအုံတွင် မြေပိုင်ရှင်ဘက်မှ အကျိုးခံစားခွင့်ရရှိထားသော မြေညီထပ်+ပထမထပ်+ဒုတိယထပ်(လမ်းကို မျက်နှာမူသော ညာဘက်ခြမ်း)နှင့် မြေပိုင်ဆိုင်မှု အပါအဝင် မြေပေါ်မြေအောက်အကျိုးခံစားခွင့်များအားလုံးကို တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဒေါ်အိခိုင်ခိုင်မွန် [၁၂/မရက(နိုင်)၁၃၅၂၂၉]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ရေးဆိုင် ခွင့်ရှိသူများအနေဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို အောင်မြင်ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | | |
|---|---|---|
| ဦးမြင့်သန်း**(LL.B)** | ဒေါ်သဇင်အေး**(LL.B)** | ဒေါ်သက်ထားဆွိ**(LL.B)** |
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ |
| (စဉ်-၆၉၆၃) | (စဉ်-၈၃၃၂) | (စဉ်-၄၂၈၉၉) |

"ဇလပ်ပွင့်"အိမ်ခြံမြေ အကျိုးဆောင်လုပ်ငန်း
အမှတ်(၅၇)၊ သာယာအေးလမ်း၊ (၃)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်
ဖုန်း-၀၉-၃၁၅၄၈၃၄၈၊ ၀၉-၃၁၅၄၈၃၃၁၊ ၀၉-၃၀၃၄၇၉၈

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၄စ/၇၅၃၂ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန(ရွာသာကြီး)



ကျန်းမာရေးဆောင်းပါး

# “ရွှေချဉ်ပေါင်” ၏ ကျန်းမာရေးလျှို့ဝှက်ချက်များ

**à ay|uf&y|uf**

ချဉ်ပေါင်ရွက်ကို ချဉ်ပေါင်ကြော်၊ ဟင်းချို၊ ချဉ်ရည်ဟင်း စသည့် ထမင်းမြိန်ဟင်းလျာများအဖြစ် စားလေ့ရှိကြပါတယ်။ အသားထူတဲ့ အနီရောင်ချဉ်ပေါင်ဖူးတို့ကိုကြော်၍ သော်လည်းကောင်း၊ ချဉ်ရည်ဟင်းအဖြစ်သော်လည်းကောင်း ချက်စားနိုင်ပါတယ်။ တချို့အရပ်ဒေသများမှာ အရွက်ရင့်ရင့်၊ အပွင့်နှင့်အသီးတို့ကို နေပူပူတွင် အခြောက်လှန်းပြီး လက်ဖက်ရည်ကြမ်းလုပ်သောက်ကြပါတယ်။ ချဉ်ပေါင်ဖူးနှင့် ချဉ်ပေါင်ပွင့်တို့ကို ထန်းလျက် (သို့မဟုတ်) သကြားဖြင့်ယိုထိုး၍သော်လည်းကောင်း၊ အနောက်နိုင်ငံများတွင် Jam၊ သကြားရည်အနှစ်၊ ရှာလကာရည် စသည်ဖြင့် စားသုံးကြပါတယ်။ ချဉ်ပေါင်ဖူးယိုက အနံ့အရသာ ပိုစူးတာကြောင့် ၎င်းကို ဇီးယိုထက်ပို၍ လူကြိုက်များကြပါတယ်။ ဒါ့အပြင် အသီးရင့်ရင့်ကို သကြား၊ ဆားအနည်းငယ်တို့ဖြင့် ရောကြိုပြီး ဆူလာပါက အအေးခံ၍ ဖျော်ရည်အဖြစ် သောက်သုံးနိုင်ပါတယ်။



**ချဉ်ပေါင်နှင့် မြန်မာ့ဆေးစွမ်း**

မြန်မာပြည်တွင် (က) ချဉ်ပေါင်ခါး၊ (ခ) ချဉ်ပေါင်ဖြူ (ဂ) ချဉ်ပေါင်နီလက်ချားဟူ၍ သုံးမျိုးရှိပါတယ်။ (က) ချဉ်၍ အနည်းငယ်ခန်သော ချဉ်ပေါင်ခါးဟာ သုံးပေမှ ငါးပေအထိမြင့်ပြီး၊ နူးညံ့သောဆူးနှင့် အမွေးများပါရှိပါတယ်။ အရွက်ပေါ်မှာ လေးခု၊ ငါးခု အကွဲများရှိပြီး အစိတ်အပိုင်းတိုင်းမှာ ခွေးသွားစိပ်များ ပါရှိပါတယ်။ အပွင့်ကဝါ၍ အစေ့မည်းပါတယ်။ (ခ) အပူဓာတ်ရှိ၍ အချဉ်ပေါ့သော ချဉ်ပေါင်ဖြူပင်က နှစ်ပေမှ သုံးပေအထိမြင့်ပြီး အရွက်မှာ အစွန်းသုံးခု သို့မဟုတ် ငါးခုစီ ပါရှိနေပါတယ်။ အပွင့်မှာ အဖြူရောင်ဖြစ်ပြီး တစ်ပင်လုံးဖြူဖွေးသော အမွေးနုများ ပါရှိပါတယ်။ (ဂ) ချဉ်၍ အပူဓာတ်ရှိသော ချဉ်ပေါင်နီလက်ချားပင်က တစ်မိုက်သာသာခန့်မြင့်ပြီး၊ အရွက်မှာ ဥသဏ္ဌာန်ရှိ၍ အဖျားချွန်ကာ အရွက်ပါးလျပါတယ်။ အပွင့်ကဝိုင်း၍ ဖြူပါတယ်။ အသီးမှာ ဆီးသီး အလတ်စားအရွယ်ခန့်ရှိကာ နုစဉ် အစိမ်းရောင်ဖြစ်ပြီး၊ မှည့်လျှင် ဝါသွားတတ်ပါတယ်။

မြန်မာ့ဆေးကျမ်းများတွင် (က) ချဉ်ပေါင်ခါးကို အစာကြေဆေး၊ နှုတ်မြိန်ဆေး၊ သွေးဝမ်း၊ မြင်းသရိုက်နာပျောက်ဆေး၊ ဝဖြိုးဆေး၊ ကာမအားတိုးဆေး၊ နားကိုက်ပျောက်ဆေး၊ လည်ချောင်းနာပျောက်ဆေး၊ အကိုက်အခဲပျောက်ဆေး၊ အဆစ်လွဲနာကျင်ပျောက်ဆေး၊ ဝမ်းနှုတ်ဆေး၊ သည်းခြေရောဂါနှင့် နှာစေးချောင်းဆိုးပျောက်ဆေးအဖြစ် ဆေးဝါးများ ဖော်စပ်ရာတွင် သုံးလေ့ရှိပါတယ်။ (ခ) ချဉ်ပေါင်ဖြူကို ဝမ်းပျက်ခြင်းအတွက် ဆေးဖော်လေ့ရှိကြပါတယ်။ (ဂ) ချဉ်ပေါင်နီလက်ချားကို ဆီးရွှင်ဆေး၊ ရေငတ်ပျောက်ဆေး၊ နှုတ်မြိန် ခံတွင်းကောင်းဆေး၊ သည်းခြေရောဂါ၊ မူးဝေခြင်း၊ လေနာရောဂါ၊ နူနာရောဂါ၊ အဆုတ်ရောဂါ၊ အသားအ ရေညိုခြင်း၊ သားသည်မိခင်များ နို့ရည်လိုက်ဆေးအဖြစ် ဆေးဝါးဖော်စပ်ကြပါတယ်။

ဒါတင်မကသေးပါဘူး။ ၉၆-ပါးသော ဝေဒနာများအတွက် အောက်ပါဆေးမြီးတိုများဖြင့်လည်း ကုသပျောက်ကင်းနိုင်ပါတယ်။ (၁) ချဉ်ပေါင်ခါးအပွင့် ၁၂ ပွင့်ကို သကြား နှစ်ပဲသားနှင့်ရောကြိတ်၍ ၎င်းရတ်ကောင်းအနည်းငယ်ရောထည့် သောက်ပေးခြင်းဖြင့် အပူလွန်၍ အချဉ်ပြန်သော အစာမကြေခြင်းရောဂါ ပျောက်ကင်းစေနိုင်ပါတယ်။ (၂) နာကျင်ကိုင်ခဲသော ဝေဒနာများအတွက် ချဉ်ပေါင်ခါးပင်အစေ့ကို အမှုန့်ပြု၍ ထိုအမှုန့်နှစ်ပဲသားကို နှမ်းဆီ လက်ဖက်စားဇွန်းနှစ်ဇွန်း ရောစပ်လိမ်းပေးနိုင်ပါတယ်။ (၃) ချဉ်ပေါင်နီအရွက်နှင့် ချဉ်ပေါင်သီးတို့ကို နေရိပ်မှာ အခြောက်လှန်းပြီး၊ ရေနွေးဆူဆူမှာ သင့်ရုံထည့်၍ သကြားနှင့် ရောစပ်သောက်ပေးခြင်းဖြင့် ဆီးရောဂါနှင့် ရေငတ်အာခြောက်ခြင်းကို သက်သာစေပါတယ်။ (၄) ချဉ်ပေါင်ခါးပင်အစေ့ကို လှော်၍ အမှုန့်ပြုပါ။ ထိုအမှုန့် တစ်ပဲသားကို ရေနွေးနှင့် နေ့စဉ်သောက်ပေးပါက အစာမကြေ ဝမ်းပျက်ရောဂါကို ပျောက်ကင်းစေပါတယ်။ (၅) ဗိုက်နာပြီး အကျိအချွဲများနှင့် ဝမ်းသွားပါက ချဉ်ပေါင်ခါး သို့မဟုတ် ချဉ်ပေါင်ဖြူ သို့မဟုတ် ချဉ်ပေါင်နီလက်ချားတို့၏ အမြစ်သွေးရည်တစ်ဇွန်းကို တစ်နေ့နှစ်ကြိမ် သောက်ပေးခြင်းဖြင့် သက်သာပျောက်ကင်းစေပါတယ်။ (၆) ချဉ်ပေါင်နီလက်ချားအရွက်ကို ထမင်းနှင့်ရောကြိတ်ပြီး ပြည်တည်နာ၊ အနာစိမ်း၊ ခွေးကိုက်နာ၊ ကြောင်ကိုက်နာ၊ အနာအိုး အနာဆွေးများပေါ် အုံပြီး အဝတ်နှင့်စည်းထားပေးခြင်းဖြင့် အနာရင်းခြင်း၊ ၎င်းမန်းလိုက်ခြင်းမရှိဘဲ အမြန်ဆုံးသက်သာပျောက်ကင်းစေပါတယ်။

**ချဉ်ပေါင်နှင့် သိပ္ပံဆေးစွမ်း**

(၁) အူသိမ်၊ အူမတို့ကို ကောင်းကျိုးပြုပါတယ်။

(၂) ချဉ်ပေါင်ရွက်ထဲမှာ hydroxy နှင့် amino အက်ဆစ်များ ကြွယ်ဝစွာပါရှိသောကြောင့် ဆီးအားကောင်းစေပါတယ်။ ဆီးရွှင်၍ ဝမ်းသက်စေပါတယ်။

(၃) Vitamin C နှင့် သတ္တုဓာတ်တို့ အမြောက်အမြားပါရှိသောကြောင့် ကိုယ်ခံစွမ်းအားကောင်းမွန်ခြင်း၊ ဆဲလ်များ သေဆုံးခြင်းမှ ကာကွယ်ပေးခြင်း၊ သွားဖုံးနှင့် သွားတို့ကို ကျန်းမာစေခြင်း၊ reeradicals အန္တရာယ်မှ ကာကွယ်ပေးခြင်း၊ အရွယ်ကိုနုပျိုစေခြင်း၊ ကင်ဆာရောဂါများ ဖြစ်နိုင်ချေအလားအလာ နည်းပါးစေနိုင်ခြင်း၊ အဆုတ်ကိုကျန်းမာစေခြင်း၊ အအေးပတ်ခြင်း၊ ရာသီပေါ် နှာစေးချောင်းဆိုး ကူးစက်ရောဂါများနှင့် နှာရည်ယိုနှာပိတ်ခြင်းတို့မှလဲ ကာကွယ်ပေးခြင်း စသည်ဖြင့် ကောင်းကျိုးပြုပါတယ်။

> သွေးတိုးရောဂါရှိသူများ
> အလွန်အကျွံမစားသင့်ပါ။
> ချောင်းဆိုး . . .

(၄) Calcium ဓာတ် အမြောက်အမြား ပါရှိသဖြင့် အရိုးကိုသန်မာစေခြင်း၊ အာရုံကြောအဖွဲ့ အစည်းများနှင့် ကြွက်သားများ ဖွဲ့စည်းမှုကို တိုးတက်ကောင်းမွန်စေခြင်း၊ သွေးကျဲခြင်းမှ ကာကွယ်ပေးခြင်း၊ ခြေလက်များ တဆစ်ဆစ်နာကျင်ခြင်းနှင့် ထုံထိုင်းလေးလံခြင်းတို့ကို သက်သာပျောက်ကင်းစေခြင်း၊ ကလေးငယ်များ ဖွံ့ဖြိုးမှုနှေးကွေးခြင်းမှ ကာကွယ်ပေးခြင်း စသည်ဖြင့် ကောင်းကျိုးပြုပါတယ်။

(၅) ချဉ်ပေါင်ပန်းပွင့်များဟာ နှလုံးရောဂါကို ကာကွယ်ပေးနိုင်ပါတယ်။

(၆) ချဉ်ပေါင်ဖူး၏အစေ့မှလဲ အဆီထုတ်ယူနိုင်ပါတယ်။ ထိုအဆီဖြင့် အရေပြားပေါ်ရှိ အနာအမျိုးမျိုးတို့ကို လိမ်းပေးခြင်းဖြင့် ရောင်ကိုင်းခြင်းကို သက်သာစေပြီး၊ အနာများလ ကျက်စေပါတယ်။

(၇) ခြေလည်ပင်း ပြတ်ရှနာများ၊ ဖက်ခွက်နာနှင့် ပြည်တည်နာများအတွက် ချဉ်ပေါင်ရွက်ကို မီးမြှိုက်၍ အုံပေးခြင်းဖြင့် သက်သာပျောက်ကင်းနိုင်ပါတယ်။

(၈) ချဉ်ပေါင်ဖူးဖျော်ရည်ကို သောက်သုံးခြင်းဖြင့် ချောင်းဆိုးရောဂါကို သက်သာပျောက်ကင်းစေပါတယ်။ လူကို လန်းဆန်းစေနိုင်ပါတယ်။

(၉) ချဉ်ပေါင်အစေ့ပြုတ်ရည်ကို သောက်သုံးခြင်းဖြင့် အစာနင်ခြင်းနှင့် အစာမကြေခြင်းတို့ကို သက်သာပျောက်ကင်းစေနိုင်ပါတယ်။

(၁၀) ချဉ်ပေါင်ရွက်ကို လက်ဖက်ရည်ကြမ်းသောက်သုံးခြင်းအားဖြင့် ကိုလက်စထရောကိုကျစေခြင်း၊ ကိုယ်အလေးချိန်ကျစေပြီး သွေးလည်ပတ်နှုန်းကိုလဲ ကောင်းမွန်စေပါတယ်။ ကင်ဆာရောဂါအမျိုးမျိုးတို့ကိုလည်း ဟန့်တားကာကွယ်ပေးနိုင်ပါတယ်။

(၁၁) ဒူးရင်းသီးစားပြီးပါက ချဉ်ပေါင်သီးဖျော်ရည်ကို သောက်ပေးခြင်းဖြင့် အပူကန်ခြင်းကို ကာကွယ်နိုင်ပါတယ်။

သတိပြုရန်။ ။သွေးတိုးရောဂါရှိသူများ အလွန်အကျွံမစားသင့်ပါ။ ချဉ်ပေါင်က သွေးပေါင်ချိန်တက်နိုင်ပါတယ်။ ချောင်းဆိုးရင်ကျပ် ဝေဒနာသည်များနှင့်လည်း မသင့်တော်ပါ။

ဘေးထွက်ဆိုးကျိုး အလွန်နည်းပါးပြီး၊ ဈေးနှုန်းလဲမကြီးသော မိမိတို့လက်တစ်ကမ်းမှာ ၁၂လရာသီပတ်လုံး အလွယ်တကူရရှိနိုင်သော ချဉ်ပေါင်ရွက်တို့ကို အစာလည်းဆေး၊ ဆေးလည်းအစာအဖြစ် စားသောက်ပေးကြပါရန် တိုက်တွန်းလိုက်ရပါသည်။ ။

## ဒူးရင်းသီးနှင့် မင်းကွတ်သီး လှိုင်လှိုင်ထွက်ကာ စိုက်ပျိုးသူများ ဈေးကောင်းရရှိ

**ဘားအံ၊ ဩဂုတ် ၂၃**

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ်၊ ဘောဂလိမြို့နှင့်ပတ်ဝန်းကျင်ကျေးရွာများမှ ဥယျာဉ်ခြံထွက် ရာသီပေါ်သီးနှံများဖြစ်သော ဒူးရင်းသီးနှင့် မင်းကွတ်သီးများ ထွက်နှုန်းကောင်းပြီး၊ ဈေးကောင်းလည်း ရရှိနေကြောင်းသိရသည်။

ဘောဂလိမြို့သည် တောင်ကုန်းတောင်တန်းများ၊ လျှိုမြောင်များဖြင့်ရေမြေရာသီဥတု ကောင်းခြင်းကြောင့် နှစ်စဉ် သီးနှံထွက်ရှိမှုကောင်းကြောင်း ဒေသခံတစ်ဦးကပြောသည်။ ယခုနှစ် ဇူလိုင်လမှ စတင်ပြီး ဒူးရင်းသီးနှင့် မင်းကွတ်သီးများ ရောင်းချနေရပြီဖြစ်ကြောင်း သိရသည်။

ထွက်ရှိသော သီးနှံများအား လက်လီလက်ကားရောင်းခြင်းဖြင့်လည်းကောင်း၊ ခြံပိုင်ရှင်ကိုယ်တိုင် တောင်ငူမြို့သို့ သွားရောက်ရောင်းချခြင်းဖြင့်လည်းကောင်း ဖြန့်ဖြူးလျက်ရှိကြသည်။

သာမန်အလုံးလှ ဒူးရင်းသီး တစ်လုံးလျှင် ၅၀၀ ကျပ်မှ ၇၀၀ ကျပ်၊ အလုံးကြီးများအား ၁၅၀၀ ကျပ်မှ ၂၀၀၀ ကျပ်၊ ရှယ်သီးများအား ၂၅၀၀ ကျပ်မှ ၃၀၀၀၊ ၄၀၀၀ ကျပ်နှုန်းဖြင့် ဈေးနှုန်းရရှိကြောင်း မင်းကွတ်သီးအလုံး လှတစ်လုံးလျှင် ၅၀ ကျပ်မှ ၆၀ ကျပ်ထိရရှိကြောင်း သိရသည်။

**စိုင်းခင်(ပြန်/ဆက်)**

### အများသိစေရန်ကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇/အရှေ့)၊ မြေကွက်အမှတ်(၇၉၈/က)၊ မြေကွက်တည်နေရာအမှတ်(၇၉၈/က)၊ အောင်သပြေအရှေ့ (၈) လမ်း၊ (၇)ရပ်ကွက်၊သာကေတမြို့နယ် ဒေါ်တင်တင်ဝေ [၁၂/သကတ(နိုင်)၀၈၀၁၅၄] အမည်ပေါက်နှစ်(၆၀) ဂရန်မြေကို အမည်ပေါက် ဒေါ်တင်တင်ဝေ ကိုယ်တိုင်မှ (ဂရန်)မူရင်းပျောက်ဆုံးကြောင်းတင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာခြင်းအား ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပြီး ကန့်ကွက်သူမရှိသဖြင့် ဂရန်မိတ္တူထုတ်ပေးပြီးဖြစ်၍ မူလဂရန် ထုတ်ပေးထားသည့် မြေငှားစာချုပ်အမှတ် [သကတ/၇(ရှေ့) ၁၃၅၄]ဒေါ်တင်တင်ဝေ အမည်ပေါက်နှင့် နှစ်(၆၀) မြေငှားစာချုပ် (ဂရန်) မူရင်းစာအုပ်အား မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနမှ ပယ်ဖျက်ပြီးဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၉)၊ ပြည်ထောင်စုလမ်းမ၊ မြေကွက်အမှတ်(၃၈၁)၊ အလျား ၄၂ပေ×အနံပေ၆၀နှင့် ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၉)၊ ပြည်ထောင်စုလမ်းမ မြေကွက်အမှတ်(၃၈၂)၊ အလျားပေ၄၃×အနံပေ၆၀(စုစုပေါင်းမြေကွက် (၂)ကွက်တွဲနှင့် ယင်းမြေကွက်များတွင် ဆောက်လုပ်ထားသော အဆောက်အအုံများ အပါအဝင်မြေပေါ်မြေအောက် အကျိုးခံစားခွင့်များအားလုံးတို့ကို တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူ ဟု ဝန်ခံကတိပြုသူ ဒေါ်မီမီချမ်း[၁၂/မရက(နိုင်)၀၆၈၅၅၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို အောင်မြင်ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| | | |
|---|---|---|
| ဦးမြင့်သန်း**(LL.B)** | ဒေါ်သဇင်အေး**(LL.B)** | ဒေါ်သက်ထားဆွိ**(LL.B)** |
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ |
| (စဉ်-၆၉၆၃) | (စဉ်-၈၃၃၂) | (စဉ်-၄၂၈၉၉) |

“ဇလပ်ပွင့်”အိမ်ခြံမြေ အကျိုးဆောင်လုပ်ငန်း

အမှတ်(၅၇)၊ သာယာအေးလမ်း၊ (၃)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။

ဖုန်း ၀၉-၃၁၅၄၈၃၄၈၊ ၀၉-၃၁၅၄၈၃၃၁၊ ၀၉-၃၀၃၄၇၉၈

### ကန့်ကွက်နိုင်ပါသည်

### ဖခင်အမည်မှန်

ပဲခူးမြို့၊ ထုံးကြီးကျေးရွာ၊ အထကထုံးကြီး၊ ဒသမတန်း(B)မှ မကြည်ပြာဦး၏ ဖခင်အမည်မှန်မှာ ဦးစောမောင်သက်[၇/ပခန(နိုင်)၃၃၉၅၀၆]ဖြစ်ပါကြောင်း။

### အများသိစေရန်ကြော်ငြာခြင်း

ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄၉၊ မြေကွက်အမှတ်(၁၇၀၃)၊ မြေကွက်တည်နေရာအမှတ်(၁၇၀၃)၊ (၁၄၉)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ် ဦးရွှေငိုအမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးရွှေငို[၁၂/ကမတ(နိုင်)၀၀၄၄၃၉]ကိုယ်တိုင်မှ မြေချပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကျမ်းကျိန်လွှာ၊ ဌာနဝန်ခံချက်တို့တင်ပြ၍ ပါမစ်ပျောက်ဆုံးဖြင့် နှစ်(၆၀)မြေငှားစာချုပ်ဂရန် လျှောက်ထားလာရာ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါ သည်။ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**ဆောင်းပါး**

# ဒါစိတ်ဓာတ်ကျစရာလား

**à armifrmif,x)**

အမေရိကန်နိုင်ငံမှ စိတ်ပညာပါရဂူကြီး ဝန်ကြီး ဒေါက်တာရောဘတ်ရှုလား (Dr. Robert Schuller) သည် ထင်ရှားကျော်ကြားသူဖြစ်သည်။ ဉာဏ်ပညာ အလွန်ထက်မြက် သွက်လက်သူဖြစ်၏။ လူမှုထူးချွန်သူလည်းဖြစ်၏။ မြင့်မြတ်သောစိတ်ထားနှင့် ဖြူစင်သောနှလုံးသားရှိ၏။ တစ်ဖက်သားအပေါ် ကူညီတတ်၏။ တစ်ပါးသူ၏အခက်အခဲများကို စိတ်ဝင်စား၏။ ဖြေရှင်းပေး၏။ စေတနာပါ၏။

တစ်နေ့ သူ့ထံသို့ လူနာတစ်ဦး စိတ်ပျက်လက်ပျက် နွမ်းနွမ်းလျလျ၊ အင်အားကုန်ခန်းအားလျော့တိုးညင်း ညင်သာပျော့ဖတ်နေသောလေသံဖြင့် ဖုန်းဆက်၏။

**လူနာ**။ ။ဒေါက်တာ၊ ကျွန်တော့်ဘဝတော့ သွားပါပြီ။ ရေစုန်မျောပါပြီ။ ကုန်ပါပြီဆရာကုန်ပြီ။ အားလုံးကုန်ပြီ။ တစ်မှုန်တစ်မွှား တစ်မျှင်တစ်စတောင် မရှိတော့ဘူး။ ကျွန်တော့် တစ်ဘဝလုံး ပင်ပင်ပန်းပန်း ကာယ၊ ဉာဏ၊ ဝီရိယစွမ်းအားတွေနဲ့ သုညဘဝနဲ့စခဲ့ရတဲ့ တစ်သက်တာစုဆောင်းထားတဲ့ ငွေတွေအားလုံး မီးထဲ ပါသွားပြီ။ ကျွန်တော်အသက်မရှင်ချင်တော့ဘူး၊ မနေချင်တော့ဘူး။ သေသွားတာပဲကောင်းတယ်။ ကျွန်တော့်ကိုယ်ကျွန်တော် သတ်သေတော့မယ်။ စိတ်ဆင်းရဲလိုက်ရတာ၊ ယူကျုံးမရဖြစ်လိုက်ရတာဆရာရယ်။ မခံစားနိုင်တော့ဘူး။ ကျွန်တော်ဘာလုပ်ရမလဲဆရာ။

**ဒေါက်တာ**။ ။ခင်ဗျားကောင်းကောင်းမျက်စိမြင်သေးသလား။

**လူနာ**။ ။ခင်ဗျာ၊ ဟုတ်ကဲ့ အခုထိတော့ ကောင်းကောင်းမြင်ရပါတယ်ဆရာ။

**ဒေါက်တာ**။ ။ခင်ဗျား လမ်းကောင်းကောင်း လျှောက်နိုင်သေးသလား။

**လူနာ**။ ။ခင်ဗျာ၊ ဟုတ်ကဲ့ ကောင်းကောင်း လျှောက်နိုင်ပါတယ်ဆရာ။

**ဒေါက်တာ**။ ။အင်း၊ ကျွန်တော်မေးသမျှကို လည်း ပြန်ဖြေနိုင်တယ်ဆိုတော့ ခင်ဗျားနားကောင်းကောင်းကြားသေးတာပဲ။

**လူနာ**။ ။ဟုတ်ပါတယ်ဆရာ၊ ကောင်းကောင်း ကြားရပါတယ်။

**ဒေါက်တာ**။ ။အသက်ကော ဝအောင် ကောင်းကောင်းရှူနိုင်ရဲ့လား။

**လူနာ**။ ။ဟုတ်ကဲ့၊ ဝအောင်ရှူနိုင်ပါတယ်ဆရာ။

**ဒေါက်တာ**။ ။ဒါဆို ခင်ဗျား စိတ်ညစ်စရာ၊ စိတ်ဓာတ်ကျစရာ မရှိပါဘူး။ လောကကြီးမှာ ဆက်နေနိုင်ဖို့ လိုအပ်တာတွေ ခင်ဗျားအကုန်လုံး ပိုင်ဆိုင်နေသေးတာပဲ။ ခင်ဗျားမှာ ရှိနေသေးတာပဲ။ ခင်ဗျားဆုံးရှုံးသွားတာက ခင်ဗျားပိုင်တဲ့ ငွေတစ်ခုတည်းပဲမဟုတ်လား။

**လူနာ**။ ။ဟုတ်ပါတယ်ဆရာ။

**ဒေါက်တာ**။ ။ဒါဆို ကျွန်တော်ခုနကပြောတဲ့ အချက်ကို သေချာထိုင်ပြီးစဉ်းစားကြည့်ပေါ့။ ဒီအချက်ကို လက်ခံယုံကြည်တယ်ဆိုရင် ခင်ဗျား ဘာမှစိတ်ဓာတ်ကျစရာရှိတော့မှာ မဟုတ်ပါဘူး။ ဘာဆေးမှလည်း သောက်စရာ မလိုပါဘူး။

သို့ဖြင့် ကိုယ့်ဘဝတွင် မရှိမဖြစ်သောအရာများ ကိုယ်၌ရှိနေပါ၏။ သို့သော် မရှိလည်းဖြစ်သည့်အရာများ၊ အခြေအနေများ၊ လက်လွတ်ဆုံးရှုံးခဲ့ရ၏။

မကြာခဏ မဖိတ်ခေါ်ဘဲရောက်လာတတ်သည့် အခြေအနေဆိုးများကို ပုံကြီးချဲ့၊ ဇာချဲ့၊ ရေးကြီးခွင်ကျယ် ခံစားတတ်ကြ၏။ အဆိုးဆုံးအခြေအနေများသည် စိုးရိမ်သောကရောက်ရန်၊ စိတ်ဓာတ်ကျစေရန် ပြုလုပ်နိုင်၏။ သို့ရာတွင် ဘဝဆုံးလောက်စေရန် တကယ့်တကယ်ဆိုးရွားလှသည်မဟုတ်ပါ။ လုံးဝ (လုံးဝ) မဟုတ်ပါ။ ကိုယ့်စိတ်က ပုံကြီးချဲ့ခံစားနေခြင်းကြောင့်

> **လမ်းပိတ်၊လူပိတ်၊ပစ္စည်းဖြင့်ပိတ်၊ကားကျပ် ကားပိတ်၊ ယာဉ်စီးဆင်းမှု အံ့ဆိုင်း. . .**

ဖြစ်၏။ ကိုယ့်ကိုယ်ကိုယ် ပြန်စဉ်းစားကြည့်လျှင် ထင်ရှား၏။

ဖြစ်စဉ်ဖြစ်ရပ်တိုင်းကို အလွန်အလေးထားနေသလား။ အထူးကိစ္စတစ်ရပ်အဖြစ် သဘောထားနေသလား။ ကိုယ့်ကိုယ်ကိုယ် ဝေဖန်သုံးသပ် ဆုံးဖြတ်စစ်ဆေး စီစဉ်ကြည့်သင့်၏။

တစ်ပါးသူ၊ တခြားသူ ပတ်ဝန်းကျင်ရှိသူများ ဆွေမျိုးမိတ်ဆွေအသိုင်းအဝိုင်းများက နှစ်ခါပြန်မစဉ်းစားတတ်သည့် အထွေထွေကိစ္စရပ်များ၊ သူတို့နှင့်ကိုယ် ဆက်စပ်ပတ်သက်သည့်များမြောင်လှသောအချင်းအရာများကိုကောရက်သတ္တပတ်ခန့်အိပ်မပျော်လောက်အောင် အလေးအနက်ထားတွေးတော ဒေးမောစဉ်းစားနေတတ်သလား။ ခေါင်းထဲရင်ဘတ်ထဲထည့်ထား စွဲလမ်းနေတတ်သလား။ ဤသို့ဖြင့် စိတ်ရှုပ် စိတ်ဆင်းရဲရုံမှတစ်ပါး အခြားမရှိပြီ။

ထို့ပြင် ပတ်ဝန်းကျင်ရှိလူများက အလေးထား စိတ်ဝင်တစား ဂရုတစိုက် အချိန်ပေးစောင့်ကြည့်နေတတ်ကြသည်ဟူ၍ ထင်နေ ယူဆနေ အာရုံရနေတတ်ပါသေးသလား။ သည်အထင်အမြင် လုံးဝ (လုံးဝ) မမှန်ပါ။ မဟုတ်ပါ။ မဖြစ်နိုင်ပါ။ လူသားတိုင်း ကိုယ်စီကိုယ်စီ ကိုယ့်ကိစ္စနှင့်ကိုယ် ရှုန်းကန်လှုပ်ရှား ဘဝကိုဖြတ်သန်းနေကြရ၏။ ကိုယ့်လမ်းကိုယ်လျှောက်နေကြရ၏။ ကိစ္စများမြောင်လူတို့ဘောင်။ ကိုယ့်ကိစ္စနှင့်ကိုယ် များနေ၏။ အစဉ်လှုပ်ရှားနေ၏။ စားချိန်၊ နားချိန်၊ အားချိန် မနည်းအချိန်လုနေကြရ၏။ အချိန်လုယက်နေသူများ ဖြစ်ကြ၏။ သို့ဖြင့် သူတို့၏ တစ်ပါးသူအပေါ် စိတ်ဝင်တစား အာရုံစိတ်ညွှတ်ရန် ဝေလာဝေး။

ယခုခေတ်မှာ ယခင်အဟောင်းအနွမ်း အညစ်များမှ အကောင်းအဆန်း အသစ်များဖြင့် အစားထိုးပေါက်ဖွားနေ၏။ အရာရာဆန်းသစ်နေ၏။ ခေတ်နှင့်အမီလိုက်နိုင်ရန် လိုက်တမ်းပြေးတမ်းကစားနေကြရ၏။ သူနိုင်ကိုယ်နိုင် အပြိုင်ကြဲနေကြရ၏။ နေအိမ်မှထွက်သည်နှင့် ကားပေါ်ရောက်၊ လူသွားလမ်း၊ ယာဉ်သွားလမ်း၊ လမ်းဟူသမျှ ရုပ်ဝတ္ထုပစ္စည်းမျိုးစုံ အမျိုးအစား အမျိုးအမည် အရောင်အသွေးစုံ လူများ၊ ယာဉ်များ၊ ရုပ်ဝတ္ထုများဖြင့် အကြားမရှိ ပြည့်နှက်နေပါတော့သည်။

လမ်းပိတ်၊ လူပိတ်၊ ပစ္စည်းဖြင့်ပိတ်၊ ကားကျပ်၊ ကားပိတ်၊ ယာဉ်စီးဆင်းမှု အံ့ဆိုင်း၊ ညို့မှိုင်း၊ နှေးကွေး၊ လေးလံ၊ တုံ့ဆိုင်း၊ ထိုင်းမှိုင်းနေ၏။ သံသရာခရီးသွားတို့ ကိုယ့်ခရီးပေါက်ရန် စောင့်ဆိုင်းချိန်၊ ထွက်ခွာချိန်၊ ကြန့်ကြာချိန်၊ ဆိုက်ရောက်ချိန် အရာရာအတွက် ချင့်ချိန်ရွေးချယ် သွားလာရ၏။ အတွက်အချက် သင်္ချာသမားများ ဖြစ်ကုန်တော့သည်။

ရယူဖို့အတွက် ပေးဆပ်နေကြရ၏။ အကြွေးယူ၊ အကြွေးဆပ်နေသူများ ရယူသူနှင့် ပေးဆပ်သူများဖြစ်ကြ၏။

သို့ဖြစ်ပါသောကြောင့် အားလုံးအားလုံး သူလိုကိုယ်လိုလူများ ဖြစ်ကုန်ကြ၏။ သူတို့ နှင့် အလိုက်သင့်ရောနှောနေတတ်ဖို့ပင် လိုပါ၏။

သို့ဖြင့် အချို့အချို့သောကိစ္စရပ်များ၊ အထွေထွေကိစ္စရပ်များ ကိစ္စတိုင်းကို အလေးအနက်ထား စဉ်းစားကာ စိတ်လေးလံဆင်းရဲ ကျဉ်းကျပ်ဖိစီး ပူပင်စိုးရိမ်သောကရောက်နေပြီး နေသင့်ပါသလား။ ဒါစိတ်ဓာတ်ကျစရာလား။ စဉ်းစားဆင်ခြင် သုံးသပ်ဆုံးဖြတ်သင့်ပါ၏။

စိတ်ဓာတ်မကျပါနှင့်၊ ဘာဖြစ်ဖြစ် စိတ်ဓာတ်မကျပါနှင့်။ နောက်ပြီးရင်ကောင်းသွားမည်။ ပျော်တတ်အောင်ကြိုးစားပါ။ ဘာဒုက္ခမှ မကြောက်ပါနှင့်။ လာပါစေ။ ရင်ဆိုင်နိုင်၏။ ရိုးရိုးသားသား ပျော်ရွှင်စွာနေမည်။ ဘဝအချိန်ကျရင် ပြီးဆုံးမည်။ ဘဝသည် မှန်တစ်ချပ်လိုပဲ။ ကွဲအက်လွယ်သည်မဟုတ်ပါလား။ ဘာဖြစ်ဖြစ် စိတ်ဓာတ်မကျသူများ၊ ပျော်တတ်သည့်စိတ်ဓာတ်မွေးမြူကျင့်သုံးနိုင်သူများ ဖြစ်ကြပါစေဟူ၍ ဆန္ဒပြု ဆုမွန်ခြွေ တင်ပြလိုက်ရပါ၏။

# မိုးခေါင်မှုဖြစ်ပေါ်နေသော ညောင်ဦးမြို့နယ်အတွင်းဒေသများတွင် ဩဂုတ် ၂၀ ရက်တွင် မိုးစတင်ရွာသွန်း

**ညောင်ဦး၊ ဩဂုတ် ၂၃**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်အတွင်းဒေသများတွင်လည်းကောင်း၊ မြို့နယ်နီးနားချင်းဖြစ်သော ကျောက်ပန်းတောင်း၊ တောင်သာ၊ ချောက်မြို့နယ်များတွင် မိုးခေါင်မှုဖြစ်ပွားခဲ့ရာ ဩဂုတ် ၂၀ ရက် နံနက် ၃ နာရီမှ စတင်၍ညောင်ဦးတွင် မိုးဖွဲဖွဲ ရွာသွန်းခဲ့ကြောင်း တောင်သူများ၏ ပြောပြချက်အရသိရသည်။

"ကျွန်တော်တို့မှာ မိုးခေါင်နေစဉ်က ရင်ဆိုင်နေရတာကတော့ နွားစာ ရှာရတဲ့ဒုက္ခပါ။ နွားစာကို ဝေးလံတဲ့အရပ်ဖြစ်တဲ့ မြစ်ရေတင်များရှိရာ ဒေသတွေမှာ နွားစာဝယ်ရတယ်။ နွားစာရှာဝယ်ရတဲ့အတွက် တောင်သူတွေ အပိုကုန်ကျစရိတ်တွေများပြားခဲ့တယ်။ အခုလိုမိုးကျလာရင် ကျွန်တော်တို့စိုက်တဲ့စိုက်ခင်းတွေဖြစ်တဲ့ မြေပဲခင်း၊ ပဲတီစိမ်းခင်းတွေထဲက ပေါင်းပင်ကို နှုတ်ကျွေးရင်ကို နွားစာရပါပြီ။ အဲဒီအတွက်ကြောင့် အခုလိုမိုးရွာသွန်းတော့ ကျွန်တော်တို့တောင်သူတွေ ဝမ်းသာရတာပေါ့" ဟု ညောင်ကြီးရွာသားတစ်ဦးက ပြောသည်။

"ကျွန်တော်တို့ကတော့ မိုးကိုမျှော်လိုက်ရတာ တစ်နေ့ဖြင့်ရွာနိုး၊ တစ်နေ့ဖြင့်ရွာနိုးနဲ့ပေါ့။ ရွာမှရွာပါတော့မလားလို့တောင် အောက်မေ့ရတယ်။ အခုလိုမိုးရွာလာတော့ ကျွန်တော်တို့စိုက်ထားတဲ့ မြေပဲခင်းတွေလည်း တသန်ထဲကောင်းနိုင်တော့မှာ။ ပဲတီစိမ်းလည်း အနည်းနဲ့အများ ရနိုင်တယ်။ မိုးနှောင်းတော့ မျိုးနှောင်းဆိုတာကို မျှော်လင့်ချက်ရှိပါသေးတယ်။ သီးနှံတွေရနိုင်ပါသေးတယ်။ နှမ်းကြီးလည်း တစ်သီးမျှော်လင့်စရာရှိပါတယ်။ ယခုလိုမိုးရွာတော့ ဝါခေါင်ပဲတီစိမ်း စိုက်လို့ရသေးတာပေါ့။ နှမ်းကြီးလည်းကြဲလို့ရတာပေါ့။ နွားစာအဖြစ် နှံစားပြောင်း၊ ဆပ်ပြောင်းကိုလည်းစိုက်လို့ရတဲ့အတွက် ကျွန်တော်တို့တောင်သူတွေ မိုးရွာတော့ ဝမ်းသာရတာပေါ့။ သီးနှံအတွက် မိုးရွာပြီဆိုတော့လဲ ကန်ရေဝင်ဖို့အတွက် မိုးမျှော်ရပါသေးတယ်" ဟု ရွာသာအေး ရွာသားတစ်ဦးက ပြောသည်။

အဆိုပါဒေသများတွင် မိုးခေါင်နေသောကြောင့်ကျေးလက်နေ လယ်ယာလုပ်ကိုင်သူတောင်သူများစိုက်ပျိုးသီးနှံနှင့် နွားစာအတွက်ပူပန်နေကြရသည်။ **ကျော်ဌေး(ညောင်ဦး)**




"၉-၈-၂၀၁၄ ရက်ထုတ် ကြေးမုံသတင်းစာ(ကြော်ငြာ)စာမျက်နှာ-(၈)ပါ Mr.C.P Nowrojee(သို့မဟုတ်)၎င်း၏ အမွေစားအမွေခံများသိစေရန်" ခေါင်းစီးပါ ကြော်ငြာနှင့်ပတ်သက်၍ အများသိရှိရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်(ယခင်အင်းစိန်ခရိုင်)၊ အင်းစိန်မြို့နယ်၊ ပြည်လမ်း၊ (၁၀) မိုင်ကုန်းတွင်တည်ရှိသော Hie Gwe-Sam၊ ကွင်းအမှတ်(၃၉၅)၊ မြေကွက်အမှတ်(၁၀)၊ ဦးပိုင်အမှတ်-(A-106 နှင့် A-107)၊ ဧရိယာ-(100ft × 100ft)၊ (လ/န-၃၉၈ရပြီး) ဘိုးဘွားပိုင်မြေကွက်သည် ကွယ်လွန်သူ သီဟသူရဗိုလ်ကြီးခွန်ရွှေထိုက်(BC-5293)၏ဇနီး ဒေါ်စောတင်ယု(ခ)ဒေါ်စပ်သီရိယုဇနထိုက်(ကွယ်လွန်) ကျန်ရစ်ခဲ့သော ပစ္စည်းဖြစ်ပါသည်။

၎င်းဇနီးမောင်နှံမှ သားသမီးအဖြစ် ၁။ဒေါ်စောမြစန္ဒီ ၂။ ဒေါ်စောမြဝတီ၊ ၃။ ဒေါ်စောမြစန္ဒာ (ခ) စပ်မြစန္ဒာ၊ ၄။ ဒေါ်စောသီဟမာလာထိုက်(ခ)စပ်သီဟမာလာစသည့် ညီအစ်မ(၄)ဦး ထွန်းကားပြီးသက်ရှိထင်ရှားရှိနေကြပါသည်။ ထိုသမီး(၄)ဦးအနက်မှ ဒေါ်စောမြစန္ဒာ(ခ)စပ်မြစန္ဒာနှင့် ဒေါ်စောသီဟမာလာထိုက်(ခ) စပ်သီဟမာလာတို့ လက်ရှိနေထိုင်လျက်ရှိသော အထက်ဖော်ပြပါ မြေကွက်သည် ညီအစ်မ(၄) ဦးစလုံး၏ အမွေဆိုင်ပစ္စည်းဖြစ်သဖြင့် နေထိုင်နေသူညီအစ်မ နှစ်ဦးတည်း၏ဆန္ဒဖြင့် တစ်စုံတစ်ရာမျှ ဆောင်ရွက်ပိုင်ခွင့်မရှိဘဲ ညီအစ်မ(၄)ဦးစလုံး၏ သဘောတူညီချက်အရသာ ဆောင်ရွက်ရမည်ဖြစ်သည်ကို အများသိရှိစေရန် အသိပေး ကြေညာ အပ်ပါသည်။

ဒေါ်စောမြစန္ဒီ၏လွှဲအပ်ညွှန်ကြားချက်အရ
(ဦးမျိုးဟန်)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၅၁)
အမှတ်-(၁၉၆)၊ပ-ထပ်၊ (၃၃)လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။



ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
လှိုင်မြို့နယ်တရားရုံးတော်၌
၂၀၁၄ခုနှစ်၊ တရားမကြီးမှုအမှတ်-(၇)

ဒေါ်ခင်စန်းဝေ နှင့် ၁။ ဒေါ်ခင်မော်မော်
၂။ ဦးအေးကြူ
၃။ ဦးသိန်းမောင်
(တရားလို) (တရားပြိုင်များ)

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ ကန်လမ်း၊ အမှတ်(၁၇၊၁၈)တွင် နေထိုင်ခဲ့သူ ဖြစ်သော ဦးအေးကြူ၊ ဦးသိန်းမောင်(ယခု နေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ကတိပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်မှတ်ပုံတင်ပေးစေလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ခုနှစ်၊ ဩဂုတ်လ ၂၉ရက်၊ ၁၃၇၆ ခုနှစ်၊ တော်သလင်းလဆန်း ၅ရက် မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့်စာချုပ်စာတမ်းနှင့် သင်ကထုချေတင်ပြလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။

၂၀၁၄ခုနှစ်၊ ဩဂုတ်လ ၂၁ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုး ထုတ်ပေးလိုက်သည်။

မူမူအေး
တွဲဖက်မြို့နယ်တရားသူကြီး
လှိုင်မြို့နယ်တရားရုံး



**ရင်ခုန်သံ**
နာကျင်မှုမရှိဘဲ ထာဝရလှပသော
3D မျက်ခုံးမွှေး Eye Liner ထိုးသည်။
(တစ်ခါသုံးပစ္စည်းများဖြင့်သာ)
၂၀၊ မာလာမြိုင်၅လမ်း၊ ၁၆ရပ်ကွက်၊
လှိုင်မြို့နယ်၊ ဖုန်း-၀၉-၅၂၇၅၄၉၃
(သင်တန်းလက်ခံပြီ)




**သွေးသည် အသက်**

# နည်းပညာကျွမ်းကျင်မှုနှင့် အသက်မွေးဝမ်းကျောင်းပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေး အထူးလုပ်ငန်းအဖွဲ့

အခြေခံပညာကျောင်းအသီးသီးမှ စတုတ္ထတန်း၊ အဋ္ဌမတန်းနှင့် တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး အကြောင်းအမျိုးမျိုးကြောင့် ကျောင်းဆက်လက်မတက်ရောက်နိုင်သော ကလေးများနှင့်လူငယ်များ၊ မြန်မာစာရေးတတ်၊ ဖတ်တတ်အဆင့်ရှိ ကလေးများနှင့်လူငယ်များအနေဖြင့် အစိုးရဝန်ကြီးဌာနအသီးသီးမှ ဖွင့်လှစ်သောနည်းပညာကျွမ်းကျင်မှုနှင့် အသက်မွေးပညာသင်တန်းများကို တက်ရောက်သင်ယူနိုင်သည့် အခွင့်အလမ်းများရှိပါသည်။ အချို့သောဝန်ကြီးဌာနများတွင် Mobile Vocational Training Unit များလည်း ဖွဲ့စည်းထားရှိပါသည်။

Mobile Vocational Training Unit များသည် ဒေသခံပြည်သူများ၏ လိုအပ်ချက်နှင့်အညီ သင်ကြားပေးစေလိုသည့် ဘာသာရပ်၊ သင်တန်းအမျိုးအစားဖြင့် သက်ဆိုင်ရာမြို့နယ်မှ ခရိုင်အဆင့်၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့် အုပ်ချုပ်ရေးအဖွဲ့အစည်းများမှတစ်ဆင့် တောင်းဆိုပါက အနည်းဆုံးသင်ယူလိုသူ (၃၀)ဦးထက်မနည်း စုစည်းပေးနိုင်မည်ဆိုလျှင် သက်ဆိုင်ရာဌာနမှ အဆိုပါ Mobile Vocational Training Unit အဖွဲ့များစေလွှတ်၍ သင်ကြားလေ့ကျင့်ပေးမည် ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

အစိုးရဝန်ကြီးဌာနအသီးသီးအနက်မှ ပညာရေးဝန်ကြီးဌာနအနေဖြင့် ယှဉ်တွဲပါဇယားအရ အမည်ဖော်ပြထားသော သင်တန်းများကို ဖွင့်လှစ်လျက်ရှိရာ တက်ရောက်သင်ကြားလိုသူများအနေဖြင့် သက်ဆိုင်ရာသင်တန်းကျောင်း(သို့မဟုတ်) အောက်ဖော်ပြပါတက္ကသိုလ်များ၏ ဖုန်းနံပါတ်များသို့ ဆက်သွယ် မေးမြန်းစုံစမ်းနိုင်ပါသည်။

**အထူးလုပ်ငန်းအဖွဲ့** ဖုန်း-၀၁-၅၅၅၈၂၄၊ ၀၁-၅၄၂၈၇၇

**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန** ဖုန်း-၀၆၇-၄၀၄၅၀၅၊ ၀၆၇-၄၀၄၅၀၆ (နေပြည်တော်)

**ရန်ကုန်တက္ကသိုလ်-၀၁-၅၃၄၀၉၈၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်-၀၉-၈၆၂၈၈၄၁၊ ၀၁-၅၃၉၇၆၁၊ ရန်ကုန်ပညာရေးတက္ကသိုလ်-၀၁-၅၂၆၉၃၇၊ ၀၁-၅၃၄၂၇၃၊ မန္တလေးတက္ကသိုလ်-၀၂-၆၂၁၂၉၊ ၊ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်-၀၂-၇၇၂၇၄၊ တောင်ငူတက္ကသိုလ် -၀၅၄-၂၄၀၀၁၊ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်-၀၁-၅၁၅၂၃၆၊ ရန်ကုန်အဝေးသင်တက္ကသိုလ်-၀၁-၅၃၆၅၈၁၊ ဒဂုံတက္ကသိုလ်-၀၁-၅၈၅၀၀၉၊ မုံရွာစီးပွားရေးတက္ကသိုလ်-၀၇၁-၂၃၆၅၈၊ ၀၇၁-၂၄၇၃၆**

နည်းပညာကျွမ်းကျင်မှုနှင့် အသက်မွေးဝမ်းကျောင်းပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေးအထူးလုပ်ငန်းအဖွဲ့ ပညာရေးဝန်ကြီးဌာနမှ ဖွင့်လှစ်ပို့ချလျက်ရှိသော အသက်မွေးဝမ်းကျောင်းသင်တန်းများ

| စဉ် | ဝန်ကြီးဌာန | သင်တန်းကျောင်း အမည်/လိပ်စာ | ဖွင့်လှစ်နေသော သင်တန်းများ | သင်တန်းသား အရည်အချင်း | သင်တန်း ကာလ | သင်တန်းကြေး (သင်တန်းအစ-ဆုံး) | စားစရိတ် | အဆောင် | သင်တန်းဆင်း လက်မှတ်အဆင့် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| ၁။ | ပညာရေး ဝန်ကြီး ဌာန | ၁။ ရန်ကုန် တက္ကသိုလ် | ၁။ စီးပွားရေးလုပ်ငန်းဆိုင်ရာ ဥပဒေပညာဒီပလိုမာ | ဘွဲ့ရ | | ၄၀၀၀၀ကျပ် | မိမိ အစီ အစဉ် | မိမိ အစီ အစဉ် | ဒီပလိုမာ | |
| | | | ၂။ Web Based Teaching System for M.Sc (Computer Science) | ဘွဲ့ရ | တစ်ဦးချင်း ပြီးဆုံးသည် အထိ ၉ လ | ၈၀၀၀၀၀ကျပ် | | | မဟာဘွဲ့ | |
| | | | ၃။ ပင်လယ်ရေကြောင်း ဆိုင်ရာဥပဒေပညာ | ဘွဲ့ရ | ၉ လ | ၄၀၀၀၀ကျပ် | | | ဒီပလိုမာ | |
| | | | ၄။ အပြည်ပြည်ဆိုင်ရာ ဥပဒေပညာ | ဘွဲ့ရ | ၉ လ | ၄၀၀၀၀ကျပ် | | | ဒီပလိုမာ | |
| | | | ၅။ နိုင်ငံတကာဆက်ဆံ ရေးပညာ | ဘွဲ့ရ | ၉ လ | ၄၀၀၀၀ကျပ် | | | ဒီပလိုမာ | |
| | | | ၆။ ဘွဲ့လွန် ကွန်ပျူတာ | ဘွဲ့ရ | ၁ နှစ် ၆လ | ၇၅၀၀၀ကျပ် | | | ဒီပလိုမာ | |
| | | | ၇။ အရှေ့တိုင်းပညာ | ဘွဲ့ရ | ၉ လ | ၄၀၀၀၀ကျပ် | | | ဒီပလိုမာ | |
| | | | ၈။ Postgraduate Diploma in Computer Application | ဘွဲ့ရ | တစ်ဦးချင်းပြီးဆုံး သည်အထိ ၁ နှစ် | ၁၂၅၀၀၀ကျပ် | | | ဒီပလိုမာ | |
| | | | ၉။ Web-Based Teaching System for Diploma in Computer Science | ဘွဲ့ရ | တစ်ဦးချင်းပြီးဆုံး သည်အထိ ၁ နှစ် | ၂၄၀၀၀၀ကျပ် | | | ဒီပလိုမာ | |
| | | | ၁၀။ Master of Business Law | ဘွဲ့ရ | ၁ နှစ် | ၆၀၀၀၀ကျပ် | | | မဟာဘွဲ့ | |
| | | | ၁၁။ အလှကုန်လုပ်ငန်း အတတ်ပညာသင်တန်း | တက္ကသိုလ် ဝင်တန်းအောင် | ၃ လ | ၅၀၀၀၀ကျပ် | | | ဌာနအသိအမှတ် ပြုလက်မှတ် | |
| | | | ၁၂။ စာပေတည်းဖြတ်မှု အတတ်ပညာသင်တန်း | တက္ကသိုလ် ဝင်တန်းအောင် | ၃ လ | ၇၅၀၀၀ကျပ် | | | ဌာနအသိအမှတ် ပြုလက်မှတ် | |
| ၁။ | ပညာရေး ဝန်ကြီးဌာန | ၂။ မန္တလေး တက္ကသိုလ် | ၁။ Diploma in International Law | ဘွဲ့ရ | ၉ လ | ၆၀၀၀၀ကျပ် | မိမိ အစီ အစဉ် | မိမိ အစီ အစဉ် | ဒီပလိုမာ | |
| | | | ၂။ Diploma in International Relations | ဘွဲ့ရ | ၉ လ | ၆၀၀၀၀ကျပ် | | | ဒီပလိုမာ | |
| | | | ၃။ Diploma in Oriental Studies | ဘွဲ့ရ | ၉ လ | ၆၀၀၀၀ကျပ် | | | ဒီပလိုမာ | |
| | | | ၄။ Diploma in Business Law | ဘွဲ့ရ | ၉ လ | ၆၀၀၀၀ကျပ် | | | ဒီပလိုမာ | |
| | | | ၅။ Certificate in ASEAN Economics Studies | ဘွဲ့ရ | ၃ လ | ၆၀၀၀၀ကျပ် | | | လက်မှတ်ရ | |
| ၁။ | ပညာရေး ဝန်ကြီးဌာန | ၃။ ရန်ကုန် စီးပွားရေး တက္ကသိုလ် | ၁။ Certificate in Book Keeping | တက္ကသိုလ်ဝင် တန်းအောင် | ၆ လ | ၃၀၀၀၀ကျပ် | မိမိ အစီ အစဉ် | မိမိ အစီ အစဉ် | ဌာနအသိအမှတ် ပြုလက်မှတ် | |
| | | | ၂။ Certificate in Advanced Accounting | တက္ကသိုလ်ဝင် တန်းအောင်(သို့) CBK အောင်မြင်သူ | ၆ လ | ၄၀၀၀၀ကျပ် | | | ဌာနအသိအမှတ် ပြုလက်မှတ် | |
| | | | ၃။ Diploma in Secretarial Management | တက္ကသိုလ်ဝင် တန်းအောင် | ၆ လ | ၆၀၀၀၀ကျပ် | | | ဒီပလိုမာ | |
| | | | ၄။ Diploma in Management Accounting | စီးပွားရေးပညာ ဘွဲ့/ဒီပလိုမာ ရရှိသူ | ၉ လ | ၆၀၀၀၀ကျပ် | | | ဒီပလိုမာ | |
| | | | ၅။ Diploma in Financial Accounting | စီးပွားရေးပညာ ဘွဲ့/ဒီပလိုမာ ရရှိသူ | ၉ လ | ၆၀၀၀၀ကျပ် | | | ဒီပလိုမာ | |
| | | | ၆။ Diploma in Business Studies | ဘွဲ့ရ | ၉ လ | ၆၀၀၀၀ကျပ် | | | ဒီပလိုမာ | |
| | | | ၇။ Diploma in Diploment Studies | ဘွဲ့ရ | ၉ လ | ၆၀၀၀၀ကျပ် | | | ဒီပလိုမာ | |
| ၁။ | ပညာရေး ဝန်ကြီးဌာန | ၄။ ရန်ကုန် ပညာရေး တက္ကသိုလ် | ၁။ Postgraduate Diploma in Multimedia Arts (PGDMA) | ဘွဲ့ရ | ၁၀ လ | ၆၀၀၀၀ကျပ် | မိမိ အစီ အစဉ် | မိမိ အစီ အစဉ် | ဒီပလိုမာ | |
| | | | ၂။ M.Phil(Education) | ဘွဲ့ရ | ၂ နှစ် | ၇၂၀၀၀ကျပ် | | | မဟာဘွဲ့ | |
| | | | ၃။ Master of Arts (Teaching or English as a Foreign Language MA(TEFL) | ဘွဲ့ရ | ၁၀ လ | ၅၀၀၀၀ကျပ် | | | မဟာဘွဲ့ | |
| | | | ၄။ Diploma in English Language Teaching Methodology/DP (ELTM) batch | ဘွဲ့ရ | ၁၀ လ | ၃၀၀၀၀ကျပ် | | | ဒီပလိုမာ | |
| | | ၅။ ရန်ကုန် အဝေးသင်တက္ကသိုလ် | ၁။ Online Diploma in Law | ဘွဲ့ရ | ၁၀ လ | ၅၄၀၀၀၀ကျပ် | | | ဒီပလိုမာ | |
| | | | ၂။ Online LLB | ဥပဒေဘွဲ့မှအပ မည်သည့် ဘွဲ့ရမဆို/ တက္ကသိုလ်ဝင်တန်းအောင် | ၅ နှစ် | တစ်နှစ်လျှင် ၃၄၆၀၀၀ကျပ် | | | ဘွဲ့ | |
| | | ၆။ ဒဂုံ တက္ကသိုလ် | ၁။ Diploma in Geographic Information System | ဘွဲ့ရ | ၉ လ | ၅၀၀၀၀ကျပ် | | | ဒီပလိုမာ | |
| | | ၇။ ရန်ကုန်နိုင်ငံခြား ဘာသာတက္ကသိုလ် | ၁။ တရုတ်ဘာသာ | တက္ကသိုလ်ဝင် တန်းအောင် | ၆ လ | ၆၀၀၀၀ကျပ် | | | ဌာနအသိ အမှတ်ပြုလက်မှတ် | |
| | | | ၂။ ပြင်သစ်ဘာသာ | တက္ကသိုလ်ဝင် တန်းအောင် | ၃ လ | ၃၀၀၀၀ကျပ် | | | ဌာနအသိ အမှတ်ပြုလက်မှတ် | |
| | | | ၃။ ဂျာမန်ဘာသာ | တက္ကသိုလ်ဝင် တန်းအောင် | ၃ လ | ၃၀၀၀၀ကျပ် | | | ဌာနအသိ အမှတ်ပြုလက်မှတ် | |
| | | | ၄။ ဂျပန်ဘာသာ | တက္ကသိုလ်ဝင် တန်းအောင် | ၃ လ | ၃၀၀၀၀ကျပ် | | | ဌာနအသိ အမှတ်ပြုလက်မှတ် | |
| | | | ၅။ ကိုရီးယားဘာသာ | တက္ကသိုလ်ဝင် တန်းအောင် | ၃ လ | ၃၀၀၀၀ကျပ် | | | ဌာနအသိ အမှတ်ပြုလက်မှတ် | |
| | | | ၆။ ရုရှားဘာသာ | တက္ကသိုလ်ဝင် တန်းအောင် | ၃ လ | ၃၀၀၀၀ကျပ် | | | ဌာနအသိ အမှတ်ပြုလက်မှတ် | |
| | | | ၇။ ထိုင်းဘာသာ | တက္ကသိုလ်ဝင် တန်းအောင် | ၃ လ | ၃၀၀၀၀ကျပ် | | | ဌာနအသိ အမှတ်ပြုလက်မှတ် | |

စာမျက်နှာ ၂၁ သို့

စာမျက်နှာ ၂၀ မှ

| စဉ် | ဝန်ကြီးဌာန | သင်တန်းကျောင်း အမည်/လိပ်စာ | ဖွင့်လှစ်နေသော သင်တန်းများ | သင်တန်းသား အရည်အချင်း | သင်တန်း ကာလ | သင်တန်းကြေး (သင်တန်းအစ-ဆုံး) | စားစရိတ် | အဆောင် | သင်တန်းဆင်း လက်မှတ်အဆင့် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | | ၈။ အင်္ဂလိပ်ဘာသာ စကား | တက္ကသိုလ်ဝင် တန်းအောင် | ၃ လ | ၃၀၀၀၀ကျပ် | | | ဌာနအသိ အမှတ်ပြုလက်မှတ် | |
| | | | ၉။နိုင်ငံခြားသားများ အတွက် မြန်မာ ဘာသာစကားသင်တန်း | တက္ကသိုလ်ဝင်တန်း အောင်နှင့်တူသော အရည်အချင်းအောင် လက်မှတ် | ၆ လ | $ 360 | | | ဌာနအသိ အမှတ်ပြုလက်မှတ် | |
| | | | ၁၀။နိုင်ငံခြားသားများ အတွက် မြန်မာ ဘာသာစကားသင်တန်း | တက္ကသိုလ်ဝင်တန်း အောင်နှင့်တူသော အရည်အချင်းအောင် လက်မှတ် | ၃ လ | $ 180 | | | ဌာနအသိ အမှတ်ပြုလက်မှတ် | |
| ၁။ | ပညာရေး ဝန်ကြီးဌာန | ၈။ မန္တလေးနိုင်ငံခြား ဘာသာ တက္ကသိုလ် | ၁။ Diploma in English (Basic Level) | တက္ကသိုလ်ဝင် တန်းအောင် | ၃ လ | ၂၀၀၀၀ကျပ် | မိမိ အစီ အစဉ် | မိမိ အစီ အစဉ် | ဌာနအသိအမှတ် ပြုလက်မှတ် | ဝင်ခွင့်စာမေးပွဲ ဖြေဆိုအောင် မြင်ရမည်ဖြစ် ပါသည်။ |
| | | | ၂။ Diploma in English (Intermediate Level) | Basic Levelအောင် | ၃ လ | ၂၀၀၀၀ကျပ် | | | ဌာနအသိအမှတ် ပြုလက်မှတ် | |
| | | | ၃။ Diploma in English (Advanced Level) | Intermediate Level အောင် | ၃ လ | ၂၀၀၀၀ကျပ် | | | Level(၃)ခုပြီးမြောက် ပါက ဒီပလိုမာလက်မှတ် ချီးမြှင့်ပါသည်။ | |
| | | | ၄။ Postgraduate Diploma in English (Basic Level) | ဘွဲ့ရ | ၃ လ | ၂၀၀၀၀ကျပ် | | | ဌာနအသိအမှတ် ပြုလက်မှတ် | ဝင်ခွင့်စာမေးပွဲ ဖြေဆိုအောင် မြင်ရမည်ဖြစ် ပါသည်။ |
| | | | ၅။ Postgraduate Diploma in English (Intermediate Level) | Basic Level အောင် | ၃ လ | ၂၀၀၀၀ကျပ် | | | ဌာနအသိအမှတ် ပြုလက်မှတ် | Diploma in English(Advanced Level) အောင်မြင်ပြီး တက္ကသိုလ်တစ် ခုခုမှ ဘွဲ့ရပြီးသူ ဖြစ်ပါက ပေါင်း ကူးတက်ရောက် နိုင်ပါသည်။ |
| | | | ၆။ Postgraduate Diploma in English(Upper Intermediate Level) | Intermediate Levelအောင် | ၃ လ | ၂၀၀၀၀ကျပ် | | | ဌာနအသိအမှတ် ပြုလက်မှတ် | |
| | | | ၇။ Postgraduate Diploma in English(Advanced Level-1) | Upper Intermediate Level အောင် | ၃ လ | ၂၀၀၀၀ကျပ် | | | ဌာနအသိအမှတ် ပြုလက်မှတ် | |
| | | | ၈။ Postgraduate Diploma in English(Advanced Level-II) | Advanced Level-1 အောင် | ၃ လ | ၂၀၀၀၀ကျပ် | | | Level(၅)ခုပြီးမြောက် ပါက ဒီပလိုမာလက်မှတ် ချီးမြှင့်ပါသည်။ | |
| | | | ၉။ နိုင်ငံခြားဘာသာ စကားကျွမ်းကျင်မှုသင်တန်း (Basic Level-1 Term-I,II) | တက္ကသိုလ်ဝင် တန်းအောင် | ၆ လ | ၄၀၀၀၀ကျပ် | | | ဌာနအသိအမှတ်ပြု လက်မှတ် | တရုတ်၊ ပြင်သစ်၊ ဂျာမန်၊ ဂျပန်၊ ကိုရီးယား၊ ရုရှား၊ ဘာသာစကားများ |
| | | | ၁၀။နိုင်ငံခြားဘာသာစကား ကျွမ်းကျင်မှုသင်တန်း (Basic Level II) | Basic Level-1 Term-1,II အောင် | ၃ လ | ၂၀၀၀၀ကျပ် | | | ဌာနအသိအမှတ်ပြု လက်မှတ် | |
| | | | ၁၁။နိုင်ငံခြားဘာသာစကား ကျွမ်းကျင်မှုသင်တန်း (Intermediate Level-1 Term-I,II) | Basic Level-II အောင် | ၆ လ | ၄၀၀၀၀ကျပ် | | | ဌာနအသိအမှတ်ပြု လက်မှတ် | |
| | | | ၁၂။နိုင်ငံခြားဘာသာစကား ကျွမ်းကျင်မှုသင်တန်း (Intermediate Level II) | Intermediate Level-1 Term-I,II အောင် | ၃ လ | ၂၀၀၀၀ကျပ် | | | ဌာနအသိအမှတ်ပြု လက်မှတ် | |
| | | | ၁၃။နိုင်ငံခြားဘာသာစကား ကျွမ်းကျင်မှုသင်တန်း (Advanced Level I, Term-I,II) | Intermediate Level-II အောင် | ၆ လ | ၄၀၀၀၀ကျပ် | | | ဌာနအသိအမှတ်ပြု လက်မှတ် | |
| | | | ၁၄။နိုင်ငံခြားဘာသာစကား ကျွမ်းကျင်မှုသင်တန်း (Advanced Level II) | Advanced Level-1 Term-I,II အောင် | ၃ လ | ၂၀၀၀၀ကျပ် | | | ဌာနအသိအမှတ်ပြု လက်မှတ် | (Advanced Level-II) အောင်မြင်ပြီး တက္ကသိုလ်တစ်ခုခု မှဘွဲ့ရပြီးသူ ဖြစ် ပါက(ဘွဲ့လွန်ဒီပ လိုမာအချိန်ပိုင်း တတိယနှစ်သင်တန်း) သို့ဝင်ခွင့်ဖြေဆိုပြီး အောင်မြင်ပါက ပေါင်းကူးတက် ရောက်နိုင်ပါသည်။ |
| | | | ၁၅။English Language Proficiency Course | တက္ကသိုလ်ဝင် တန်းအောင် | ၃ လ | ၁၀၀၀၀ကျပ် | | | ဌာနအသိအမှတ်ပြု လက်မှတ် | |
| | | | ၁၆။Basic Computer | အနိမ့်ဆုံးအလယ်တန်း အဆင့်အခြေခံပညာ (၄)တန်းအောင် | ၃ လ | ၁၅၀၀၀ကျပ် | | | ဌာနအသိအမှတ်ပြု လက်မှတ် | |
| | | | ၁၇။Advanced Computer | Basic Computer အောင် | ၃ လ | ၂၀၀၀၀ကျပ် | | | ဌာနအသိအမှတ်ပြု လက်မှတ် | |
| ၁။ | ပညာရေး ဝန်ကြီးဌာန | ၉။ မုံရွာစီးပွားရေး တက္ကသိုလ် | ၁။Diploma in Development Studies(8th Batch) | ဘွဲ့ရ | ၉ လ | ၅၀၀၀၀ကျပ် | မိမိ အစီ အစဉ် | မိမိ အစီ အစဉ် | ဒီပလိုမာ | |
| | | | ၂။ General Proficiency English Course(15th Batch MBA/MPA) | ဘွဲ့ရ | ၁၀ ပတ် | ၁၅၀၀၀ကျပ် | | | အောင်လက်မှတ် | |
| | | ၁၀။ တောင်ငူ တက္ကသိုလ် | ၁။Diploma in Software Engineering | တက္ကသိုလ်ဝင်တန်း အောင်၊ ကွန်ပျူတာ အခြေခံအောင်မြင်ပြီးသူ | ၈ လ | ၈၀၀၀၀ကျပ် | | | ဒီပလိုမာ | |

မာ တိ ကာ
ကျေးလက်ဒေသ ဖွံ့ဖြိုးရေး
ခေါင်းကြီး စာမျက်နှာ - ၂
ကလေးတက္ကသိုလ် ခြေလျင်နှင့် တောင်တက်အသင်း ဖွဲ့စည်းနိုင်ရေး လူရွေးချယ်
သတင်း စာမျက်နှာ - ၃
မြို့တော်မနီလာရှိ နိုင်ငံတကာလေဆိပ်၌ တတိယမြောက် လေယာဉ်ပြေးလမ်း ဖောက်လုပ်မည်
သတင်း စာမျက်နှာ - ၄
အမုန်းမပွားဖို့ နှလုံးသားကို အလှဆင်
ဆောင်းပါး စာမျက်နှာ - ၆

ပရီမီယာလိဂ်
ပွဲစဉ်(၂) ရလဒ်များ
၂၃-၈-၂၀၁၄
အဲဗာတန် ၂ - ၂ အာဆင်နယ်

# ရွှေမြန်မာတို့ ဘရူနိုင်းဘုရင့်ဖလားနဲ့အတူ အိမ်ပြန်လာပြီ



မြန်မာယူ-၁၉ အသင်း ချန်ပီယံဆုဖလား ရယူအပြီး အောင်ပွဲခံနေစဉ်။
သတင်း - စာမျက်နှာ(၉)

## ကွမ်းခြံကုန်းမြို့နယ် သောင်ခန်ကျေးရွာအနီးတည်ဆောက်မည့် ကျောက်မီးသွေးသုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံနှင့် ပတ်သက်၍ ရှင်းလင်း

**ရန်ကုန် ဩဂုတ် ၂၃**

မြန်မာနိုင်ငံတွင် လူဦးရေ သန်း ၆၀ ခန့်ရှိသည့်အနက် ၃၀ ရာခိုင်နှုန်းသာ လျှပ်စစ်မီးအသုံးပြုရသေးသည်။ လျှပ်စစ်စွမ်းအင်ကို အရင်းအမြစ်အမျိုးမျိုးမှ ထုတ်ယူသုံးစွဲလျက်ရှိပြီး ကမ္ဘာ့နိုင်ငံအသီးသီးတွင် ထုတ်ယူသုံးစွဲလျက်ရှိသော စာရင်းများအရ ကျောက်မီးသွေးမှ ထုတ်ယူသုံးစွဲခြင်းသည် ပမာဏအများဆုံးဖြစ်သည်။

ကျောက်မီးသွေးသည် နိုင်ငံတကာတွင် အားထားရသော စွမ်းအင်အရင်းအမြစ်တစ်ခုဖြစ်ပြီး နိုင်ငံ၏စွမ်းအင်လိုအပ်ချက်အတွက် အရေးပါသည့် အစိတ်အပိုင်းတစ်ရပ်အဖြစ်တည်ရှိလျက်ရှိနေသည်။ ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုမှာ အမေရိကန်နိုင်ငံတွင် ၄၈ ဒသမ ၈ ရာခိုင်နှုန်း၊ ဂျပန်နိုင်ငံတွင် ၂၆ ဒသမ ၆ ရာခိုင်နှုန်း၊ အိန္ဒိယတွင် ၆၈ ဒသမ ၆ ရာခိုင်နှုန်းနှင့်တရုတ်နိုင်ငံတွင် ၇၉ ရာခိုင်နှုန်းရှိသည်။ ကမ္ဘာ့ပျမ်းမျှစွမ်းအင် ထုတ်လုပ်မှု၏ ၄၀ ဒသမ ၈ ရာခိုင်နှုန်းခန့်သည် စာမျက်နှာ ၉ ကော်လံ ၁ သို့

## ဝေဘာဂီဆေးရုံတွင် တက်ရောက်ကုသနေသော လူနာ ကျန်းမာရေး အခြေအနေကောင်းမွန်

**နေပြည်တော် ဩဂုတ် ၂၃**

ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ဩဂုတ် ၁၉ ရက် ည ၈ နာရီက အပြည်ပြည်ဆိုင်ရာလေကြောင်းလိုင်းဖြင့် ဝင်ရောက်လာသော ခရီးသည်တစ်ဦးအား ဝေဘာဂီအထူးကုဆေးရုံတွင် အထူးကုဆရာဝန်ကြီးများပါဝင်သောအဖွဲ့မှ အထူးကြပ်မတ်ကုသမှုပေးခြင်းနှင့် ၎င်းနှင့်အနီးကပ်ထိတွေ့ခဲ့သူ (Close Contact) လေးဦးအား ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းတို့ ဆောင်ရွက်ခဲ့သည်။

အထူးကုဆရာဝန်ကြီးများ၏ စမ်းသပ်စစ်ဆေးမှုနှင့် ဓာတ်ခွဲစစ်ဆေးမှု အဖြေများအရ လူနာအား ၄က်ဖျားပိုး စာမျက်နှာ ၉ ကော်လံ ၁ သို့



မကွေးနှင့် Southern တို့ ယှဉ်ပြိုင်နေစဉ်။

## မကွေးအသင်း နိုင်ပွဲပြန်ရခဲ့ပြီး ရောဝတီနှင့် GFA သရေကျ

**သတင်း၊ ဓာတ်ပုံ ရှိုင်းထက်ဇော်**

MNL Myanmar 2014 အမှတ်ပေး ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၁၉)ပထမနေ့ပွဲစဉ်များကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့ သုဝဏ္ဏကွင်း၌ ကျင်းပရာ မကွေးအသင်းနိုင်ပွဲပြန်လည်ရရှိခဲ့သည်။

(သုဝဏ္ဏကွင်း)
မကွေး - လေးဂိုး
(စိုးမင်းနိုင်-ဟက်ထရစ်၊ ယူကီ-တစ်ဂိုး)
Southern - တစ်ဂိုး (ရှိုတာဂို-ပင်နယ်တီ)

မကွေးအသင်းမှာ ယခုပွဲတွင်ခြေစွမ်းပြပြီး နိုင်ပွဲပြန်လည်ရယူနိုင်ခဲ့သည်။ နိုင်ငံခြားသားတိုက်စစ်မှူးနှစ်ဦး ပွဲပယ်ခံထားရချိန်တွင် လက်ရွေးစင် ဟောင်းတိုက်စစ်မှူး စိုးမင်းနိုင်က တိုက်စစ်ပြဿနာအတွက် ဖြေရှင်းနိုင်ခဲ့ပြီး ခြေစွမ်းပြကာ ဟက်ထရစ်သွင်းယူပေးခဲ့သည်။

Southern အသင်းမှာ ပွဲအစကိုးမိနစ်တွင် သွင်းယူသော ရှိုတာဂို၏ ပင်နယ်တီဂိုးဖြင့် ဦးဆောင်နိုင်ခဲ့သော်လည်း ဂိုးများပြန်ပေးရကာ ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။ ၂၉ မိနစ်တွင် ယူကီက မကွေးအတွက် ချေပဂိုးပြန်သွင်းခဲ့ပြီး အနိုင်ဂိုးများကို စိုးမင်းနိုင်က ၄၁၊ ၆၁၊ ၇၂ မိနစ်တို့တွင် တစ်ဦးတည်းသုံးဂိုး(ဟက်ထရစ်)သွင်းယူခဲ့သည်။
စာမျက်နှာ ၉ ကော်လံ ၁ သို့



ကြေးမုံ
Mirror
တနင်္ဂနွေ အထူးထုတ်
SUNDAY SPECIAL
2014 AUGUST 24, SUNDAY

STI MYANMAR UNIVERSITY
MBA BBA MED BE
www.stiedu.net
TEL : 507151/52, 377988
09250064451, 0931702299
09420254872

စီးပွားရေး



# ဝင်ငွေရ အကြီးမြန် ယူကလစ်စိုက်ပျိုးခြင်း

၂၀၁၄ ခုနှစ် မေ ၁၈ ရက်ထုတ် ကြေးမုံသတင်းစာတွင် အကြီးမြန်ယူကလစ်စိုက်ပျိုးမှုနှင့်ပတ်သက်၍ တစ်ပိုင်တစ်နိုင် (သို့မဟုတ်) စီးပွားဖြစ် စိုက်ပျိုးနိုင်မှုမှ လူမှုစီးပွားအကျိုးများစေနိုင်သည့် ယူကလစ်ဟူသောခေါင်းစဉ်ဖြင့် ဖတ်လိုက်ရပါသည်။ အကြီးမြန်ယူကလစ်စိုက်ပျိုးခြင်းကြောင့် ကာလတိုအတွင်းဝင်ငွေရပြီး အကျိုးမြတ်များစွာ ရရှိစေနိုင်ကြောင်းတွေ့ရပါသည်။ ထို့အပြင် ၂၀၁၄ ခုနှစ် ဇွန် ၂၉ ရက်တွင် ဂျာနယ်တစ်စောင်၌ ပြင်ဦးလွင်ကို ဒုက္ခပေးလာမည့် ယူကလစ်တောဆိုသည့် ဆောင်းပါးအား ဖတ်လိုက်ရပြန်သည်။ ပြင်ဦးလွင်ဒေသတစ်ဝိုက် အကြီးမြန်ယူကလစ်တောများစိုက်ပျိုးလာမှု သဘာဝပတ်ဝန်းကျင်ပြောင်းလဲလာနိုင်ကြောင်း ရေးသားထားသည်ကို ဖတ်လိုက်ရခြင်းဖြစ်ပါသည်။

၂၀၁၃ခုနှစ် မတ် ၃ ရက် နိုင်ငံပိုင်သတင်းစာများတွင် တစ်သျှူးနည်းပညာဖြင့် စိုက်ပျိုးနေသည့် အကြီးမြန်ယူလစ်စိုက်ခင်းပျိုးပင်များအား ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးမှ မန္တလေးတိုင်းဒေသကြီးတွင်ဝင်ရောက်ကြည့်ရှုလေ့လာအားပေးခဲ့မှုနှင့် စက်မှုကုန်ကြမ်းသစ်ပင်အဖြစ် ထုတ်လုပ်မှုအဆင့်ဆင့်ကိုလည်း ကြည့်ရှုခဲ့ကြောင်း ဖတ်ရှုခဲ့ရပါသည်။ သဘာဝသစ်တောများ တစ်နေ့တခြားပြုန်းတီးမှုပမာဏမှာ အလွန်လျင်မြန်နေသည်ကို တွေ့ရမည်ဖြစ်ပါသည်။ ပြုန်းတီးသွားသည့် သဘာဝသစ်တောများနေရာ၌ အချိန်တိုကာလအတွင်း ပြန်လည်အစားထိုးနိုင်ရန် အခြားအပင်များထက် အကြီးမြန်ယူကလစ်ပင်စိုက်ပျိုးခြင်းကို စိတ်ဝင်စားလာကြပါသည်။ သဘာဝသစ်တောများခုတ်ယူပြီး နိုင်ငံခြားပို့ရန် သစ်အလုံးလိုက်ထုတ်လုပ်မှုအား ၂၀၁၄ ခုနှစ်မှစ၍ ရပ်ဆိုင်းလိုက်ပြီး ကုန်ချောအဖြစ် တင်ပို့ခွင့်သာရရှိမှာဖြစ်ပါသည်။ ထိုကုန်ချောရရှိရန် သစ်ကုန်ကြမ်းများစွာ လိုအပ်လာပါသည်။ သဘာဝပတ်ဝန်းကျင်လည်း မထိခိုက်၊ စီးပွားလည်းဖြစ်မည့်အကြီးမြန်ယူကလစ်စိုက်ပျိုးမှုအား ၂၀၁၃-၂၀၁၄ခုနှစ်တို့တွင် စီးပွားရေးလုပ်ငန်းရှင်များ၊ တောင်သူများ စိတ်ဝင်စားမှုအပေါ် မူတည်ပြီး အခြားသစ်ပင်သီးနှံစိုက်ပျိုးမည့်အစား ဝင်ငွေလျင်မြန်စွာရရှိနိုင်သည့် အကြီးမြန်ယူကလစ်ပင်စိုက်ပျိုးရေးအတွက် ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း တွေ့ရသည်။

## အောင်ကြီး

ယူကလစ်ပင်၏ မူရင်းပေါက်ရောက်ခဲ့သည့် ဒေသသည် ဩစတြေးလျ (Australia) ဖြစ်ပါသည်။ ၁၇၇၀ ခုနှစ်တွင် ဩစတြေးလျမှ ရုက္ခဗေဒပညာရှင် (Sir Joseph Banks)ကစတင်၍ ကမ္ဘာကို ယူကလစ်ပင်စိုက်ရန် မိတ်ဆက်ပေးခဲ့ကြောင်း ဖတ်ရှုရသည်။ ကမ္ဘာတစ်ဝန်း ယူကလစ်ပင်အား စက်မှုကုန်ကြမ်းသစ်ပင်အဖြစ် တိုးတက်စိုက်ပျိုးရန် မျိုးစပ်ပညာသုတေသနဆောင်ရွက်ခဲ့ကြပြီး ယခုအခါတွင် အကြီးမြန်ယူကလစ်မျိုးစိတ်ပေါင်း ၉၄၅ မျိုးခန့်ရှိနေပြီဖြစ်ပါသည်။ ထိုမျိုးစိတ်များမှ စက်မှုကုန်ကြမ်းအကြီးမြန်ယူကလစ်ပင်အား စိုက်ပျိုးလျက်ရှိပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် နိုင်ငံအတွက် စီးပွားရေး၊ လူမှုရေး ဂေဟစနစ်တို့အတွက် အကျိုးရှိစေရန်စိုက်ပျိုးနေခြင်းဖြစ်ကြောင်း တွေ့ရပါသည်။

စာမျက်နှာ ၆ သို့ » »



# ရာသီစာ တည်းသီးနှင့် ကျန်းမာရေးအတွက် ဂရုပြုသင့်သောအချက်များ

ဒေါက်တာမျိုးမင်းသိန်း
(ACTION Study)

**"ကျောက်ကပ်ပျက်စီးစေတတ်သော ဂျင်ကိုလစ်အက်စစ်ပါဝင်သော တည်းသီးစားသုံးမှုကို ရှောင်ကြဉ်ခြင်းဖြင့် ကျောက်ကပ်နှင့်ဆီးလမ်းကြောင်းရောဂါများ မဖြစ်ပွားအောင်ကာကွယ်ကြရန်လိုအပ် . . ."**

မြန်မာနိုင်ငံအပါအဝင် အခြားအရှေ့တောင်အာရှနိုင်ငံများဖြစ်သော ထိုင်း၊ လာအို၊ ကမ္ဘောဒီးယား၊ မလေးရှားနှင့် အင်ဒိုနီးရှားနိုင်ငံများမှာ ဒေသတွင်းနိုင်ငံများဖြစ်ကြသည့်အလျောက် နေထိုင်စားသောက်မှုပုံစံများသည်လည်း ရှေးယခင်နှစ်များစွာကပင် ခပ်ဆင်ဆင်တူခဲ့ကြပါသည်။ ဆန်စပါးမှရသော ထမင်းကို အခြားဟင်းလျာများဖြင့်တွဲဖက်စားသုံးကြပြီး ဒေသတွင်း စားသုံးကြသောဟင်းလျာများ၊ အခြားမိတ်ဖက် အတို့အမြှုပ်များဖြင့် ဖွယ်ဖွယ်ရာရာ စားသုံးတတ်ကြပါသည်။ ကျွန်ုပ်တို့မြန်မာနိုင်ငံသည်လည်း ထမင်းစားသုံးသော နိုင်ငံတစ်နိုင်ငံဖြစ်ကာ ထမင်းနှင့် တွဲဖက်စားသုံးသောဟင်းလျာများနှင့် အခြားတွဲဖက်စားသုံးသော အတို့အမြှုပ်များဖြင့် ဖွယ်ဖွယ်ရာရာ ချက်ပြုတ်သုံးဆောင်တတ်ပါသည်။ ဟင်းတစ်မျိုးတည်းဖြင့် ခံတွင်းမတွေ့တတ်သောအခါမျိုးများတွင် အခြားအတို့အမြှုပ် ငါးပိရည်၊ ငါးပိချက်၊ ငါးပိထောင်း စသည်တို့နှင့် တွဲဖက်စားသုံးလေ့ရှိကြပါသည်။ အချို့မှာလည်း ဟင်းမပါဘဲ ယင်းငါးပိဟင်း တစ်မျိုးမျိုးနှင့် အခြားအတို့အမြှုပ်များဖြင့်ပင် ထမင်းပြီးအောင်စားသုံးတတ်ကြပါသည်။ ယနေ့အချိန်အခါထိ ကလေး၊ လူငယ်၊ လူကြီး၊ တောရော မြို့ပါမကျန် စားသုံးနေကြဆဲဖြစ်ပြီး ယခုလို မိုးဦးရာသီမှစပြီး မိုးတွင်းရာသီတွင် လှိုင်လှိုင်ထွက်သော ရာသီစာ တည်းသီးမှာ မြန်မာ့ထမင်းဝိုင်းများတွင် မြိန်ယှက်စွာ စားသုံးလေ့ရှိသော အစားအစာတစ်မျိုးပင် ဖြစ်ပါသည်။

ထမင်းဝိုင်းတွင် အခြားငါးပိရည်၊ ငါးပိထောင်း၊ ငါးပိချက်တို့နှင့် တွဲဖက်၍သော်လည်းကောင်း၊ အုန်းနို့ဖြင့်ရောချက်စားခြင်း၊ ယင်းတည်းသီးများကိုပြုတ်ကာ နူးသွားသောအခါ ပါးပါးကလေးဖြစ်သွားအောင် ထုထောင်းပြီး ဆီဆမ်းကာတစ်ဖုံ နည်းမျိုးစုံဖြင့်စားသုံးလေ့ရှိပါသည်။ အထူးသဖြင့် လူစည်ကားသော ရန်ကုန်မြို့ရှိ ဈေးကြီးများနှင့် မြို့တွင်းလမ်းဘေးများတွင် ယင်းတည်းသီး ဆီဆမ်း၊ အုန်းနို့ဆမ်းများကို အချိုတည်းသော သရေစာ မုန့်မျိုးကဲ့သို့ပင် ရောင်းချလျက်ရှိပြီး ကြိုက်နှစ်သက်သူများမှာလည်း မြိန်ရေယှက်ရေ စားသုံးလေ့ရှိကြသည်ကိုတွေ့ရှိရပါသည်။ အချို့မှာလည်း ခံတွင်းတွေ့သဖြင့် သရေစာတစ်ခုသဖွယ် စားသုံးတတ်ကြပါသည်။ အခြားအိမ်နီးချင်းနိုင်ငံများနှင့် ဒေသတွင်းနိုင်ငံများတွင်လည်း တည်းသီးကိုနည်းမျိုးစုံဖြင့် ဟင်းလျာအဖြစ်သော်လည်းကောင်း၊ သရေစာတစ်မျိုးအဖြစ်သော်လည်းကောင်း ပြုလုပ်စားသုံးတတ်ကြပါသည်။

တည်းသီးမှာ မြန်မာနိုင်ငံအောက်ပိုင်းဒေသများဖြစ်သော မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ အဓိကထွက်ရှိပြီး စားသုံးသောအလေ့အထမှာ တစ်နိုင်ငံလုံးတွင် နည်းမျိုးစုံဖြင့်စားသုံးတတ်ကြပါသည်။ပြုတ်၊ကြော်၊ မီးဖုတ်၊ ဆားရည်စိမ်၊ အုန်းနို့နှင့်သော်လည်းကောင်း၊ အခြား ဟင်းသီးဟင်းရွက်များဖြင့်လည်းကောင်းရောနှောချက်ပြုတ် စားသုံးလေ့ရှိကြပါသည်။ နိုင်ငံနှင့်ဒေသအပေါ်လိုက်ပြီး တည်းသီးမျိုးကွဲများ များစွာရှိပါသည်။ တည်းသီး (Djenkol bean) ကို ရုက္ခဗေဒအမည်ဖြင့် မျိုးကွဲများစွာရှိပြီး မြန်မာနိုင်ငံတွင်တွေ့ရသောအမျိုးမှာ Archidendron pauciflorum Benth, Pithecollobium lobatum Benth တို့ဖြစ်ပြီး အခြားဒေသတွင်းနိုင်ငံများတွင်တွေ့ရသော မျိုးများမှာ Abarema jiringa Kosterm, Pithecellobium jiringa Plain တို့ဖြစ်ကြပါသည်။ မြန်မာနိုင်ငံတွင် စားသုံးလေ့ရှိသော ပုံစံများမှာ တည်းသီးအစိမ်းလိုက် ငါးပိရည်၊ ငါးပိကြော် ငါးပိချက်တို့နှင့်တွဲဖက်၍လည်းကောင်း၊ ဆားရည်စိမ်ပြီး (သို့) ပြုတ်ပြီး အတို့အမြှုပ်အဖြစ်လည်းကောင်း၊ မီးဖုတ်၍လည်းကောင်း၊ အခြားဟင်းသီးဟင်းရွက်များဖြင့် ရောချက်၍ ဟင်းအမယ်အဖြစ်လည်းကောင်း၊ အုန်းနို့ဖြင့်ရောချက်ခြင်း(သို့)နူးအောင်ပြုတ် ဆီဆမ်းပြီး သရေစာအဖြစ်လည်းကောင်း စားသုံးတတ်ကြပါသည်။

တန်လျှင်ဆေး လွန်လျှင်ဘေး ဆိုသကဲ့သို့ မိမိခံတွင်းတွေ့တိုင်း အလွန်အကျွံစားသုံးမိသောအခါ ဘေးဖြစ်တတ်သဖြင့် သတိဖြင့်ဆင်ခြင်ကာ စားသုံးတတ်ရန်လည်းလိုအပ်ပါသည်။ ထို့အတူပင် တည်းသီးတွင်လည်း လူကိုခံတွင်းမြိန်စေသော အာနိသင်ရှိသကဲ့သို့ ၎င်းတွင်ပါဝင်သော အခြားဓာတုဒြပ်ပေါင်းများကလည်း ကျန်းမာရေးအတွက် ထိခိုက်စေနိုင်သည်ကို သတိပြုသင့်ပါသည်။ အများစုမှာ ခံတွင်းတွေ့သဖြင့် စားကောင်းကောင်းနှင့် အလွန်အကျွံစားမိတတ်ပါသည်။ ထိုအခါ တည်းသီးစားပြီး အခြားကျန်းမာရေးပြဿနာများ ရရှိခံစားကြရသည်ကိုလည်း အများစုတွေ့မြင်သိရှိနေကြဆဲဖြစ်ပါသည်။ ထို့ကြောင့် တည်းသီးစားသုံးခြင်းကြောင့်ရရှိနိုင်သော ကျန်းမာရေးပြဿနာရောဂါများကိုကြိုတင်သိရှိထားရန်လည်းလိုအပ်သကဲ့သို့ တည်းသီးကို စားသုံးပါကလည်း အန္တရာယ်ကင်းအောင် စားသုံးနိုင်မည့်နည်းလမ်းများကိုလည်း ဗဟုသုတအနေဖြင့် ကြိုတင်သိရှိထားရန်လိုအပ်မည်ဖြစ်ပါသည်။

တည်းသီးတွင် ပါဝင်သော ဓာတုပစ္စည်းများ အများအပြားရှိသော်လည်း ကျန်းမာရေးအတွက်ထိခိုက်စေသော ပါဝင်ပစ္စည်းမှာ ဂျင်ကိုလစ်အက်စစ် (Djenkolic acid) ဖြစ်ပြီး ယင်းဂျင်ကိုလစ်အက်စစ်အဆိပ်သင့်ခြင်း (Djenkolic acid poisoning) ဖြစ်ပွားသောအခါ ကျောက်ကပ်နှင့် ဆီးလမ်းကြောင်းရောဂါများကိုဖြစ်ပွားစေနိုင်ပါသည်။ အထူးသဖြင့် ပူပြင်းစိုစွတ်သော နိုင်ငံများတွင် တည်းသီးစားသုံးခြင်းကြောင့် ဂျင်ကိုလစ်အက်စစ်အဆိပ်သင့်ခြင်းသည် ကျောက်ကပ်ပျက်စီးမှုကိုဖြစ်စေသည့် အဓိကအကြောင်းအရင်းတစ်ခုပင်ဖြစ်ပါသည်။ ဂျင်ကိုလစ်ဇန်(Djenkolism) ဟုခေါ်သော ကျောက်ကပ်ပျက်စီးစေသော ရောဂါကိုဖြစ်ပွားစေပါသည်။ ယင်းဂျင်ကိုလစ်အက်စစ်သည် ဆာလ်ဖာ (Sulpha) ပါဝင်ပြီး ပရိုတင်းမဟုတ်သော အမိုင်နိုအက်စစ်ဖြစ်ကာ အပင်များမှထုတ်သော အဆိပ်အတောက်တစ်မျိုးပင်ဖြစ်ပါသည်။ ယင်းဂျင်ကိုလစ်အက်စစ်ကို တည်းသီးစားသုံးပြီး ဂျင်ကိုလစ်အက်စစ်အဆိပ်သင့်ထားသောသူများ၏ ဆီးမှတစ်ဆင့် ဗန်ဗင်းနှင့် ဟိုင်းမန်း (Van Veen and Hyman) တို့နှစ်ဦးက ၁၉၃၆ ခုနှစ်တွင် စတင်တွေ့ရှိခဲ့ပါသည်။ ထို့နောက် ဆက်လက်ရှာဖွေကြရာ တည်းသီးတစ်ကီလိုဂရမ်စားသုံးထားသောသူများ၏ ဆီးများတွင် ဂျင်ကိုလစ်အက်စစ် ၂၀ ဂရမ်ခန့် ပါဝင်နေကြောင်းတွေ့ရှိခဲ့ကြပါသည်။ ယင်းဂျင်ကိုလစ်အက်စစ်များ ဆီးလမ်းကြောင်းတွင်ရှိနေခြင်းမှာ ကျောက်ကပ်ပျက်စီးခြင်း၏မူလအစပင်ဖြစ်ပါသည်။

ဂျင်ကိုလစ်အက်စစ်များမှာ အက်စစ်ဓာတ်မြင့်နေသောအချိန်အခါမျိုးများတွင် ပျော်ဝင်လေ့မရှိဘဲ အစိုင်အခဲများအဖြစ်သို့ပြောင်းလဲနိုင်ပြီး ထိုမှတစ်ဆင့် ကျောက်ကပ်နှင့်ဆီးလမ်းကြောင်းတစ်လျှောက်တွင် ဂျင်ကိုလစ်အက်စစ်မှ ကျောက်အစိုင်အခဲသို့ ပြောင်းလဲသွားတတ်ပါသည်။ ယင်းနောက် ကျောက်ကပ်ရှိ ဆီးစစ်ပြွန်များနှင့် အခြားဆီးလမ်းကြောင်းပြွန်များတွင် ကျောက်များပိတ်ဆို့ကာ ကျောက်ကပ်နှင့်ဆီးလမ်းကြောင်း၏ ပုံမှန်လုပ်ဆောင်မှုများကို နှောင့်နှေးစေပြီး အချိန်ကြာလာသောအခါ ကျောက်ကပ်နှင့် ဆီးလမ်းကြောင်းကိုပျက်စီးသွားစေသည်အထိ အန္တရာယ်ပေးတတ်ပါသည်။ ကျောက်ကပ်မှာ လူခန္ဓာကိုယ်အတွက် အဆိပ်အတောက်များ စွန့်ထုတ်ပေးသော အင်္ဂါအစိတ်အပိုင်းတစ်ခုဖြစ်ကာ နေ့စဉ်စားသောက်ရာမှ ပါလာသောအဆိပ်အတောက်မှန်သမျှကို ဆီးထဲသို့ပို့လွှတ်ပြီး ခန္ဓာကိုယ်ကိုသန့်စင်ပေးသဖြင့် အရေးကြီးသော အစိတ်အပိုင်းတစ်ခုပင်ဖြစ်ပါသည်။ သို့ကြောင့် ဂျင်ကိုလစ်အက်စစ်ပါဝင်သော တည်းသီး အလွန်အကျွံ စားသုံးမိသောသူများတွင် ဂျင်ကိုလစ်ဇင် ခေါ် ကျောက်ကပ်၏ ပုံမှန်လုပ်ဆောင်နေကျ ဇီဝကမ္မလုပ်ဆောင်ချက်များ ပျက်စီးကာ ကျောက်ကပ်နှင့် ဆီးလမ်းကြောင်းရောဂါများကို ဖြစ်ပွားစေခြင်းဖြစ်ပါသည်။



ဂျင်ကိုလစ်အက်စစ် အဆိပ်သင့်ပြီးကျောက်ကပ်ရောဂါဖြစ်ပွားလာပါက အထူးသဖြင့်တွေ့ရလေ့ရှိသော လက္ခဏာများမှာ ဆီးအထွက်သိသိသာသာနည်းလာခြင်း၊ ဆီးသွားရာတွင်အခက်အခဲဖြစ်ခြင်း၊ ဆီးထဲတွင်သွေးပါခြင်း၊ ကျောက်ကပ်ရှိသော ဝမ်းတွင်းပိုင်းမှ ပြင်းထန်စွာနာကျင်ခြင်း၊ ပေါင်ခြံတစ်ဝိုက်တွင်နာကျင်ခြင်း၊ အော့ခြင်း၊ ဝမ်းဗိုက်ပိုင်းတွင် မအီမသာဖြစ်ခြင်း၊ ပျို့အန်ခြင်းတို့ ဖြစ်ပွားတတ်ပြီး အထူးသဖြင့် တည်းသီးစားသုံးပြီး ၂နာရီမှ ၆ နာရီအတွင်းဖြစ်ပွားတတ်ပါသည်။ အရွယ်မရောက်သေးသောကလေးငယ်များတွင် ဂျင်ကိုလစ်အက်စစ် အဆိပ်သင့်ပါက အထက်ပါလက္ခဏာများအပြင် ဆီးလမ်းကြောင်းနှင့် ဆက်စပ်နေသော လိင်အင်္ဂါအစိတ်အပိုင်းများတွင် နာကျင်ကိုက်ခဲသောအဖုအကျိတ်များ ဖြစ်ပွားတတ်ပါသည်။ ထိုသို့သောအခြေအနေမျိုးတွင် တည်းသီးစားသုံးမှုကို ရှောင်ရှားရန်လိုအပ်ပြီး သက်ဆိုင်ရာဆရာဝန်များနှင့် အမြန်ဆုံးပြသကုသမှုခံယူပါက ကျောက်ကပ်အတွက် နောက်ဆက်တွဲပြဿနာများ ပျောက်ကင်းနိုင်မည် ဖြစ်ပါသည်။ ထို့ကြောင့် တည်းသီး စားသုံးမှုကြောင့်ဖြစ်ပေါ်လာသော ဂျင်ကိုလစ်အက်စစ်အဆိပ်သင့်ခြင်းကို လျစ်လျူရှုမထားဘဲ အမြန်ဆုံးကုသမှုခံယူနိုင်ပါမှ ကျောက်ကပ်နှင့် ဆီးလမ်းကြောင်း ကျန်းမာရေးအတွက် ရေရှည်ထိန်းသိမ်းစောင့်ရှောက်နိုင်မည်ဖြစ်ပါသည်။

တည်းသီးကို မြန်မာအပါအဝင်အခြားအာဆီယံနိုင်ငံများရှိ ရှေးရိုးစွဲလူများမှာ ပရဆေးဖက်ဝင် အသီးတစ်မျိုးအဖြစ် ယနေ့ထိတိုင် အသုံးပြုလျက်ရှိသော်လည်း တိကျသော သုတေသနပြုထားသည့်အထောက်အထားများ မရှိသေးပါ။ ထိုင်းနိုင်ငံတောင်ပိုင်းပြည်နယ်များတွင် နေထိုင်ကြသူများမှာ တည်းသီးကို ဆီးချိုရောဂါသက်သာစေရန် အလို့ငှာ ပရဆေးဖက်ဝင် အသီးတစ်မျိုးအဖြစ် အသုံးပြုကြဆဲဖြစ်ပါသည်။ မြန်မာနိုင်ငံတွင်လည်းယနေ့ထိတိုင် တည်းသီးကို နိုင်ငံအနှံ့အပြားတွင် နည်းမျိုးစုံဖြင့်စားသုံးနေကြဆဲဖြစ်ပါသည်။ သည်နေရာတွင် တည်းသီးစားသုံးသူများအတွက် အန္တရာယ်ရှိသော ဂျင်ကိုလစ်အက်စစ်ကို နည်းနိုင်သမျှနည်းအောင် ပြုလုပ်စားသုံးနိုင်ပုံအကြောင်းကိုလည်း ဗဟုသုတအလို့ငှာ တင်ပြအပ်ပါသည်။ (၄၂)ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာသုတေသနညီလာခံတွင် သုတေသနပညာရှင်များက တည်းသီးစားသုံးသည့် ပုံစံအမျိုးမျိုးတွင်ပါရှိလာနိုင်သည့် ဂျင်ကိုလစ်အက်စစ်ဓာတ်ပမာဏကို လေ့လာသုတေသန ပြုလုပ်ခဲ့သော စာတမ်းတစ်ခုတင်သွင်းခဲ့ဖူးပါသည်။ အများစု တည်းသီးစားသုံးကြသော ပုံစံများဖြစ်သည့် အစိမ်း၊ အပြုတ်၊ မီးဖုတ်၊ အကြော်နှင့် ဆားရည်စိမ်တို့တွင် ပါဝင်သော ဂျင်ကိုလစ်အက်စစ်ပမာဏကို ဓာတ်ခွဲခန်းတွင် အဆင့်ဆင့်ရှာဖွေသုတေသနလုပ်ခဲ့ပါသည်။ စားသုံးမှုပုံစံတစ်မျိုးလျှင် တည်းသီး ကိုးလုံး (၂၅၀ ဂရမ်ခန့်)ကို အထက်ပါပုံစံအမျိုးမျိုးဖြင့် ဓာတ်ခွဲခန်းတွင်အဆင့်ဆင့်ရှာဖွေရာ ဂျင်ကိုလစ်အက်စစ်ပါဝင်သည့်ပမာဏမှာ တည်းသီးအစိမ်းတွင် ၂ ဒသမ ၅၃၂၉ ဂရမ်၊ အပြုတ်တွင် သုည ဒသမ ၃၉၃၃ ဂရမ်၊ မီးဖုတ်တွင် ၁ ဒသမ ၆၃၃၃ ဂရမ်၊ အကြော်တွင် သုည ဒသမ ၂၇၇၉ ဂရမ် နှင့် ဆားရည်စိမ်တွင် သုည ဒသမ ၈၄၄၆ ဂရမ်တို့အသီးသီးပါဝင်ကြောင်းတွေ့ရှိခဲ့ရပါသည်။ ထို့ကြောင့် တည်းသီးစားသုံးမှုပုံစံအမျိုးမျိုးတွင် ဂျင်ကိုလစ်အက်စစ်ပါဝင်သည့်ပမာဏမှာ တည်းသီးစိမ်းတွင်အများဆုံးနှင့် ကြော်ထားသော တည်းသီးတွင် အနည်းဆုံးဖြစ်ကြောင်းယင်းသုတေသီများမှရှာဖွေတွေ့ရှိခဲ့ပါသည်။ ထို့ကြောင့် တည်းသီးတွင်ပါဝင်သော အဆိပ်တစ်မျိုးဖြစ်သည့် ဂျင်ကိုလစ်အက်စစ်မှာ ကြော်ထားသည့် တည်းသီးများတွင်သာ သိသာထင်ရှားစွာ နည်းပါးကြောင်း တွေ့ရှိခဲ့သဖြင့် တည်းသီးကြိုက်ပြီးစားသုံးလိုသောသူများအနေဖြင့် တည်းသီးကိုကြော်ပြီးစားသုံးခြင်းသည် ပိုမိုသင့်တော်ကြောင်းတင်ပြထားခဲ့ပါသည်။

ထို့ကြောင့်အထက်ပါ သုတေသနပညာရှင်များသုတေသနပြုလုပ်ခဲ့သည်များကို ကြည့်ခြင်းအားဖြင့် ကြော်ထားသော တည်းသီးများနှင့် ပြုတ်ထားသောတည်းသီးများတွင်သာ အဆိပ်ဖြစ်စေသော ဂျင်ကိုလစ်အက်စစ် ပါဝင်မှုနည်းပါးသည်ကိုတွေ့ရှိရပါသည်။ ထို့ကြောင့် တည်းသီးကြိုက်နှစ်သက်သူများအနေဖြင့် ဂျင်ကိုလစ်အက်စစ်ပါဝင်မှုများသော တည်းသီးအစိမ်း စားသုံးမှုကိုရှောင်ကြဉ်ရန်လိုအပ်ပြီး ကြော်ပြီး သို့မဟုတ် ပြုတ်ပြီးကြော်ထားသော တည်းသီးများကိုစားသုံးခြင်းဖြင့် ဂျင်ကိုလစ်အက်စစ်အဆိပ်သင့်ပြီး ကျောက်ကပ်နှင့် ဆီးလမ်းကြောင်းရောဂါများ မဖြစ်ပွားအောင် စားသုံးသင့်ပါသည်။ ဆီးလမ်းကြောင်းနှင့်ကျောက်ကပ်တွင် ကျောက်တည်ခြင်းမှာ အခြားအကြောင်းများကြောင့်လည်းဖြစ်ပေါ်တတ်ပြီး ယင်းဂျင်ကိုလစ်အက်စစ်ကြောင့်ဖြစ်သော ကျောက်ကပ်နှင့် ဆီးလမ်းကြောင်းရောဂါများမှာ သေသေချာချာဂရုတစိုက် ဆောလျင်စွာ ပြသကုသမှုခံယူပါက ပျောက်ကင်းနိုင်ပါသည်။ သက်ဆိုင်ရာကျွမ်းကျင်ပညာရှင်များညွှန်ကြားသည့်အတိုင်းလည်းနေထိုင်စားသောက်သင့်ပါသည်။ ဂျင်ကိုလစ်အက်စစ်ကြောင့်ဖြစ်သော ကျောက်ကပ်ပျက်စီးမှုများတွင် တည်းသီးစားသုံးမှုကိုရှောင်ကြဉ်ရန်လည်းလိုအပ်ပါသည်။

ထို့ကြောင့် ကျောက်ကပ်ပျက်စီးစေတတ်သော ဂျင်ကိုလစ်အက်စစ်ပါဝင်သော တည်းသီးစားသုံးမှုကို ရှောင်ကြဉ်ခြင်းဖြင့် ကျောက်ကပ်နှင့်ဆီးလမ်းကြောင်းရောဂါများ မဖြစ်ပွားအောင်ကာကွယ်ကြရန်လိုအပ်ပါသည်။ တည်းသီးကို အလွန်ကြိုက်နှစ်သက်သဖြင့် စားသုံးလိုသောသူများအနေဖြင့်လည်း ဂျင်ကိုလစ်အက်စစ် ပမာဏပါဝင်မှု သိသိသာသာနည်းပါးသည့် ကြော်ထားခြင်းဖြင့်လည်းကောင်း၊ ပြုတ်ပြီးကြော်ထားသည့်ပုံစံမျိုးအဖြစ် လည်းကောင်း ပြုလုပ်စားသုံးကြပါရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ရှမ်းပြည်နယ်(တောင်ပိုင်း)

# တတိယအဆင့်အရှိန်အဟုန်မြှင့်တင်ရေးလုပ်ငန်းစဉ် စည်ပင်သာယာရေးလုပ်ငန်းများ အဆင့်မြှင့်တင်ရေးနှင့် ယာဉ်စက်ယန္တရားများထောက်ပံ့ပေးအပ်ပွဲကျင်းပ

**တောင်ကြီး ဩဂုတ် ၂၃**

ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီ တတိယအဆင့်အရှိန်အဟုန်မြှင့်တင်ရေးလုပ်ငန်းစဉ် စည်ပင်သာယာရေးလုပ်ငန်းများ အဆင့်မြှင့်တင်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးနှင့် ယာဉ်စက်ယန္တရားများ ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို ဩဂုတ် ၁၉ ရက်က တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်က မြို့နယ်အလိုက် စည်ပင်သာယာရေးလုပ်ငန်းများသည် ပြည်သူဗဟိုပြု၊ ပြည်သူအကျိုးပြုလုပ်ငန်းများကို ပိုမိုအရှိန်မြှင့်တင်ဆောင်ရွက်နိုင်ရန်ဖြစ်ကြောင်း၊ ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ စည်ပင်သာယာရေးဌာနဝန်ထမ်းများသည် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ တိုက်ရိုက်ကွပ်ကဲမှုအောက်ရှိ အဖွဲ့အစည်း ဖြစ်သည့်အတွက် ကော်မတီ၏ လုပ်ငန်းတာဝန်များနှင့် ဌာနဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့်အညီ လုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသွားသည်။

ဆက်လက်၍ ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာန ညွှန်ကြားရေးမှူး ဦးစိုင်းထွန်းထွန်းက စည်ပင်သာယာရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး မြို့နယ်စည်ပင်သာယာရေးကော်မတီသို့ အမှိုက်သိမ်းယာဉ်၊ လမ်းကြိတ်စက်၊ ကျောက်ခွဲစက်များနှင့် အမှိုက်ပုံးများကို ပြည်နယ်ဝန်ကြီးများက ရှမ်းပြည်နယ် (တောင်ပိုင်း)၊ (မြောက်ပိုင်း)၊(အရှေ့ပိုင်း)တို့ကို လွှဲပြောင်းပေးအပ်ရာ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့က လက်ခံရယူကြသည်။



ထို့နောက် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူတို့သည် ရှမ်းပြည်နယ်အစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီးဌာနမှ မြို့နယ်စည်ပင်သာယာရေးကော်မတီသို့ ထောက်ပံ့ပေးအပ်ခဲ့သော ယာဉ်စက်ယန္တရား ၃၈ စီး၊ ၆၆၀ လီတာအမှိုက်ပုံးကြီး ၁၅၆ ပုံး၊ ၂၄၀ လီတာအမှိုက်ပုံးအသေး ၄၅၇ ပုံး တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ အခမ်းအနားသို့ရှမ်းပြည်နယ်အစိုးရအဖွဲ့ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်/ခရိုင်၊မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊(မြောက်ပိုင်း)၊(အရှေ့ပိုင်း) မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊ ဖိတ်ကြားထားသည့်ဧည့်သည်တော်များ တက်ရောက်ကြကြောင်းသိရသည်။ **မောင်မောင်သန်း(တောင်ကြီး)**

စစ်ကိုင်းတိုင်းဒေသကြီး

# မြို့နယ်ဆေးရုံအသုံးပြုရန်အတွက် ချွဲစုပ်စက်၊ အဲကွန်း၊ ဝါတာကိုလာနှင့် လေပန်ကာများ ပေးအပ်လှူဒါန်း

**မြောင် ဩဂုတ် ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့၌ မန္တလေးမြို့ အနောက်ခင်မကန်တိုက် မြကုန်းကျောင်းဆရာတော် ဦးတိလောက ဦးစီး၍ ဂိလာနပါလအသင်းကြီးက ပြည်သူ့ဆေးရုံတွင် အသုံးပြုနိုင်ရန်အတွက် ချွဲစုပ်စက်၊ အဲကွန်း၊ ဝါတာကိုလာနှင့် လေပန်ကာများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ဩဂုတ် ၁၈ ရက်က မြို့နယ်သံဃာ့ဆေးရုံတွင် ကျင်းပသည်။

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွက်ဆိုဖွင့်လှစ်ပြီးနောက် မြကုန်းကျောင်းဆရာတော် ဦးတိလောကက ဩဝါဒစကားမိန့်ကြားရာတွင် နာမကျန်းရောဂါသည်များကို ဧွေးထွေးစွာပြုစုစောင့်ရှောက်ရန်အတွက် ရည်ရွယ်ပြီး အသင်းကြီးကို ဖွဲ့စည်းထားမည်ဖြစ်ကြောင်း၊ ဂိလာနပါလအသင်းဥက္ကဋ္ဌ ဦးအောင်ငွေက လှူဒါန်းပစ္စည်းများကို မြို့နယ်ဆရာဝန်ဒေါက်တာ ဒေါ်စန်းလှိုင်ထံသို့ ပေးအပ်လှူဒါန်းခဲ့ကြောင်းသိရသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအုန်းငွေ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးညွန့်ရွှေ၊ ဒုမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်လှိုင်မြတ်နှင့် တာဝန်ရှိသူများက ဂိလာနပါလအသင်းနှင့် လှူဒါန်းသူများထံသို့ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ချီးမြှင့်ကြ၍ မြို့နယ်ဆရာဝန်ကြီးက ကျေးဇူးတင်စကားပြောကြားပြီးနောက် ဆရာတော်နှင့် တက်ရောက်လာသူဒါယကာ ဒါယိကာမများက ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုကာ အခမ်းအနားကိုအောင်မြင်စွာ ပြီးစီးခဲ့ကြောင်း သိရသည်။

ဂိလာနအသင်းကြီးနှင့် အသင်းဝင်များမှ မြို့နယ်ပြည်သူ့ဆေးရုံအတွက် အောက်ဆီဂျင်ဘူး သုံးဘူး၊ လေအေးပေးစက်တစ်လုံး၊ ရေအေးစက် တစ်လုံး၊ ခုတင်ငါးလုံး၊ လူနာများအတွက် အာဟာရနှင့်အသုံးအဆောင်ပစ္စည်းများ လှူဒါန်းသည့်အပြင် မြကုန်းကျေးရွာ လူမှုကူညီရေးအသင်းအတွက် အောက်ဆီဂျင် နှစ်ဘူး၊ မြောင်မြို့ သောကြာပါတ် လူမှုကူညီရေးအသင်းအတွက် အောက်ဆီဂျင် သုံးဘူး၊ စုစုပေါင်းတန်ဖိုးငွေကျပ်သိန်း ၃၀ ကျော် လှူဒါန်းခဲ့ကြောင်း သိရသည်။

**(တင်ကိုကို)**

Mya Thet Tin Construction Co., Ltd.

M.T.T Co.,Ltd

PAW SAN MHWE RESIDENCE

| Type (I) | Type (II) |
| --- | --- |
| 1460 sqft | (Hi-Celling Type)<br>G-F = 1460 sqft<br>mezzanine = 680 sqft<br>Total = 2140 sqft |



Show Room : No.6(E), Paw San Mhwe Street, Thuwanna, Yangon, Myanmar.
Tel : 09-3359 3334, 09-3359 3335, 09-3359 3336, 09-7307 0200, 09-4100 6200

# ဝင်ငွေရ အကြီးမြန်ယူကလစ် စိုက်ပျိုးခြင်း

» » ရွှေဖုံးမှ

ယူကလစ်ပင်၏ ရုက္ခဗေဒအချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| | |
|---|---|
| Kingdom | Planatae |
| Order | Mytale |
| Family | Mytaceae |
| Subfamily | Mytoideae |
| Tribe | Eucalyptae |
| Genus | Eucalyptus |
| Species | Eucalyptus microeorys |

(မျိုးစိတ် ၉၄၅ မျိုးခန့်ရှိသည်)

ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ FAO မှ သတ်မှတ်ထားသည့် အကြီးမြန်သစ်ပင် သုံးမျိုးအနက် ယူကလစ်ပင်သည် တစ်ခုအပါအဝင်ဖြစ်ပြီး ကမ္ဘာပေါ်တွင် တန်ဖိုးအရှိဆုံးသစ်ပင်ဖြစ်လာသည်။ ဩစတြေးလျတိုက်၏ အရှေ့ဘက်ကမ်းခြေသစ်တောများ၏ ၇၉ ရာခိုင်နှုန်းသည် ယူကလစ်ပင်များ ဖုံးလွှမ်းနေကြောင်း တွေ့ရသည်။ (၁၉)ရာစုနှစ်လောက်ကတည်းက အပူပိုင်း၊ သမပိုင်းဒေသရှိ နိုင်ငံများတွင် စီးပွားဖြစ်ယူကလစ်သစ်တော စိုက်ပျိုးခြင်းလုပ်ငန်းကို စတင်ခဲ့ကြသည်။ ယနေ့ ကမ္ဘာတစ်ဝှမ်းယူကလစ်စိုက်ပျိုးခြင်းဧရိယာသည် စုစုပေါင်းဟက်တာ သန်း ၂၀ (ဧက သန်း ၅၀)ခန့်ရှိပြီး ဘရာဇီး၊ အိန္ဒိယနှင့် တရုတ်နိုင်ငံများတွင် စိုက်ပျိုးမှုဧရိယာအများဆုံးတွေ့ရသည်။ ဘရာဇီးနိုင်ငံတွင် ယူကလစ်စိုက်ပျိုးမှုကို ၁၈၄၁ ခုနှစ်မှစတင်ခဲ့ပြီး ၂၀၁၁ ခုနှစ်တွင် စုစုပေါင်းဧရိယာဟက်တာပေါင်း လေးသန်း ခုနစ်သိန်းခန့်ရှိပြီး သစ်တောစိုက်ခင်းအားလုံး၏ ၈၄ ရာခိုင်နှုန်းဖြစ်ကြောင်း တွေ့ရသည်။ ဘရာဇီးနိုင်ငံတွင် ယူကလစ်စိုက်ပျိုးထုတ်လုပ်ခြင်းလုပ်ငန်းတွင် စုစုပေါင်းလူဦးရေ လေးသန်းငါးသိန်းကို အလုပ်ပေးနိုင်ပြီး ပြည်တွင်းထုတ်လုပ်မှု တန်ဖိုး၏ ၄ ရာခိုင်နှုန်းခန့် ဝင်ငွေရရှိသည်။ အိန္ဒိယနိုင်ငံတွင် ယူကလစ်စိုက်ပျိုးခြင်းကို ၁၈၄၃ ခုနှစ်မှ စတင်ခဲ့ပြီး ၂၀၀၈ ခုနှစ် နှစ်ကုန်ပိုင်းတွင် စုစုပေါင်းစိုက်ပျိုးဧရိယာ ဟက်တာ သန်းပေါင်း သုံးသန်းကိုးသိန်းခန့်ရှိသည်။ တရုတ်ပြည်တွင် ၁၈၉၀ ခုနှစ်တွင် ယူကလစ်စိုက်ပျိုးခြင်းကို စတင်ခဲ့သော်လည်း စီးပွားဖြစ်စိုက်ခင်းအဖြစ် ၁၉၅၀ ခုနှစ်အထိ စတင်နိုင်ခဲ့သည်။ ယူကလစ်သုတေသနဌာနကို ၁၉၈၀ ခုနှစ်တွင် ထူထောင်ခဲ့ပြီး ယူကလစ်ပင်များစိုက်ပျိုးရေးအတွက် ဩစတြေးလျပညာရှင်များ အကူအညီဖြင့် စတင်ဆောင်ရွက်ခဲ့ရာ နှစ်(၃၀)အတွင်း တိုးတက်ဖွံ့ဖြိုးလာခဲ့ပြီး ယနေ့တရုတ်ပြည်တွင် ယူကလစ်စိုက်ခင်းဧရိယာ ဟက်တာလေးသန်းကျော်ရှိပြီး စုစုပေါင်း တိုင်းပြည်သစ်တောစိုက်ခင်း၏ ၆ ရာခိုင်နှုန်းခန့်ရှိသည်။ ထိုသို့ အကြီးမြန်ယူကလစ်မျိုးများအား တစ်သျှူးကာချာလ်မျိုးပွားနည်းပညာဖြင့် ပျိုးပင်ပေါင်း သိန်းသန်းချီတစ်ပြိုင်နက်ထုတ်လုပ်ပြီး မျိုးစိတ်မျိုးကောင်းများရွေးချယ်ပြီး အချိန်တိုကာလအတွင်းစီးပွားဖြစ်၍ ကမ္ဘာတစ်ဝန်း စိုက်ပျိုးလာကြသည်။ ဘရာဇီးနိုင်ငံ၊ တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံတို့အပြင် ကမ္ဘာ့နိုင်ငံအသီးသီး ပေါ်တူဂီ၊ စပိန်၊ ချီလီ၊ တောင်အာဖရိက၊ ကွန်ဂို၊ ဗီယက်နမ်နှင့် ထိုင်းနိုင်ငံတို့တွင် အကြီးမြန်ယူကလစ်ပင်များကို ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးပြီးဖြစ်သည်။

ကမ္ဘာ့နိုင်ငံအသီးသီးတွင် အကြီးမြန်ယူကလစ်စိုက်ပျိုးခြင်းကြောင့် တောင်သူလယ်သမားများအတွက် ကြီးပွားတိုးတက်ရန် လမ်းစတစ်ခုဖြစ်သည်။ ယူကလစ်စိုက်ခင်းထူထောင်ခြင်းလုပ်ငန်းသည် လွယ်ကူသော လုပ်ငန်းဖြစ်ပြီး အခြားလုပ်ငန်းများနှင့် နှိုင်းယှဉ်ပါက ကုန်ကျစရိတ် အသက်သာဆုံးဖြစ်ကြောင်း တွေ့ရပြီး ဝင်ငွေအမြောက်အမြားရရှိစေနိုင်သည်။ တရုတ်နိုင်ငံ ကွမ်စီပြည်နယ်သည် ယခင်က ဆင်းရဲနွမ်းပါးသော ပြည်နယ်ဖြစ်သည်။ ၁၉၉၅ ခုနှစ်မှစ၍ အကြီးမြန်ယူကလစ်စိုက်ပျိုးရေးစီမံကိန်းအဖြစ် စိုက်ပျိုးခဲ့ရာ ၂၀၁၀ ပြည့်နှစ်တွင် အကြီးမြန်ယူကလစ် ဧကလေးသန်းခန့် စိုက်ပျိုးပြီးဖြစ်သည်။ ထိုပြည်နယ်တွင် ယူကလစ် ကုန်ကြမ်းမှတစ်ဆင့် သစ်အချောထည်ထုတ်လုပ်သည့် အထပ်သား၊ ကြိတ်သား၊ ပျော့ဖတ်၊ သစ်အချောထည်စက်ရုံပေါင်း ၈၀၄၀ ကျော် တည်ထောင်ခဲ့ပြီး ထုတ်လုပ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၁၈ဘီလီယံအထိ ရရှိခဲ့ကြောင်း ဖတ်ရှုရသည်။ ထို့ကြောင့် တရုတ်နိုင်ငံတွင် ပြည်နယ်ပေါင်း ၁၀ ခု၊ မြို့နယ်ပေါင်း ၆၆၀ တွင် အကြီးမြန်ယူကလစ်ပင် ဟက်တာပေါင်း လေးသန်းခန့် စိုက်ပျိုးပြီး စီးပွားဖြစ်ထွန်းလျက်ရှိသည်ကို တွေ့ရသည်။ သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုမရှိကြောင်း တွေ့မြင်ရသည်။

ယူကလစ်ပင်သည် သစ်တောပြုန်းတီးမှုကိုကာကွယ်ပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အထောက်ကူပြုကြောင်း ရာသီဥတုပြောင်းလဲမှုကို ကာကွယ်နိုင်ပြီး စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှုကို အကျိုးပြုသော သစ်ပင်ဖြစ်ကြောင်း ကမ္ဘာ့ကုလသမဂ္ဂလက်အောက်ခံ ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ FAO မှ မှတ်ချက်ပြုထားပါသည်။ သစ်တောစိုက်ပျိုးခြင်းလုပ်ငန်းနှင့် အခြားလုပ်ငန်းများ၏ အဓိကခြားနားချက်မှာ သစ်တောစိုက်ပျိုးခြင်း လူမှုရေး၊ စီးပွားရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကျိုးကျေးဇူးများအားလုံး တစ်ပြိုင်နက်တည်းရရှိစေပါသည်။ ထို့ကြောင့် ကမ္ဘာ့နိုင်ငံအချို့တွင် အကြီးမြန်ယူကလစ်စိုက်ပျိုးခြင်း လျင်မြန်စွာဖွံ့ဖြိုးလာမှုသည် လူတို့အတွက်လိုအပ်သော သစ်သားကို ဖြည့်ဆည်းပေးနိုင်ရုံသာမက စီးပွားရေး၊ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အောင်မြင်မှုများရရှိခဲ့သည့် သာဓကများပင်ဖြစ်ပါသည်။ ယူကလစ်ပင်သည် ကာဗွန်အဓိကစုပ်ယူပြီးအောက်ဆီဂျင်များစွာထုတ်လွှတ်ပေးပါသည်။ သုတေသနတွေ့ရှိချက်များအရ တစ်ဟက်တာရှိ ယူကလစ်စိုက်ခင်းသည် ကာဗွန်ဒိုင်အောက်ဆိုဒ်ကိုးတန်စုပ်ယူကြောင်း တွေ့ရပါသည်။

ယူကလစ်စိုက်ပျိုးခြင်းဖြင့် ပျက်စီးနေသောမြေများကို မြေဖွဲ့စည်းမှုကောင်းစေခြင်း၊ Organic Matter တိုးစေခြင်း၊ Micro-climate တိုးတက်ကောင်းမွန်စေခြင်းဖြင့် ဂေဟစနစ်တစ်ခုလုံးပါ တိုးတက်ကောင်းမွန်စေကြောင်း ဖတ်ရပါသည်။ ယခင်အခါက ယူကလစ်ပင်များစိုက်ပျိုးခြင်းကြောင့် မြေဆီခန်းခြင်း၊ အစိုဓာတ်ကုန်ခြင်း၊ မြေသားပျက်စီးခြင်းဟုနာမည်ဆိုးရှိခဲ့ပြီး ယခုအကြီးမြန်ယူကလစ်ပင်များ စိုက်ပျိုးသုတေသနပြုလုပ်ချက်အား FAO မှ စမ်းသပ်တွေ့ရှိချက်အရ မြေဆီစုပ်ယူမှု အောက်ပါအတိုင်း တွေ့ရှိရပါသည်-

| သီးနှံ | N | P | K (ကီလိုဂရမ်/ ဟက်တာ) |
|---|---|---|---|
| အစေ့ထုတ်ပြောင်း | ၁၆၀ | ၃၀ | ၁၅၀ |
| လက်ဖက်ပင် | ၂၄၀ | ၂၀ | ၁၀၀ |
| ရော်ဘာပင် | ၃၂၀ | ၃၃ | ၁၆၃ |
| အကြီးမြန်ယူကလစ် | ၇၆ | ၆ | ၄၀ |

ထို့အပြင် အစိုဓာတ်ထိန်းသိမ်းမှုမှာ အောက်ပါအတိုင်းတွေ့ရပါသည်-

| သီးနှံ | မြေမျက်နှာပြင် |
|---|---|
| ထင်းရှူး | ၉ ဒသမ ၇၂၄ (တန်/ဟက်တာ) |
| ရှားမူပင် | ၁၁ ဒသမ ၇၂၅ |
| အကြီးမြန်ယူကလစ် | ၂၀ ဒသမ ၀၀၇ |
| သဘာဝတော | ၂၀ ဒသမ ၁၀၀ |
| ဖုန်းဆိုးတော | ၃၁ ဒသမ ၅၈၁ |

ယူကလစ်ပင်အား ရှေးအခါက အရွက်မှအဆီထုတ်ရန်အတွက်သာ စိုက်ပျိုးခဲ့ကြပါသည်။ တရုတ်နိုင်ငံ ယူနန်ပြည်နယ်တွင် ယူကလစ်ဆီအား တစ်နှစ်တန် ၂၀၀၀ ကျော် ထုတ်လုပ်သည်။ ယခုအချိန်အခါတွင် မျိုးစပ်ထုတ်လုပ်မှုအား မျိုးကောင်းမျိုးသန့်မျိုးစိတ်များပြောင်းလဲပြီး ယူကလစ်သားကို စက်မှုလုပ်ငန်းတွင် အသုံးပြုမှုပိုမိုများပြားစိုက်ပျိုးလာသည်။ ကာလတိုအတွင်း ခုတ်သိမ်းနိုင်သဖြင့် စက်မှုကုန်ကြမ်းသစ်ပင်အဖြစ် အသုံးပြုလာကြသည်။ ယူကလစ်သားကို သစ်ပါးလွှာ၊ အထပ်သား၊ ကြိတ်သား၊ ထုတ်ပိုးလွှာ အသုံးပြုခြင်း၊ စက္ကူပျော့ဖတ်မှ အဆင့်မြင့်စက္ကူအမျိုးမျိုး၊ ပရိဘောဂများ၊ Finger Joint၊ Block board များ၊ လောင်စာထင်းအဖြစ် ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလာကြသည်။ အချို့နိုင်ငံများတွင် ယူကလစ်ပွင့်မှ ပျားရည်ရရှိနိုင်ပြီး ပန်းပွင့်ချိန်တွင် ပျားအိမ်များရွှေ့ပြောင်းထားခြင်းဖြင့် ယူကလစ်ပင်လယ်နှင့် ပျားရည်ဘဏ်ဟု တင်စားခေါ်ကြကြောင်း တွေ့ရသည်။ တရုတ်နိုင်ငံတွင်အကြီးမြန်ယူကလစ်စိုက်ပျိုးခြင်း၏ အကျိုးကျေးဇူးများကြောင့် ယူကလစ်အား Green Gold (အစိမ်းရောင်ရွှေ)ဟု ခေါ်ဝေါ်နေကြပြီး စီးပွားဖြစ်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် ယူကလစ်စိုက်ခင်းတစ်ဧကကုန်ကျစရိတ် လေးနှစ်တွင် ငွေကျပ်ရှစ်သိန်းခန့် ရင်းနှီးမြှုပ်နှံရပြီး လေးနှစ်ပြည့်ခုတ်ယူအသုံးပြုပါက တစ်ဧကတန် ၄၀ မှ ၅၀ အထိရပြီး ငွေကျပ်သိန်း ၅၀ ခန့်ရရှိနိုင်သည်။ ကိုင်းဖျားကိုင်းနားထင်း ရှစ်တန်ခန့်ရသည်။ ပျမ်းမျှအကြီးမြန်ယူကလစ်တစ်ပင် ၁၅၀၀-၁၆၀၀ ကျပ် ရင်းနှီးပါက လေးနှစ်ပြည့်ခုတ်ပါက တစ်ပင် ၁၅၀၀၀-၁၆၀၀၀ ကျပ်ခန့်ရသဖြင့် ၁၀ ဆခန့်ဝင်ငွေအကျိုးရှိသည်။ ထို့အပြင် အကြီးမြန်ယူကလစ်စိုက်ခင်းများထူထောင်ခြင်း၊ သစ်ပါးလွှာစက်များ ဆောင်ရွက်ခြင်း၊ အထပ်သား၊ သစ်အချောကိုင်စက်ရုံများ ပေါ်ထွန်းပြီး အလုပ်အကိုင်အခွင့်အလမ်းများစွာ ပေါ်ထွန်းစေသည်။ အလုပ်ကိုင်အခွင့်အလမ်း တိုးတက်စေပြီး ဒေသအတွင်း ဝင်ငွေရရှိကာ စီးပွားတိုးတက်မှုကို ဖြစ်စေသည်။

နိုင်ငံခြားမိတ်ဆွေတစ်ဦးနှင့် စကားစပ်မိရာ အကြီးမြန်ယူကလစ်ပင်ကို မိမိပတ်ဝန်းကျင်အိမ်အရှေ့၊ အိမ်နောက်ဖေးဘေးဝဲယာတွင် အပင် ၃၀၀ ခန့်စိုက်ပျိုးပြီး လေးနှစ်ပြည့်ခုတ်ယူရရှိသည့် အကျိုးအမြတ်မှ သူ၏သား ပညာသင်စရိတ် လုံလောက်စွာအသုံးပြုနိုင်ခဲ့ကြောင်း ပြောပြသဖြင့် အားကျမိသည်။ ထို့ကြောင့်လည်း အချိန်ကာလတိုအတွင်း စီးပွားဖြစ်ပြီး လေးနှစ်ပြည့်ခုတ်ပြီးပါလည်း ထပ်မံအသစ်စိုက်ရန်မလိုဘဲ ငုတ်တက်မှ အပင်သစ်မွေးမြူပြီးနောက် လေးနှစ်ပြည့်သည့်အခါ ခုတ်ယူအသုံးပြုနိုင်ကြောင်း တွေ့ရသည်။ အကြီးမြန်ယူကလစ်ပင်သည်စိုက်ပျိုးရလွယ်ကူပြီး ပထမနှစ်မြေခံ၊ ဒုတိယနှစ်၊ တတိယနှစ် မြေဆီကျွေးပြီး စိုက်ပျိုးပါက အပင်ပိုမိုဖြစ်ထွန်းကြီးထွားပြီး အထွက်ပိုရရှိစေကြောင်း တွေ့ရပါသည်။ အကြီးမြန်ယူကလစ်စိုက်ခြင်းဖြင့် သဘာဝသစ်တောများခုတ်ယူ၍သစ်တောပြုန်းတီးမှု၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုအတွက် များစွာ အထောက်ကူဖြစ်စေသည်။ ထို့ကြောင့် သဘာဝသစ်တောများ ခုတ်ယူခြင်းသက်သာစေရန် ဖြုန်းတီးမှုကာကွယ်စေရန် မည်သည့်သီးနှံသစ်ပင်မှ စိုက်ပျိုးခြင်းမပြုသည့် မြေလွတ်မြေရိုင်းများ၊ ပြုန်းတီးသစ်တောမြေများနှင့် မိမိအိမ်ပတ်ဝန်းကျင်၊ လယ်ကန်သင်းများတွင် အကြီးမြန်ယူကလစ်ပင်များ စိုက်ပျိုးခြင်းဖြင့် ဝင်ငွေပိုမိုတိုးတက်ရရှိစေပြီး အချိန်တိုကာလအတွင်း စီးပွားဖြစ်ထွန်းစေနိုင်သည်။ ယနေ့ခေတ်တွင် ဒီမိုကရေစီနိုင်ငံတော်သစ် ခြေလှမ်းနေချိန်တွင် တောင်သူများဝင်ငွေတိုးတက်ရရှိစေရန် အချိန်တိုကာလအတွင်း ဝင်ငွေပိုမိုတိုးတက်ရရှိစေမည့် သီးနှံသစ်ပင်များ ပြောင်းလဲစိုက်ပျိုးကြရန်ဖြစ်သည်။ ယခင်ခေတ်က လျော့ကြီးထိုးပုံစံ ရှေးရိုးစွဲလုပ်နေကြပါက ကြီးပွားတိုးတက်ရန် မဖြစ်နိုင်တော့ပါ။ အခြားနိုင်ငံအသီးသီး မည်သို့ကြီးပွားနေကြသည်ကို သိမြင်အတုယူကြရန်လိုသည်။ ယနေ့ခေတ်တွင် ကြိုက်သည့်သူရှိသလို မကြိုက်သည့်သူလည်းရှိကြမည်ဖြစ်သည်။

ထို့ကြောင့် စီးပွားဖြစ်သစ်တောစိုက်ခင်းထူထောင်ရန် စိုက်ပျိုးခံယူသူ၏ အစွဲပေါ်သာမူတည်သည်။ ဒုက္ခဖြစ်မည့်အပင်၊ သစ်ပင်ဟု ယူဆပါက ဒုက္ခဆင်းရဲကြုံတွေ့နေရမည်ဖြစ်သည်။ သုခဟုယူဆစိုက်ပျိုးလုပ်ဆောင်ပါက သုခချမ်းသာခြင်းခံစားကြရမည်ဖြစ်သည်။ ကမ္ဘာ့နိုင်ငံအသီးသီးတွင် သဘာဝသစ်တောပြုန်းတီးမှုမဖြစ်စေဘဲ အချိန်ကာလတိုအတွင်း တန်ဖိုးနည်းအကြီးမြန်ယူကလစ်ပင်များ တစ်သျှူးကာချာလ် မျိုးပွားနည်းပညာဖြင့် ပျိုးပင်သိန်းသန်းများစွာ ထုတ်လုပ်၍ ဧက(သို့မဟုတ်)ဟက်တာ သန်းပေါင်းများစွာ စိုက်ပျိုး၍ စက်မှုကုန်ကြမ်းရယူဆောင်ရွက်နေကြပြီး စီးပွားဖြစ်လျက်ရှိသည်။ မိမိတိုင်းပြည်တွင် သစ်တောမြေများ ဖုံးလွှမ်းမှုအနေဖြင့် ကြည့်ပါက တစ်နေ့တခြားလျော့လာပြီဖြစ်ပါသည်။ ထိုလျော့ကျလာသည့် သစ်တောပြုန်းတီးမှုနေရာတွင် အမြန်အစားထိုးကုစားနိုင်ရန် အကြီးမြန်ယူကလစ်ပင်အား ပတ်ဝန်းကျင် ဂေဟစနစ်မပျက်စေဘဲ စီးပွားဖြစ်စိုက်ပျိုးထုတ်လုပ်ရန်ဖြစ်သည်။ ရှေးအခါက ကန္တာရဆူးပင်များလိုပင် ကောင်းကင်ကကြဲပြီး စိုက်ခဲ့ကြရာ ယခုထိုဆူးပင်များရှင်းပြီး တန်ဖိုးရှိ စီးပွားဖြစ် ယူကလစ်ပင်များစိုက်ခင်းထူထောင်ပါက မိမိနိုင်ငံပြည်သူများ ဆင်းရဲမှုပိုမိုလျော့ကျစေနိုင်ကြောင်း၊ ထို့အပြင် မိမိတို့စိုက်ပျိုးမြေများတွင် သီးနှံနှင့် သစ်တောရောနှောစိုက်ခင်းထူထောင်စိုက်ပျိုးပါက အကြီးမြန်ယူကလစ်ပင်သည် များစွာအကျိုးရှိစေနိုင်ကြောင်း၊ ထိုသို့သီးနှံသစ်တော (Agro Forest) ရောနှောစိုက်ခင်းထူထောင်ခြင်းဖြင့် သစ်တောပြုန်းတီးမှုများကာကွယ်ပြီး၊ ဝင်ငွေတိုးတက်ဖြစ်ပေါ်လာစေနိုင်ကြောင်း စေတနာထားရေးသားတင်ပြလိုက်သည်။

# Whh ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း

» » ကျော်ဖုံးမှ

(ယခုဗိုလ်လောင်း အိပ်ဆောင်အားလုံး သုံးထပ်ဆောင်များ ဖြစ်နေပါပြီ)

ဂျာမနီနိုင်ငံအခြေစိုက် Welt hunger hilfe (Whh) အဖွဲ့က ရှမ်းပြည်နယ်(မြောက်ပိုင်း) မန်တုံမြို့နယ် ဟိုချစ်ကျေးရွာတွင် ယင်လုံအိမ်သာသုံးပစ္စည်းများ ဖြန့်ဝေ၍ အိမ်သာဆောက်လုပ်ရန် သရုပ်ပြရှင်းလင်းနေသည့် ဓာတ်ပုံများကိုကြည့်ရင်း ဗိုလ်လောင်းဘဝက အဆောင်စစ်ပြိုင်ပွဲကို ပြန်လည်သတိရမိခြင်းဖြစ်သည်။ ကျွန်တော်တို့က Whh ကို မှတ်ရလွယ်အောင် ဝါးဟားဟားအဖွဲ့ဟု အမည်ပြောင်ပေးထားသည်။ Welt hunger hilfe (Whh) အဖွဲ့သည် နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် စီမံကိန်းကာလ ၂၀၁၃ ခုနှစ် ဇွန် ၂၈ ရက်မှ ၂၀၁၆ခုနှစ် ဇွန် ၂၇ ရက်အထိ သုံးနှစ် MoU လက်မှတ်ရေးထိုး၍ ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ္မတူ၊ လားရှိုး၊ သိန္နီ၊ ကွတ်ခိုင်၊ မူဆယ်၊ မန်တုံနှင့် နမ့်ခမ်းမြို့နယ်များတွင် လူမှုစီးပွားဘဝနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ရေး၊ သဘာဝဘေးအန္တရာယ်မှ ထိခိုက်မှုလျှော့ချရေးနှင့် ကျေးလက်ဒေသရေရှည်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

စီမံကိန်း၏ အဓိကလုပ်ငန်းကဏ္ဍသုံးရပ်မှာ အခြေခံအဆောက်အအုံများ ဆောက်လုပ်ပေးခြင်း၊ စိုက်ပျိုးရေးဆိုင်ရာပံ့ပိုးပေးခြင်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းနှင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်းလုပ်ငန်းကဏ္ဍများဖြစ်သည်။ ၂၀၁၃ခုနှစ် ဇွန်လမှ ၂၀၁၄ခုနှစ် မေလအထိ ပထမနှစ်စီမံကိန်းလုပ်ငန်းများကို လားရှိုး ၊ နမ္မတူ၊ သိန္နီ၊ ကွတ်ခိုင်၊ မန်တုံ ငါးမြို့နယ်အတွင်း ကျေးရွာများ၌ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သည်။

အခြေခံအဆောက်အအုံများ ဆောက်လုပ်ပေးခြင်းကဏ္ဍတွင် ကျေးရွာများရေပေးဝေရေးစနစ်နှင့် ရေချိုးဆိပ်များပြုလုပ်ပေးခြင်း၊ စာသင်ကျောင်းများ ဆောက်လုပ်ပေးခြင်းနှင့် ပရိဘောဂများဖြည့်တင်းပေးခြင်း၊ ကျေးရွာဘက်စုံသုံး အဆောက်အအုံများ ဆောက်လုပ်ပေးခြင်း၊ တံတားများ တည်ဆောက်ပေးခြင်းနှင့် ရေသွယ်မြောင်းများ ဖောက်လုပ်ပေးခြင်း၊ အများသုံးနှင့် မိသားစုသုံး ယင်လုံအိမ်သာများ ဆောက်လုပ်ပေးခြင်းတို့ပါဝင်သည်။ ယင်းလုပ်ငန်းများနှင့် ပတ်သက်၍ စီမံကိန်းလျာထားချက်တွင် မပါဝင်သော ကျေးရွာများ၌လည်း ကူညီဆောင်ရွက်ပေးခြင်းဖြင့် Whhအဖွဲ့၏ စေတနာကို ပေါ်လွင်စေခဲ့သည်။ နမ္မတူမြို့နယ်အတွင်းရှိ ကောင်းဟုန်းကျေးရွာတွင် အမကကျောင်း တစ်ကျောင်း ဆောက်လုပ်ပေးခဲ့ရာ အလွန်ဝေးကွာသော မိုင်းမုကျေးရွာသို့ သွားရောက်၍ စာမသင်ရတော့သဖြင့် ကလေးငယ်များ ပျော်ရွှင်ခဲ့ကြသည်။ Whh မှ ၎င်းကလေးငယ်များအတွက်ကျောင်းဝတ်စုံများကိုပါ ထောက်ပံ့ပေးခဲ့သည်။

စိုက်ပျိုးရေးဆိုင်ရာပံ့ပိုးခြင်းကဏ္ဍတွင် စိုက်ပျိုးရေးသုံးကိရိယာများ ၊ ဓာတ်မြေဩဇာများ၊ မျိုးစေ့များပံ့ပိုးပေးခြင်း၊ တောင်သူသင်တန်း၊ တောင်သူဆင့်ပွားသင်တန်း၊ ဟင်းသီးဟင်းရွက်စိုက်ပျိုးနည်းသင်တန်းများ ပေးခြင်း၊ စပါးဘဏ်ထူထောင်ပေးခြင်း၊ သဘာဝအရင်းအမြစ်များ စီမံခန့်ခွဲမှုဆိုင်ရာ ပျိုးပင်များဖြန့်ဝေခြင်း၊ ခေတ်မီတောင်စောင်းစိုက်ပျိုးနည်း စံပြအကွက်များ ဖော်ထုတ်ပေးခြင်းတို့ ပါဝင်သည်။ စပါးဘဏ်ထူထောင်၍ မိုးတွင်းကာလ ဝမ်းစာအခက်အခဲရှိချိန်၌ ရွာသူရွာသားများအား ဖြန့်ဝေပေးနိုင်ခြင်းသည် ကောင်းမွန်သောလုပ်ဆောင်ချက်တစ်ခုဖြစ်သည်။ သင်တန်းများပို့ချရုံမျှမက တိုက်ရိုက်မျိုးစေ့ချစိုက်ပျိုးနည်းစနစ်ကို လက်တွေ့စိုက်ပျိုးပြသခြင်း၊ တမန်းနိုးခြင်း၊ ပေါင်းမြက်ရှင်းလင်းခြင်းတို့ကိုပါ ဆောင်ရွက်ပြသခဲ့ကြသည်။ မြေဆီလွှာအစိုဓာတ်ထိန်းခြင်း၊ သဘာဝမြေဩဇာအသုံးချခြင်းတို့ဖြင့် ရေရှည်တည်တံ့သော စိုက်ပျိုးရေးလုပ်ငန်းအဖြစ် သိရှိနားလည်စေရေး စာတွေ့လက်တွေ့ သင်ကြားပြသပေးခဲ့သည်။ သိန္နီမြို့နယ်အတွင်း၌ "ဝ " ဥနှင့် သစ်ခွတို့ကို စီးပွားဖြစ်စိုက်ပျိုးနေကြပြီ ဖြစ်သည်။

အသက်မွေးဝမ်းကျောင်းလုပ်ငန်းနှင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်းကဏ္ဍတွင် မိသားစုဝင်ငွေတိုးရေးအတွက် အလုပ်အကိုင်အခွင့်အလမ်းများပံ့ပိုးပေးခြင်း၊ လေ့လာရေးနှင့် သုတေသနလုပ်ငန်း၊ စွမ်းဆောင်ရည်မြှင့်တင်ခြင်းလုပ်ငန်း (လေ့လာရေးခရီးစဉ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲမှုဖွံ့ဖြိုးရေးသင်တန်း)၊ လက်ရှိအာဟာရအခြေအနေဆန်းစစ်ခြင်းနှင့် အာဟာရဖွံ့ဖြိုးရေးသင်တန်း၊ အိမ်တွင်းဥယျာဉ်စိုက်ပျိုးရေး၊ ကျန်းမာသန့်ရှင်းရေးသင်တန်းများပို့ချပေးခြင်းနှင့် ကျန်းမာရေးဆိုင်ရာပစ္စည်းများ ဖြန့်ဝေပေးခြင်းတို့ပါဝင်သည်။ ယင်းကဏ္ဍတွင်ပါဝင်သော ကလေးငယ်များ အာဟာရဖွံ့ဖြိုးရေးနှင့်ပတ်သက်၍ အရပ်နှင့် ကိုယ်အလေးချိန်များတိုင်းတာခြင်း၊ ဟင်းချိုမှုန့်အစားကြက်သားမှုန့်များသုံး၍ အာဟာရ ရှုထောင့်အမြင်မှ ချက်ပြုတ်ပြသသင်ကြားပေးခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

Welt hunger hilfe (Whh) အဖွဲ့၏ စီမံကိန်းလုပ်ငန်းများသည် EUအပါအဝင် အလှူရှင်နိုင်ငံများ၏ ထည့်ဝင်ငွေများပါဝင်သကဲ့သို့ ဂျာမနီနိုင်ငံ ပြည်သူပြည်သားများ၏ လှူဒါန်းငွေများလည်းပါဝင်သည်။ ဖော်ပြပါစီမံကိန်းဒေသများတွင် Whh အဖွဲ့က တည်ဆောက်ပေးထားပြီး ဖြစ်သော ရေတွင်း၊ ရေကန်များ ၊ မူလတန်းကျောင်းများ၊ ကြိုးတံတားများ၊ ဘက်စုံသုံး အစည်းအဝေးခန်းမများ၊ စံပြစိုက်ခင်းများကိုကြည့်၍ ဒေသခံပြည်သူလူထုကများစွာ ကျေနပ်အားရ ဝမ်းမြောက်ဝမ်းသာဖြစ်လျက်ရှိကြသည်။ ဆက်လက်၍လည်း ဒေသခံတိုင်းရင်းသားများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆထက်ထမ်းပိုးတိုးမြှင့်ဆောင်ရွက်နိုင်ပါစေကြောင်း တိုက်တွန်းရေးသားဖော်ပြအပ်ပါသည်။

■

# တန်ဖိုးပြောင်းလဲသွားသော စပါးခွံ

တင်မြင့် (ညောင်ကန်)

ခေတ်ကာလအလျောက် အရာရာကိုတိုးတက်မှုများ၊ ပြောင်းလဲမှုများရှိသကဲ့သို့ စပါးခွံ၏တန်ဖိုးပြောင်းလဲသွားပုံကိုလည်း သတိထားမိပါတယ်။ လွန်ခဲ့သော နှစ် (၆၀) က ချမ်းသာကြွယ်ဝသည့် သူဌေးစာရင်းဝင်သူများသည် ဆန်စက်ပိုင်ရှင်များဖြစ်ပါတယ်။ ထိုအချိန်က ဆန်စက်များမှာစပါးကို ဆန်အဖြစ် ကြိတ်ခွဲရာတွင် လောင်စာဆီ မကုန်ရပါ။ ရေနွေးငွေ့သုံးဘွိုင်လာစနစ် အင်ဂျင်များသာဖြစ်သည့်အတွက် ကုန်ကျစရိတ်အလွန်နည်းပြီး ချမ်းသာကြွယ်ဝကြပါတယ်။ လှူနိုင်တန်းနိုင်ကြ၍ ဘုရားဒကာ၊ ကျောင်းဒကာများအဖြစ် ခံယူနိုင်ကြတယ်။ စပါးခွံဖြင့် အပူပေးပြီးလည်ပတ်သော ရေနွေးငွေ့သုံးအင်ဂျင် (External Engine) ခေတ်ကပါ။

စာရေးသူစိုက်ပျိုးရေးသိပ္ပံတွင် လယ်ယာစက်မှုဌာနမှူး၊ အဆောင်မှူး တာဝန်ယူစဉ်ကာလက အဆောင်နေ ကျောင်းသား ကျောင်းသူများကို ထမင်းတစ်နပ်တစ်ကျပ်နှုန်းဖြင့်ကျွေးခဲ့ရပါတယ်။ အဲဒီတုန်းကတော့ ထမင်းဟင်းချက်တဲ့အခါ စပါးခွံမီးဖိုများကိုသုံးခဲ့ပါတယ်။ ကုန်သွယ်ရေးကဆန်ထုတ်တဲ့အခါတိုင်း ထွန်စက်ထော်လာဂျီပေါ် စပါးခွံများအပြည့်တင်ပြီးမှ ဆန်အိတ်တွေတင်ပြီး သယ်ယူပါတယ်။ စပါးခွံထော်လာဂျီတစ်စီးကို လုပ်အားခငါးကျပ်လောက်ပေးလိုက်ရင် အလုပ်သမားတွေ ကခုန်ပြီး တင်ပေးလိုက်ကြတယ်။ စပါးခွံက အလကားရတာကိုး၊ စပါးခွံကို မသုံးတတ်ကြသေးလို့။

အခုတော့ စပါးခွံကိုအသုံးပြုလာကြပါတယ်။ အဓိကကတော့ နိုင်ငံတကာအဆင့်မီ ဘောလုံးကစားကွင်းများအတွက် စပါးခွံကဖြစ်တဲ့စက်ဖွဲပြာနဲ့ သဲကို အဓိကထားပြီး ကော်ဇောလိုလိပ်လို့ရတဲ့မြက်ခင်းများကို အပြိုင်အဆိုင်စိုက်ပျိုးထုတ်လုပ်နေကြပါတယ်။ နိုင်ငံတစ်ဝန်းမှာရှိသမျှ ဂေါက်ကွင်းများမှာ စိုက်ပျိုးစဉ်ကာလမှာရော ပြုစုချိန်မှာရော စက်ဖွဲပြာဟာ မရှိမဖြစ် အသုံးပြုနေကြပါတယ်။

အရင်ကတော့ လူနေမှုအဆင့်အတန်းပေါ်မူတည်ပြီး သတ်မှတ်ရမည်ဟု ယူဆပါတယ်။ စားလို့ရတဲ့အပင်မစိုက်ရင် ဘာလုပ်မှာလဲလို့ ပန်းနှင့်အလှစိုက်သူများကိုရှုတ်ချခဲ့ကြပါတယ်။ အခုတော့ Endoor Plant နှင့် Land Scape များ အစိုက်များလာကြတဲ့အခါ အလိုလိုနှုတ်ဆိတ်သွားကြပါတယ်။ မြက်ခင်းကို တန်ဖိုးထားတတ်လာကြတယ်။ မြို့တိုင်းမှာလည်း ပုဂ္ဂလိကစိုက်ပျိုးခြံများ၊ စည်ပင်မှ ပျိုးခြံများ၊ ဌာနအသီးသီးမှ ပျိုးခြံများပေါ်များလှတယ်။ပျိုးထောင်တဲ့နေရာမှာလည်း စက်ဖွဲပြာကိုသုံးကြတယ်။ နိုင်ငံတော်ရဲ့ သာသနိကအဆောက်အအုံများမှာပင် မြက်ခင်းနှင့် အလှစိုက်အပင်စိုက်ပြီး လှလှပပတင့်တင့်တယ်တယ်ဖြစ်နေပါပြီ။ အရင်က ရန်ကုန်မြေပဒေသာနှင့် ပြင်ဦးလွင်လိုနေရာမျိုးမှာသာတွေ့ရတဲ့ မြင်ကွင်းတွေက အခုတော့ မြေယာရှုခင်းများဖြင့် ဖန်ဆင်းလိုက်သည့်အတွက် ရှု၍မဆုံး စိမ်းစိုလှပနေပါတော့တယ်။ ဆက်လက်၍လည်း အလှဆင်ကြဆဲပါပဲ။

စပါးခွံကိုကြိတ်ချေစက်ဖြင့် ကြိတ်ချေလိုက်ရင် တိရစ္ဆာန်အစာများဖြစ်သည့် ဖွဲ၊ ဆန်ကွဲတို့တွင် ရောထည့်၍ရပါသတဲ့။ ဒါကတော့ အစာရောင်းသူများက ပိုသိမှာပါ။ မြန်မာတွေက အရောအနှောပိုင်ပါတယ်။

အချို့သော ပျိုးခြံကြီးများမှာနိုင်ငံတော်၏ လိုအပ်သမျှ ပျိုးပင်များထုတ်လုပ်နိုင်ဖို့ အခြေခံလိုအပ်သော စက်ဖွဲပြာရအောင် ဖွဲမီးဖိုကြီးတွေ ငါးဖိုလောက်ထားပြီး ထုတ်လုပ်နေတာကို တွေ့ရပါတယ်။

ထို့ကြောင့် စပါးခွံပြောင်းလဲသွားပါပြီ။ စပါးခွံမှဖြစ်သောဖွဲ အလကားမရတော့ပါ။ တန်ဖိုးကိုသိ၍ အသုံးဝင်၍ အသုံးချလာကြခြင်းဖြစ်ပါတယ်။ ပြန်လည်ပြည့်ဖြိုးစွမ်းအင်အဖြစ် ယူဆ၍ရပါတယ်။ အော်ဂဲနစ်စိုက်ပျိုးရေး၏ အစိတ်အပိုင်းတစ်ခုဟုလည်း မြင်နိုင်ပါတယ်။

စက်ဖွဲပြာက ရိုးရိုးပြာနှင့်မတူဘူး။ မှုန့်မနေဘဲ အခဲလေးတွေ၊ ကာဗွန်ဓာတ်ပါတဲ့ ပိုတက်အခက်လေးတွေဆိုတော့ အစိုဓာတ်ကိုထိန်းနိုင်စွမ်းရှိတယ်။ ပျိုးပင်ပေါက်ကလေးတွေရဲ့ အမြစ်ကလေးတွေ တိုးဝင်ရလွယ်တယ်။ လေဝင်လေထွက်ကောင်းတော့ အောက်ဆီဂျင်ဓာတ်ပါရတယ်။ ပိုတက်ဓာတ်ရဲ့သတ္တိက အပင်ရဲ့ အရည်အသွေးမြင့်တင်ပေးပါတယ်။ အပွင့်ရဲ့ အရောင်အသွေးဆိုလည်း ပိုတောက်ပလာပါတယ်။ ရောဂါပိုးမွှားဒဏ်ကိုလည်း ခံနိုင်စွမ်းရှိတယ်။ စက်ဖွဲပြာကိုသဲနဲ့ရောပြီး ပျိုးတော့ သဲမှာပါဝင်တဲ့ စီလီကွန်ကလည်း အဲ့ဒီပိုတက်အစွမ်းလိုပါပဲ။

နောက်ပိုင်းမှာ ပျိုးပင်ငယ်များသယ်ယူတဲ့အခါမှာ ပေါ့ပါးပြီး များများသယ်နိုင်အောင်ထည့်လာကြပါတယ်။ အဲဒါကတော့ အုန်းဆန်ဖတ်ကိုမှုန့်နေအောင်စက်နှင့်ကြိတ်ပြီး အပင်အာဟာရများရောစပ်ထားတဲ့ ဆေးရည်မှာ စိမ်ပြီး ပျိုးထောင်လာကြပါတယ်။ ခရစ်စမတ်လိုအပင်ကိုင်းကလေးတွေကိုတော့ အခမ်းအနားတွေမှာလည်းသုံးတဲ့ ပန်းစိုက်ဖော့တုံးကလေးတွေလုပ်ပြီး အမြစ်ထွက်အောင်လုပ်ကြပြန်ပါတယ်။ ဒါကတော့ ကုန်ကျစရိတ်များတဲ့အတွက် စက်ဖွဲပြာကတော့ သက်သာပါတယ်။ ကွင်းကျယ်ကျယ်ကိုလည်း အသုံးပြုနိုင်ပါတယ်။ ပုလဲဓာတ်မြေသြဇာလေးကိုပါရောသုံးလိုက်ရင် မကြာခင် စိမ်းတက်လာတာပါပဲ။ စိမ်းစိုသာယာ ဤကမ္ဘာဖြစ်ဖို့ စက်ဖွဲပြာက အရာရောက်လှပါတယ်။ ရေရှည်အတွက်လည်း ကောင်းတဲ့အတွက် တန်ဖိုးတက်ပြီး အသုံးဝင်လာတာပါ။

ပိုတက်စီဓာတ်ဟာ အငန်ဓာတ်ပါ။ Soil PH ဆိုတဲ့ မြေကြီးရဲ့ချဉ်ငန်ဓာတ်မှာ မြေကြီးကိုစမ်းသပ်ကြည့်လိုက်လို့ အချဉ်ဓာတ်များရင်လည်း စက်ဖွဲပြာကိုထည့်ပေးနိုင်ပါတယ်။

ရေဝပ်တဲ့မြေတွေမှာ အပင်စိုက်မိရင် မှိုရောဂါများဖြစ်တဲ့ Verticilium Wilt လို့ခေါ်တဲ့ ပင်ညှိုးရောဂါ၊ Die back လို့ခေါ်တဲ့ ခက်ပဲ့ညွန့်ကျိုးရောဂါတွေ ဖြစ်လေ့ရှိပါတယ်။ အဲဒီလိုဖြစ်တဲ့ မြေမျိုးဆိုရင်လည်း ရေထွက်အောင်လုပ်ပြီး စက်ဖွဲပြာကိုထည့်ပေးလိုက်ရင် မြေရဲ့ဖွဲ့စည်းမှုကောင်းသွားပြီး ရောဂါကင်းစင်တဲ့ စိုက်ခင်းဖြစ်လာမှာပါ။

စက်ဖွဲပြာကိုဝယ်မယ်ဆိုရင် ထော်လာဂျီအလတ်စားနှင့် တစ်စီးကို ခရီးအနီးအဝေးလိုက်ပြီး သုံးသောင်းဝန်းကျင်ထိပေးရပါတယ်။ ကိုယ့်ထော်လာဂျီနှင့် ဆန်စက်ထိသွားသယ်ကြတာများပါတယ်။ ဂေါက်ကွင်းတွေမှာ သကြားစက်ရုံတွေကထုတ်တဲ့ ကြံမြှုပ်ချေး မြေသြဇာကိုလည်း အသုံးပြုလာကြပါတယ်။ ရေရှည်ကောင်းတဲ့ နည်းလမ်းများဖြစ်လို့ သစ်ဆွေးမြေသြဇာတွေ၊ အမှိုက်က မြေသြဇာပြုလုပ်တဲ့ နည်းလမ်းတွေကိုလည်း ကျယ်ကျယ်ပြန့်ပြန့်ထုတ်လုပ်ကြတာကို ကြိုဆိုရပါတယ်။ မန္တလေးမြို့ ရွှေတချောင်းရေပုပ်မြောင်းကလည်း အခုဆို သဘာဝမြေသြဇာတွေထုတ်နေတာသိရလို့ ဝမ်းသာအားရစရာပါပဲ။

ကွမ်းစိုက်ပျိုးရေးတွင်လည်း စက်ဖွဲပြာကို အသုံးပြုနိုင်ပါတယ်။ စပါးခွံကိုတိုက်ရိုက်အသုံးပြုနိုင်သော်လည်း ပုပ်နေတဲ့စပါးခွံက ပိုကောင်းပါတယ်။ စပါးခွံတွေကို အပုပ်ခံပုံကတော့ လေးဂါလန်ဝင်ပုံးတစ်ပုံးမှာ ပုလဲဓာတ်မြေသြဇာ လက်ဖက်ရည်ပန်းကန်တစ်လုံးစာထည့် ရေဖျော်ပြီး စပါးခွံများကို ပက်ဖျန်းပေးပါ။ နွားချေးမှာ ထည့်သွင်းရောမွှေပေးပါ။ စပါးခွံတစ်လွှာ၊ နွားချေးတစ်လွှာထည့်ပေးလည်းရပါတယ်။ သုံးရက်လောက်ကြာတော့ အသင့်သုံး (EM) အီးအမ်ဖျော်ရည်ပက်ဖျန်းပေးပြီး ပလတ်စတစ်နှင့် အုပ်ထားပါ။ နှစ်ပတ်ကြာရင် သုံးနိုင်ပါပြီ။ စပါးခွံမြေသြဇာ သုံးရင် အပင်တွေတောင့်တင်းခိုင်မာစေပြီး အစိုဓာတ်ကိုလည်း ထိန်းသိမ်းပေးနိုင်ပါတယ်။

အခြား ဥယျာဉ်ခြံသီးနှံ၊ လယ်ယာသီးနှံစိုက်သူများအတွက်လည်း မြန်မာပြည်မှာ စပါးမှစွန့်ပစ်ပစ္စည်း တစ်မျိုးဖြစ်တဲ့ စပါးခွံ၊ စပါးခွံမှ ဖြစ်တဲ့စက်ဖွဲပြာကို မဖြစ်မနေ သုံးသင့်ပါတယ်။ အပင်တွေမှာ အဓိကလိုအပ်ချက်ဖြစ်တဲ့ NPK သုံးမျိုးမှာ ငှက်ပျောကို သာဓကပြုပြောရရင် ငှက်ပျောတစ်ခိုင်မှာ ၆၆ ပေါင်အလေးချိန်ရှိ၊ အခိုင်ပေါင်း ၂၀၀ ထွက်တဲ့မြေမှာ နိုက်ထရိုဂျင် ၂၀ ဒသမ ၅ ပေါင်၊ ဖော့စပရပ် ၂၃ ဒသမ ၂ ပေါင်၊ ပိုတက် ၉၁ ဒသမ ၄ ပေါင် စားသုံးထိုက်တယ်လို့ သုတေသနတစ်ခုက ဆိုထားပါတယ်။ အရေးကြီးဓာတ်သုံးမျိုးမှာ ပိုတက်ဓာတ်ကို ပိုမိုစားသုံးကြတယ်လို့ ဆိုပါတယ်။ သိသူများဖော်စားကြလို့ စပါးခွံရှားသွားတာ အသုံးများလာလို့ပါ။ ။





Whh က တည်ဆောက်ပေးသော သိန္နီမြို့နယ် ပန်ဖက်ကျေးရွာ ကြိုးတံတား။

# Whh ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း

**မြင့်စိုး(နတလ)**

စစ်တက္ကသိုလ် ဗိုလ်လောင်းဘဝတွင် တပ်ခွဲလိုက်ပြိုင်ပွဲပေါင်းများစွာ ယှဉ်ပြိုင်ကြရသည်။ စစ်ရေးပြ၊ စာပေ၊ အားကစား၊ အဆောင်စစ် -------- စသည်ဖြင့်။ Intake တစ်ခုချင်းလည်း စာပေနှင့် အားကစားမှာ ပြိုင်ရသည်။ ပထမနှစ်တွေက နယ်ကျော်ပြေးပွဲ၊ ဒုတိယနှစ်တွေက ကျွမ်းဘား၊ တတိယနှစ်တွေက သေနတ်ပစ်၊ နောက်ဆုံးနှစ်တွေက ချေမှုန်းရေးစသည့်ဖြင့် ကိုယ့်တာဝန်ကိုယ်ယူ၍ ပထမရအောင် ကြိုးစားကြရသည်။ အားလုံးညီညွတ်မှုရှိမှသာ၊ အောင်မြင်မှသာ စစ်ရေးပြ (၄)မှတ်၊ စာပေ (၄)မှတ်၊ အားကစား(၄)မှတ်၊ အဆောင်စစ် (၄)မှတ် စသောအမှတ်ကြီး (၄)မှတ်စီရမည်။ အထက်ပါပြိုင်ပွဲကြီးများတွင် အမှတ်အများဆုံးရသော တပ်ခွဲက အောင်စစ်သည်အဆောင်တွင် နေခွင့်ရပြီး ကျန်တပ်ခွဲများက ဒုတိယ၊ တတိယ၊ စတုတ္ထအဆင့်ဖြင့် အဆောင်တွေ ပြောင်းကြရ၏။ ဘိတ်ချည်း တပ်ခွဲသည် ဗိုလ်လောင်းကုန်းအောက်က မြေစိုက်အဆောင်နီလေးတွေမှာ နေရပြီး ကန်စွန်းဥစိုက်စားသောတပ်ခွဲဟု နောက်ပြောင်ခြင်း ခံကြရတော့သည်။

အောင်စစ်သည်တပ်ခွဲဟူသော ဂုဏ်ကိုလိုချင်လွန်းသောကြောင့် အောင်ဇေယျတပ်ခွဲ အဆောင်စစ် ပထမရအောင် ကျွန်တော် ကြိုးစားခဲ့ဖူးသည်။ ညီငယ်ဗိုလ်လောင်းများ အကူအညီဖြင့် အဆောင်ပတ်လည်မြက်တစ်ပင်မှ မရှိရလေအောင်၊ ပန်းမန်များဖြင့် ဝေဝေဆာဆာဖြစ်နေအောင်၊ အဆောင်ထဲမှာ Kit ခင်းသည့်စောင်၊ ခြင်ထောင်၊ ခေါင်းအုံး၊ သေတ္တာ၊ ဖိနပ်တွေသူ့နေရာနှင့်သူ နေသားတကျရှိပြီး သန့်ရှင်းသပ်ရပ်နေအောင် ဝိုင်းဝန်းပြင်ဆင်ကြသည်။ ကျောက်စရစ်ခဲငယ်များဖြင့် နိုင်ငံတော်တံဆိပ်၊ မြန်မာပြည်မြေပုံ၊ ကနုတ်ပန်းခက်များပုံဖော်ပြီး ထုံးသုတ်ခဲ့သည်။ သုံးထပ်ဆောင်ကြီးပင်ဖြစ်လင့် ကစားအောက်ခြေပတ်ပတ်လည် သန့်ရှင်းရေးအတွက် သုံးပေအမြင့်ထိ နီညိုရောင်ဆေးများသုတ်သည်။ ရေချိုးကန်နားက မြေစိုက်အိမ်သာတွေ လေဝင်လေထွက်ကောင်းအောင်၊ အနံ့အသက် မရှိအောင်၊ ဝါးပိုးဝါးများဖြတ်တောက်ထည့်သွင်း၍ ခေါင်းတိုင်တွေ စိုက်ထူထားခဲ့သည်။ အဆောင်စစ်ဥက္ကဋ္ဌ ဗိုလ်မှူးခင်ရွှေ (သင်္ချာ ဌာနမှူး) နှင့်အဖွဲ့က သဘောကျပြီး အမှတ်တွေပေးသဖြင့် အဆောင်စစ်ပြိုင်ပွဲ ပထမရခဲ့သည်။ ထိုနှစ် ပြိုင်ပွဲတော်တော်များများတွင် ပထမရခဲ့သဖြင့် အောင်ဇေယျတပ်ခွဲသည် အောင်စစ်သည်တပ်ခွဲဖြစ်လာခဲ့ပါသည်။

စာမျက်နှာ ၆ သို့ » »

ရာသီစာ တည်ငင်းသီးနှင့် ကျန်းမာရေးအတွက် ဂရုပြုသင့်သော အချက်များ

စာမျက်နှာ ၂ သို့ » »



ရှမ်းပြည်နယ် စည်ပင်သာယာရေး ကော်မတီ ယာဉ်စက်ယန္တရားများ ထောက်ပံ့ပေးအပ်

စာမျက်နှာ ၃ သို့ » »



ချင်းပြည်နယ် ပန်းမွန်ချောင်း ရေသွယ်မြောင်းကြောင့် တောင်သူများအဆင်ပြေ

စာမျက်နှာ ၄ သို့ » »

မိုးကျလာပြီဖြစ်သည့်အတွက် ကုန်းပဲများ စတင်စိုက်ပျိုး

စာမျက်နှာ ၄ သို့ » »

VHSF
Smiles With Victoria
Alliance for Smiles

Victoria Health Support Foundation နှင့် အမေရိကန်နိုင်ငံ Alliance for Smiles Organization တို့
ပူးပေါင်းပြီး ဒုတိယအကြိမ်မြောက် နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာများကို
7th October 2014 မှ 16th October 2014 ထိ ဗိတိုရိယဆေးရုံ (Victoria Hospital) တွင်
အခမဲ့ ခွဲစိတ်ကုသပေးမည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။



စက်တင်ဘာလ ၁၅ ရက်နေ့အထိ နောက်ဆုံးစာရင်းပေးသွင်းနိုင်ပါသည်
အသေးစိတ်စုံစမ်းလိုပါက Hunt Line: +95 1 9666 141

# ၇၂၃ ဓမ္မသုခ ကွန်ဒို

# လှိုင်၊ ကားမွဲဈေးတန်းအနီး

## ဂရန်မြေ (၁) ဧကပေါ် ဆောက်ထား

## စုပေါင်းပိုင် အဆောက်အအုံ

## အဖြစ် မှတ်ပုံတင်မည့် ကွန်ဒို

## နိုင်ငံခြားသားကိုလွှဲပြောင်းရောင်းချလာနိုင်မည့်

# (၁၀) ခန်းကိုရောင်းချပေးမည်

(၇၂၃) ဓမ္မသုခကျောင်းလမ်း၊ လှိုင်မြို့နယ်။ လေ့လာနိုင်ပြီး
ဩဂုတ် ( ၂၂ )၊ ( ၂၃ )၊ ( ၂၄ ) ရက်တွင် ရောင်းမည်။

DEVELOPED BY
iGREEN
CONSTRUCTION




# ငွေပိုနေလျှင်ဘဏ်မှာမထားဘဲ

## (၁၈) သိန်းယူလာပြီး၊ အကျိုးအမြတ်ရှိမည့်

# 523 ခမ္မသုခ

တွင်ရင်းနှီးမြှုပ်နှံလိုက်ပါ။

DEVELOPED BY
iGREEN
CONSTRUCTION

လစဉ်( ၃၆ )သိန်း(၃)နှစ်ငွေ
ချေစနစ်ဖြင့်ရောင်းပေးမည်။

**ကရုဏာစင်တာ** ပညာ၊ ကျန်းမာ၊ ထောက်ပံ့စောင့်ရှောက်မှုနှင့် ကရုဏာကုသိုလ်ဖြစ်သေးခန်း တည်ဆောက်ခြင်းပါဝင်လှူဒါန်းနိုင်

MLFB Bank (SK-24)

## ဓမ္မသုခမဟာစည်သာသနာ့ရိပ်သာ ဝါတွင်းလစဉ်(၇)ရက် တရားစခန်းပွဲ

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဗိုလ်ချုပ်ပြတိုက်လမ်း၊ ရွှေကြက်ယက်ကျောင်းတိုက်ဝင်း၊ **ဓမ္မသုခမဟာစည်သာသနာ့ရိပ်သာ**၌ ဒုတိယအကြိမ် ဝါတွင်း ၇ ရက် တရားစခန်းကို ဒေါက်တာ အရှင်ကိတ္တိသာရ(ချောင်းဦးဆရာတော်)နှင့် ဓမ္မကထိကဆရာတော်များမှ ၁-၉-၂၀၁၄ ရက်မှ ၇-၉-၂၀၁၄ ရက်ထိ ကျင်းပမည်ဖြစ်ပါ၍ တရားအားထုတ်လိုသူများ ဖုန်း-၀၉-၅၀၀၅၀၅၉၊ ၀၉-၂၅၀၈၆၉၃၄၄ သို့ စာရင်းပေးသွင်းနိုင်ပါသည်။ စနေ၊တနင်္ဂနွေအားလပ်သူများ ယင်းနေ့များတွင် ညအိပ်လာရောက်အားထုတ်နိုင်ပြီး နေ့ယောဂီအဖြစ်လည်း အားထုတ်နိုင်ပါသည်။ **ယောဂီ ၂၅ ယောက်သာ လက်ခံပါမည်။**

Ph: 01-395061, 09-45002002, 09-73233033, 09-8003415, 09-450068708, 09-2044109




ISO 9001 : 2008 Quality Management System

**TOKYO PIPE, Myanmar pipes & Accessories company ၏ နိုင်ငံတကာ အသိအမှတ်ပြု အရည်အသွေး စီမံခန့်ခွဲမှုစနစ် (ISO 9001: 2008) လက်မှတ်ရရှိခြင်းအတွက် အထူးပင် ဂုဏ်ယူ ဝမ်းမြောက်ပါကြောင်း**

| | | | | |
|---|---|---|---|---|
| ဦးအောင်စိန်လင်း | ဦးအောင်စိန် | ဦးသန်းထွန်းဦး | ဦးစိန်အောင် | ဦးအောင်ကျော်မြင့် |
| ဦးအောင်စိန်ထွန်း | ဦးအောင်တင် | ဦးရွှေဘိုး | ဦးမြင့်ဆွေ | ဦးထွန်းမြင့် |
| ဦးအောင်ကြည်မြင့် | ဦးအောင်ကောင်းစိန် | ဦးခင်အောင် | ဦးချမြင့် | ဦးမောင်မောင်လေး |
| ဦးကျော်စိုး | ဦးကြိမ်လှိုင် | ဦးချမ်းအေး | ဦးလေးလွင် | ဦးကျော်ထွန်းအောင် |
| ဦးအေးထွန်း | ဦးအောင်ကြီး | ဦးကျော်ဝင်းစိုး | ဦးကြည်သိန်း | ဦးလှထွန်း |
| ဦးလှဝင်း | ဦးခင်မောင်လှ | ဦးအောင်စိုးသိန်း | ဦးစိန်ဝင်း | ဦးကိုကိုကြီး |

**အကျိုးဆောင်** ကို Internet မှဖတ်ရှုနိုင်ပြီ

www.akhyoenaungjournal.com

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆၃-စက်မှုဇုန်၊ မြေကွက်အမှတ်(၁၁၅၀)၊ မြေကွက်တည်နေရာ အမှတ်(၁၁၅၀)၊ (၆၃)ရပ်ကွက်၊ ဒဂုံတောင်မြို့နယ် [ဒေါ်ဘက်စီလာဂျင်(န်)(ခ)ဘက်စီတီတပ်(စ်)]အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်ဘက်စီလာဂျင်(န်)(ခ)ဒေါ်ဘက်စီတီတပ်(စ်)ကွယ်လွန်သဖြင့် ဦးမောင်ဖြူ(ခ)SILVA RAJAN [၁၂/ဗတထ(နိုင်)၀၃၀၈၃၉]က ခင်ပွန်းတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ ဦးမောင်ဖြူ(ခ)SILVA RAJAN၏ (GP)၁၈၁၀၄/၃-၇-၂၀၁၄ ရသူ ဒေါ်သဇင်ဝေဖြိုးအောင်[၁၂/တတထ(နိုင်)၀၀၄၉၇၁]မှ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

# ကျေးဇူးအထူးတင်ရှိခြင်း

## ဒေါ်ခင်ခင်

**အသက်(၉၅)နှစ်**

**တောင်ငူမြို့**

၄-၈-၂၀၁၄ရက်(တနင်္လာနေ့)တွင် ကွယ်လွန်သွားသော မိခင်ကြီး ဒေါ်ခင်ခင်အတွက် ဝမ်းနည်းကြောင်းကြော်ငြာ ထည့်ပေးပါသော ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းဥက္ကဋ္ဌနှင့် ဗဟိုကော်မတီများ၊ မျိုးဆက်သစ်အင်ဂျင်နီယာများ၊ စွယ်တော်ရိပ်ဖောင်ဒေးရှင်း အလုပ်အမှုဆောင်ကော်မတီဝင်များ၊ သထုံမြို့နယ်အသင်း(ရန်ကုန်)၊ ဦးကြင်ဦး(နာယက) မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်၊ မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ် အမှုဆောင်များ၊ တာမွေကြီး ကျန့်တိတ်ဗုဒ္ဓဘာသာဘုရားကျောင်း ဂေါပကအဖွဲ့နှင့် နဂါးခြသေ့်လူငယ်များအဖွဲ့၊ ဖော်ပစ်တိုင်းထောင် ဗီဒီယိုမိသားစု၊ ရဲမှူးကြီး ဦးဝင်းမြင့်(ငြိမ်း) ဥက္ကဋ္ဌနှင့်အမှုဆောင်အဖွဲ့၊ အစိုးရအမှုထမ်းဟောင်း(အငြိမ်းစား)များအသင်း (ပြင်ဦးလွင်)၊ သမားတော်ကြီးဦးသောင်းနိုင်-ဒေါ်ခင်သိန်း မိသားစု(အောင်ဇေယျာဆေးတိုက်)၊ ဂရိတ်ဝေါတိုင်းရင်းဆေး၊ ရုပ်ပျိုတိုင်းရင်းဆေး၊ ထွန်းရွှေဝါတိုင်းရင်းဆေး၊ မောရိယတိုင်းရင်းဆေး၊ စန္ဒီပရဆေး၊ ကေသီပန်တိုင်းရင်းဆေး၊ အေးငြိမ်းသီတာတိုင်းရင်းဆေး၊ ဦးသာရင်ဆေးတိုက်၊ အဘထတိုင်းရင်းဆေး၊ Ki Ki Myanmar၊ မှန်ချိုတိုင်းရင်းဆေး၊ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ရှင်သာမဏေကျန်းမာရေးဝန်ဆောင်မှု အထောက်အကူပြုအဖွဲ့၊ အဟံ-အဖွဲ့ချုပ်၊ အကျိုးတော်ဆောင်အဖွဲ့ ဓမ္မပါလဓမ္မာရုံ၊ သုတထက်လင်း စာကြည့်တိုက်နှင့် အိမ်ရာကော်မတီTOSTAအိမ်ရာ၊ (၆၅)ရပ်ကွက်၊ တောင်ဒဂုံ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဒဂုံတောင်၊ ဦးကိုလေး-ဒေါ်ခင်ခင်မော်မိသားစု(JKL)၊ ဥက္ကဋ္ဌနှင့်ကော်မတီဝင်များ ဒဂုံတောင်စက်မှုဇုန် အမှတ်(၂)စီမံခန့်ခွဲရေးကော်မတီ၊ သက်န်းလှူဖွယ်ပစ္စည်းများ ပေးပို့သော မိတ်သင်္ဂဟများ၊ ကျေးဇူးတင်ထိုက်သူများအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း။

**ဒေါက်တာခင်မောင်ထွန်း-ဒေါ်ဥမ္မာသန်း**

**ထက်လင်းဆေးတိုက်မိသားစု**

## ၂၀၁၃ ခုနှစ်၊ မေလအတွင်း ကျင်းပခဲ့သော ပဉ္စမအကြိမ် ကိုရီးယားဘာသာ အရည်အချင်းစစ်စာမေးပွဲ EPS-TOPIK ဖြေဆိုအောင်မြင်ပြီး အလုပ်ခေါ်စာစောင့်ဆိုင်းနေသူများအတွက် အသိပေးကြေညာချက်

၁။ ကိုရီးယားသမ္မတနိုင်ငံရှိ ကုန်ထုတ်လုပ်ငန်း၊ စိုက်ပျိုးရေး/မွေးမြူရေးလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်းများ၌ ပေါ်ပေါက်မည့် အလုပ်အကိုင်များအတွက် ၂၀၁၃ခုနှစ်၊ မေလ (၁၈) (၁၉)ရက်တွင် ကျင်းပပြုလုပ်ခဲ့သည့် ပဉ္စမအကြိမ် ကိုရီးယားဘာသာအရည်အချင်းစစ် စာမေးပွဲ EPS-TOPIK ဖြေဆိုအောင်မြင်ခဲ့ကြသူများအနက် အလုပ်လျှောက်လွှာတင်သွင်းခဲ့သူများ၏ တန်းစီဇယားသည် (၁)နှစ်ပြည့်ခဲ့ပြီး ဖြစ်ပါသည်။ အဆိုပါ အလုပ်လျှောက်ထားသူများအနက် အလုပ်ခေါ်စာမရရှိသေးသူများသည် ကျန်ရှိသောစာမေးပွဲသက်တမ်းကာလဖြစ်သည့် ၂၀၁၅ခုနှစ်၊ မေလအထိ ကာလအတွက် ပြန်လည်မှတ်ပုံတင်ရန် လိုအပ်မည်ဖြစ်ပါသည်။

၂။ သို့ပါ၍ ပဉ္စမအကြိမ် ကိုရီးယားဘာသာစကားစာမေးပွဲ EPS-TOPIK အောင်မြင်ပြီး အလုပ်ခေါ်စာစောင့်ဆိုင်းနေသူများ၊ လျှောက်လွှာစတင်စဉ်က ဆေးမအောင်ခဲ့သူများနှင့် အကြောင်းကြောင်းကြောင့် လျှောက်လွှာမတင်ဖြစ်ခဲ့သူများသည် EPS စနစ်အရ ထပ်မံ၍ အလုပ်လျှောက်လွှာတင်သွင်းရန်အတွက် ရန်ကုန်တိုင်းဒေသကြီး၊ အမှတ်(၈/၁)၊ နဂါးရုံဘုရားလမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်ရှိ အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီရုံးသို့ ၂၈-၈-၂၀၁၄ ရက်မှ ၆-၉-၂၀၁၄ ရက်အထိ ကာယကံရှင်ကိုယ်တိုင် လာရောက်ဆက်သွယ်ပါရန်နှင့် ဖော်ပြပါလိပ်စာတွင် လျှောက်လွှာများထုတ်ပေးခြင်း/လက်ခံခြင်းများကို အောက်ပါအစီအစဉ်အတိုင်း နေ့စဉ် ၉း၃၀ နာရီမှ ၁၇း၀၀နာရီထိ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရှိနိုင်ပါရန် အသိပေးကြေညာအပ်ပါသည်-

(က) အလုပ်လျှောက်လွှာထုတ်ပေးမည့်ရက် - ၂၈-၈-၂၀၁၄ရက်မှ ၃၀-၈-၂၀၁၄ရက်အထိ

(ခ) အလုပ်လျှောက်လွှာပြန်လည်လက်ခံမည့်ရက် - ၁-၉-၂၀၁၄ရက်မှ ၆-၉-၂၀၁၄ရက်ထိ

၃။ အလုပ်လျှောက်လွှာများအား အောက်ပါနေ့ရက်များအလိုက် ယှဉ်တွဲဖော်ပြပါ စာမေးပွဲဖြေဆိုခဲ့သော ခုံနံပါတ်များအတိုင်း ထုတ်ပေးပါမည်-

| | | | |
|---|---|---|---|
| (က) | ၂၈-၈-၂၀၁၄ရက် | ခုံအမှတ် | ၁၀၀၀၀၀၁၉မှ ၁၀၀၀၄၁၀၁ထိ |
| (ခ) | ၂၉-၈-၂၀၁၄ရက် | ။ | ၁၀၀၀၄၁၀၂မှ ၁၀၀၀၆၁၈၁ထိ |
| (ဂ) | ၃၀-၈-၂၀၁၄ရက် | ။ | ၁၀၀၀၆၁၈၃မှ ၁၀၀၀၈၂၂ထိ |

၄။ အောက်ပါနေ့ရက်များအလိုက် ယှဉ်တွဲဖော်ပြထားသည့် စာမေးပွဲဖြေဆိုခဲ့စဉ်က ခုံနံပါတ်များအတိုင်း လျှောက်လွှာပြန်လည် တင်ရမည်-

| | | | |
|---|---|---|---|
| (က) | ၁-၉-၂၀၁၄ရက် | ခုံအမှတ် | ၁၀၀၀၀၀၁၉မှ ၁၀၀၀၂၅၅၀ထိ |
| (ခ) | ၂-၉-၂၀၁၄ရက် | ။ | ၁၀၀၀၂၅၅၅မှ ၁၀၀၀၄၁၀၁ထိ |
| (ဂ) | ၃-၉-၂၀၁၄ရက် | ။ | ၁၀၀၀၄၁၀၂မှ ၁၀၀၀၅၂၁၃ထိ |
| (ဃ) | ၄-၉-၂၀၁၄ရက် | ။ | ၁၀၀၀၅၂၁၄မှ ၁၀၀၀၆၁၈၁ထိ |
| (င) | ၅-၉-၂၀၁၄ရက် | ။ | ၁၀၀၀၆၁၈၃မှ ၁၀၀၀၇၁၁၃ထိ |
| (စ) | ၆-၉-၂၀၁၄ရက် | ။ | ၁၀၀၀၇၁၁၈မှ ၁၀၀၀၈၂၂ထိ |

၅။ **လျှောက်လွှာထုတ်ယူရာတွင် သတိပြုရမည့်အချက်များ-**

(က) လျှောက်လွှာအား ကာယကံရှင်ကိုယ်တိုင် နိုင်ငံကူးလက်မှတ်၊ စာမေးပွဲဖြေဆိုခွင့်ဖြတ်ပိုင်းများနှင့်အတူ ပြသထုတ်ယူရမည်။

(ခ) ဓာတ်ပုံရိုက်ခြင်းအား သတ်မှတ်ပုံစံအရွယ်အစား (၃. ၅စင်တီမီတာ×၄. ၅စင်တီမီတာ) အတိုင်း ရိုက်ကူးရပါမည်။

(ဂ) ကျန်းမာရေးဆေးစစ်ခြင်းအား သတ်မှတ်ထားသည့် ဆေးခန်းများ၌သာ ပြုလုပ်ရပါမည်။

၆။ **လျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်းများ-**

(က) အလုပ်လျှောက်လွှာနှင့် ပတ်စ်ပို့ဓာတ်ပုံ(၆)ပုံ။

(ခ) ကျန်းမာရေးဆေးစစ်ချက်မှတ်တမ်းမူရင်းနှင့်မိတ္တူ။

(ဂ) နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းနှင့် မိတ္တူ။

(ဃ) နိုင်ငံကူးလက်မှတ်မူရင်းနှင့်မိတ္တူ(နိုင်ငံကူးလက်မှတ်သက်တမ်းအနည်းဆုံးတစ်နှစ်ကျန်ရှိရမည်။)

(င) ကိုယ်ပိုင် Bank Account ဖော်ပြရမည်ဖြစ်သဖြင့် ကိုရီးယားသမ္မတနိုင်ငံရှိ ဘဏ်တစ်ခုခုနှင့် ချိပ်ဆက်ထားသည် မြန်မာနိုင်ငံတွင်းရှိ နိုင်ငံပိုင်/ပုဂ္ဂလိကဘဏ်တစ်ခုခုတွင် Passport ပါအမည်အတိုင်း ဖွင့်လှစ်ထားသည့် ကိုယ်ပိုင်ဘဏ်ငွေစာရင်း စာအုပ်မူရင်း/မိတ္တူပူးတွဲတင်ပြရန်။

(စ) အိမ်ထောင်စုဝင်ဇယားမူရင်းနှင့်မိတ္တူ။

(ဆ) ပညာအရည်အချင်း အထောက်အထားမူရင်းနှင့်မိတ္တူ။

(ဇ) စက်မှု၊ လက်မှုပညာရပ်ဆိုင်ရာ ကျွမ်းကျင်မှုအထောက်အထားရှိက မူရင်းနှင့်မိတ္တူ။

(ဈ) အခြားအလုပ်ခွင် Training သင်တန်းဆင်းလက်မှတ်များရှိက မူရင်းနှင့်မိတ္တူ။

၇။ အလုပ်လျှောက်လွှာတွင် အချက်အလက်များ မှန်ကန်စွာဖြည့်စွက်ဖော်ပြရန် လိုအပ်ပါသည်။ မှားယွင်းစွာဖော်ပြဖြည့်စွက်ခဲ့ပါက ကာယကံရှင်၏ တာဝန်သာဖြစ်ပါမည်။ သတ်မှတ်ရက်ထက်ကျော်လွန်၍ တင်ပြလာသည့် လျှောက်လွှာများအား တာဝန်ယူဆောင်ရွက်ပေးမည်မဟုတ်ပါ။

♦ အလုပ်လျှောက်လွှာ တင်သွင်းခြင်းနှင့်ပတ်သက်၍ သိရှိလိုသော အချက်များရှိပါက အောက်ပါ ဖုန်းနံပါတ်များသို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

**အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီ**

**အလုပ်သမားညွှန်ကြားရေးဦးစီးဌာန**

**ဖုန်း-၀၁-၆၆၇၇၅၄၊ ၀၁-၆၅၆၈၄၃**

**စာအုပ်စာပေလူ့မိတ်ဆွေ**

**အမည်ပြောင်း**

ထားဝယ်ခရိုင်၊ သရက်ချောင်းမြို့နယ်၊ ကျွဲဖပ်ရွာ၊ မြိတ်-ထားဝယ်လမ်းနေ ဦးငွေးကို-ဒေါ်သီတာခိုင်တို့၏သမီး ကျွဲဖပ်၊ အလက၊ ပဉ္စမတန်း(ခ)မှ မအိမ့်မှူးအေးအား မအိမ့်မှူးအိမ်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မအိမ့်မှူးအိမ်**